www.burmeseclassic.com

ခင်း စိန် ... ရပ်မှန်များ



# ထောင်ပြေး မင်းအောင်

နှင့်

# ကိုးတံခါးလူရှင်သင်္ချိုင်း

BURMESE CLASSIC .com

စံ-ဇာဏီဘို

www.burmeseclassic.com

www.burmeseclassic.com

# ထောင်ပြေးမင်းအောင်

## နှင့်

# ကိုးတံခါးလှူရှင်သချိုင်း

BURMESE CLASSIC .com

စံ-ဇာဃီဘို

ဒအာဖက်တာပေအိမ်

www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

**ပုံနှိပ်သူ**

ဦးဇော်မြင့်ထွန်း (အေဇက်ပုံနှိပ်တိုက်-၀၀၂၄၁)
အမှတ် (၁၁၈)၊ ၄-လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

**ထုတ်ဝေသူ**

ဦးဇော်မြင့်ထွန်း (အေဇက်စာပေ) (၀၁၆၉၉)
အမှတ် (၂၁၉/ခ)၊ ၃၆-လမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အကြိမ်**

၂၀၁၇-ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ်

**တန်ဖိုး**

၂၀၀၀ ကျပ်

**အုပ်ရေ**

၁၀၀၀ အုပ်

**ဖြန့်ချိရေး**

**အေဇက်စာပေအိမ်**

အမှတ် (၂၁၉/ခ)၊ ၃၆-လမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၃၁၀၄၁၄၆၊ ၀၉ ၇၃၀၇၀၂၁၆


# မာတိကာ


| | |
|---|---|
| စက်တိုင်ပန်းခြံ ဥယျာဉ်မှူး | ၁ |
| ကိုးတံခါးနှင့် လူရှင်သချိုင်း | ၁၆ |
| စတုတ္ထတံခါးမှ အလွန် | ၃၀ |
| ထောင်ဝင်စာ | ၄၅ |
| စစ်ခွေးတိုက်နှင့် မော်လမြိုင်ခြေကျင်း | ၆၀ |
| ပုံစံထောင် | ၇၃ |
| ခွေးတို့ရဲ့ စစ်ခွေးတိုက် | ၈၅ |
| မြောက်ကိုရီးယားနည်းနှင့် ထောင်ပြေးခြင်း | ၉၇ |
| ချေးခြောက်ရေနွေး | ၁၀၈ |
| လူပေါင်းများသောည | ၁၁၇ |
| ထောင်နန်းဘုံမှ ထွက်ပြေးသူ | ၁၂[illegible] |
| ရွှေဒင်္ဂါးနိဂုံး | ၁၅၅ |


www.burmeseclassic.com

www.burmeseclassic.com

## ထုတ်ဝေသူ အမှာ

ထောင်ဆိုသည်မှာ "နေတတ်လျှင် ကျေးနပ်စရာကောင်းသောနေရာ" ဟု ဆိုကြသူများက ဆို၏။ "ခပ်ညှံ့ညှံ့တည်းခိုခန်းတစ်ခု" ဟု သတ်မှတ်သူက သတ်မှတ်၏။ "ဘဝတက္ကသိုလ်" ဟု စာဖွဲ့သူက ဖွဲ့၏။ "လူရှင်သင်္ချိုင်း" ဟူ၍ ဆိုသူကလည်း ဆို၏။ စင်စစ် ထောင်ဆိုသည်မှာ "လောကငရဲ" တည်းဟု ဆရာ စံ-ဇာဏီဘိုက ဤစာအုပ်တွင် သုံးသပ်ပြထားသည်။

ငရဲဟုဆိုလျှင် ဒုစရိုက်သမားများ၊ ဆိုးသွမ်းသူများသာ ရောက်ရမည့်နေရာဟု လူအများက သတ်မှတ်ကြပေမည်။ ဇာကယ်တော့လည်း ဤသို့ တရားသေ ယူဆ၍မရပေ။ အကြောင်းမှာ ၁၉၈၈-ခုနှစ် စစ်အာဏာသိမ်းအစိုးရလက်ထက်တွင် ရဟန်းသံဃာတော်များ၊ တက္ကသိုလ် ကျောင်းသား/ကျောင်းသူများနှင့် ပြည်သူ့အကျိုးလိုလားသော နိုင်ငံရေးသမားများပင် ဤလောကငရဲခန်းတွင် စံမြန်းကြရသောကြောင့် ဖြစ်ပေသည်။

ထိုအထဲတွင် နိုင်ငံရေးပုဒ်မများဖြင့် ဖမ်းဆီးခံရသူ ဆရာ စံ-ဇာဏီဘိုလည်း တစ်ဦးအပါအဝင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာ စံ-ဓာဏီဘိုသည် ယခုအထိ သူရောက်ခဲ့သော 'လောကငရဲ' ကို မှတ်မှတ်ထင်ထင် ရှိနေဆဲဖြစ်၏။ သူတွေ့ကြုံခဲ့ရသော ထောင်တွင်းအတွေ့အကြုံ ဖြစ်ရပ်မှန်များကို စာတစ်စောင်ပေတဖွဲ့ ရေးသားပြုစုလာသည်။ ဤစာအုပ်၌ ထောင်တွင်းရက်စက်သော ပြစ်ဒဏ်ပေးပုံများ၊ နိုင်ငံရေးသမားများနှင့် အခြားအကျဉ်းသားများ ဆက်ဆံရေး၊ ထောင်မှထွက်ပြေးလွတ်မြောက်ခဲ့သူများ၊ ထွက်ပြေးသော်လည်း မလွတ်မြောက်၍ ပြစ်ဒဏ်ပေးခံရသူများနှင့် ထောင်တွင်း နေထိုင်မှုများကို ပြည့်စုံစွာ ရေးသားထားသည်။ အင်းစိန်ထောင် (လောကငရဲ) ၏ ရက်စက်မှုများကို ဖတ်ရှုရသည်မှာ ထိတ်လန့်မှုရစေ၏။ နာကျင်မှုကို ကူးစက်ခံစားရ၏။

အထူးသဖြင့် ထောင်ပြေးမင်းအောင်၏ ဘဝနှင့် သူ၏ ချစ်မေတ္တာအကြောင်း ရေးဖွဲ့ထားသည်မှာ ကြေကွဲလွမ်းဆွတ်ဖွယ်ခံစားမှုကို ပေးစွမ်းနိုင်သဖြင့် စာဖတ်သူ၏ ရင်ထဲ၌ ယူကြုံးမရ လွမ်းလှုလှု ခံစားကျန်ရစ်စေသည်။

စာရှုသူများကိုလည်း ဤသို့ရသစုံ ခံစားရရှိစေပြီး ၁၉၈၈-ခုနှစ်ဝန်းကျင် စစ်အာဏာရှင်လက်ထက် အင်းစိန်ထောင်တွင် အမှန်တကယ် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များအား သိရှိခံစားနိုင်ကြမည်ဟု ယုံကြည်သဖြင့် ဤစာအုပ်ကို ဝမ်းမြောက်ဝမ်းသာ ထုတ်ဝေ၍ စာဖတ်သူများလက်သို့ အရောက်ပို့လိုက်ရပါသည်။

မြင့်ဝင်းမောင် (AZ)
(ထုတ်ဝေသူ)

## စက်တိုင်ပန်းခြံ ဥယျာဉ်မှူး

အင်းစိန်ထောင်ကြီးအတွင်း၌ လှပစွာလှပသော ပန်းဥယျာဉ်ကြီးရှိသည်။ ရာသီအလိုက် လှပစွာပွင့်သော ဥယျာဉ် ပန်းမန်တို့ကို စနစ်တကျမြေဩဇာကောင်းခတ်၍ မြေဩဇာကျွေးကာ ပန်းတို့ကို ထာဝရပွင့်လန်းစေ၏။ မြေလှော်ပန်း၊ မြေကပ်ပန်းမှအစ အရောင်အသွေးစုံလှသော ပန်းတို့သည် အလုပ်ကြမ်းနှင့် အပြစ်ဒဏ်ခံရသည့် ထောင်သားများ၏ ရေလောင်းပေါင်းသင် ထိန်းသိမ်းပြုစုခြင်းဖြင့် ပန်းမြို့တော်ဟုဆိုအပ်သော မေမြို့ ယခု (ပြင်ဦးလွင်)ရှိ ကန်တော်ကြီးပန်းဥယျာဉ်နှင့် အလှချင်း မကွာလှ။ စိမ်းလန်းသော အလှစိုက် မြက်ခင်းပြင်တို့သည်လည်း လမ်းတစ်ဖက်တစ်ချက်၌ တင့်တယ်လှပ၏။ အင်းစိန်ထောင် မြေသည် မြေနီဖြစ်သည်။ အခါမလပ် ဖုန်မှုန့်မထအောင် ရေဖျန်း၍ လမ်းကို ဒင်နှင့်ဆောင့်ဖိထားပေရာ ရောင်စုံပန်း၊ မြက်ခင်းစိမ်းနှင့် အနီရောင်မြေနီလမ်းလေးသည် လှပစွာတင့်တယ်၏။ ထိုဥယျာဉ်ထဲ၌ အတင့်တယ်ဆုံးသော ပန်းတို့သည်ကား အမျိုးကောင်း၍ လှပစွာလှပသည့် နှင်းဆီပန်းပင်ကြီးများပေတည်း။ အပွင့်တို့သည် လှပစွာကြီးမား၍ အရောင်စုံလင်၏။ နှင်းဆီခင်းမှထွက်သော ပန်းရနံ့သည် ပိတုန်း၊ လိပ်ပြာမဆိုထားနှင့် အနီးအနားမှ ထောင်သားများကိုပင် ညှို့ငင်နိုင်စွမ်းရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာသည်ကား ထောင်ဝင်းတစ်ခုလုံး၏ အတင့်တယ်ဆုံး၊ အလှပဆုံးနေရာဖြစ်သည်။ ရောက်ရှိသူတိုင်း အသက်ရှူမှားမတတ် ရင်သပ်ရှုမောဖွယ်အလှရှိသည်။ ဤနေရာသည်ပင် လူသားတို့၏ အသက်ကို ကြိုးနှင့် ချည်နှောင်ဆွဲယူ တန်းလန်းချကာ အပြီးအပိုင်သိမ်းယူသည့် စက်တိုင်နေရာ ဖြစ်သည်။

'စက်တိုင်ပဲ တက်ရ တက်ရ' ဟု ဟစ်ကြွေးကြုံးဝါးတတ်၍ ခေါကြိမ်းကြိမ်းကာ မိုက်မာန်ပြသူတို့အား သေဒဏ်ပေးသော နေရာကို 'စက်တိုင်' ဟု ခေါ်ဆိုညွှန်း၏။ ထောင်အတွင်း၌ 'စက်တိုင်' ကို 'ကြိုးစင်' ဟုခေါ်၏။

စက်သီးမှ ကြိုးကွင်းချထား၏။ သေဒဏ်ပေးခံရသော သူကို ဦးခေါင်းအား အဝတ်စွပ်၍ လက်ပြန်ကြိုးတုပ်ကာ ကြိုးစင်ပေါ်သို့ ထောင်ဝါဒါတို့မှ ညှပ်ခေါ်ကာ လှေကားအတိုင်း တက်စေ၏။ ကြိုးစင်ပေါ်ရှိ အံဖုံးတံခါးအပေါက်ပေါ်တွင် မတ်တပ်ရပ်စေ၏။ လည်ပင်းတွင် ကြိုးကွင်းကို စွပ်၏။ ကျနသေချာစွာ ကျစ်ထားသော ကြိုးဖြစ်သည်။ ကျစ်လျစ်ခိုင်မာ၏။ ချောမွေ့၏။ မေးအောက် လည်မျိုနေရာ၌ စက်သီးမှတစ်ဆင့် ခပ်တင်းတင်းချည်နှောင်ထား၏။ ကြိုးကို ခိုင်မာအောင် သေချာစစ်ဆေး၏။ ကြိုးပေးသောအခါတွင် ကြိုးကွင်းမှ လွတ်၍ လျှောကျသွားကလည်းကောင်း၊ ကြိုးပြတ်ကျသွားကလည်းကောင်း ထိုသူလွတ်၏။ သေစား သေစေဟူသော အမိန့်ကား ထိုသို့ကြိုးပြတ်ကျသွားကလည်း မလွတ်။ ပြန်၍ သေဒဏ်ပေးရသည်။ ကြိုးတန်းလန်းနှင့် အချိန်ကြာမြင့်စွာ မသေသည့် 'ငတို' ကဲ့သို့ အသက်ပြင်းသော သူများကို တာဝန်ကျပါးကွက်သား ထောင်ဝါဒါများက စစ်ဖိနပ်နှင့်



ပခုံးပေါ်မှနင်းကာ လည်မျိုကြိုးကို ပိုမိုတင်းစေရန် အသက်သေသည်အထိ ပြုရ၏။ ကြိုးစင်ကြမ်းပြင်ပေါ်ရှိ အံဖုံးတံခါးအား ဖွင့်ချလိုက်က လည်ပင်းကြိုးတန်းလန်း ဆွဲထားသော သူသည် အောက်သို့ ဝုန်းကနဲ ပြုတ်ကျသွားသည်။ ကြမ်းပြင်ထက်၌ လည်ပင်းပေါ်က အောက်ပိုင်း၌ လူ့ခန္ဓာကိုယ်တန်းလန်းကျစေ၏။ ဤသို့ လည်မျိုကြိုးပေးသောနေရာနှင့် ကြမ်းပြင်တစ်သားတည်း ညီအောင် စက်သီးမှတစ်ဆင့် ကြိုးချထား၏။ တော်ရုံမသေသော် ဘေးမှ ဝါဒါတို့မှ ပခုံးနင်း၍ အသက်သေစေရန်ဖြစ်သည်။

သေဒဏ်ပေးသည့် တရားသူကြီး၊ ရဲအရာရှိ၊ ဆရာဝန်ကြီး၊ ထောင်အရာရှိတို့မှ ဦးစီးကာ သေဒဏ်ပေးသည်။ သေဒဏ်အမိန့်ပြန်တမ်းကို ဖတ်ပြီးသကာလ ကြိုးစင်တွင် တပ်ဆင်ထားသော စက်မောင်းခလုတ်ကို ဆွဲကာ ကြမ်းခင်းကို ဝုန်းကနဲပွင့်စေကာ ကြိုး၌ သေစေ၏။ ကြိုးနှင့်သေသော သူ၏ ခြေဖျားတို့သည် တဆတ်ဆတ်လှုပ်ခါကာ နောက်ဆုံးငြိမ်ကျသွားသည်။ ဆီးတွင်မက သုတ်ပါထွက်သည်။ မစင်များထွက်သည်။ သက်ဆိုင်ရာ ဆရာဝန်ကြီးမှ အမှန်ကတယ်သေသည်ကို စစ်ဆေးဆုံးဖြတ်ပြီးသောအခါ အလောင်းကို ဖြုတ်၊ အနောက်ဘက် ထောင်ပူးဝမှ ထုတ်ကာ အင်းစိန် ထောင်အနီး ပေါက်တောသချိုင်း၌ မြေမြှုပ်ကာ သင်္ဂြိုဟ်သည်။ သေဒဏ်ပေးသည့် ကြိုးကိုကား သေတ္တာငယ်တစ်ခုတွင်ထည့်ကာ အမှတ်တံဆိပ်၊ ရက်စွဲထိုး၍ ထောင်ရုံးအတွင်း၌ သော့ပိတ်ထားရှိသည်။

ကြိုးမိန့်နှင့် သေဒဏ်ပေးခံရသော သူတို့နေထိုင်ရာ တိုက်ကို ကြိုးတိုက်ဟူ၍ခေါ်သည်။ ကြိုးတိုက်နှင့် ကြိုးစင်ရှိသော နေရာကို

www.burmeseclassic.com

www.burmeseclassic.com



တိုက်ဝင်းဟု သတ်မှတ်သည်။ အခြားသော အပြစ်ဒဏ်တိုက်များလည်း ရှိ၏။ ထိုကာလတွင် ကြိုးတိုက်ကို နှစ်တိုက်ဟူ၍ ခေါ်သည်။ ၁ တိုက်၊ ၃ တိုက်၊ ၄ တို၊ ၄ ရှည်၊ ၅ တိုက်၊ ၆ တိုက်ဟူ၍ တိုက်များရှိ၏။ ထိုတိုက်ဝင်းအတွင်း ထားရှိသော စည်းကမ်းနှင့် လုံခြုံရေးပိုင်းသည် သာမန်အဆောင်များနှင့် လားလားမှမတူ အရေးကြီးသော အကျဉ်းသားများကို သီးသီးသန့်သန့်ထားသော နေရာဖြစ်ပေရာ သန့်ရှင်းရေးဘုတ်၊ မီးလ္လာဘုတ်၊ တောင်ယာဘုတ်၊ ထမင်းဘုတ် စသည့်လုပ်ငန်းတို့ကို လုပ်ဆောင်ရန် ထောင်ကျအမြဲဆင်းဘောက်ဆင်းတို့ကိုလည်း လူရည်သန့်များကိုသာ ထားသည်။ နှုတ်ဆော့၊ လက်ဆော့၊ ကတောက်တိ ကဘောက်ချာလုပ်သော သူများကို ခန့်ထားလေ့မရှိ။

ထောင်တွင်း အလုပ်ကို 'ဘုတ်'ဟုခေါ်သည်။ အလုပ်ကို ကြီးကြပ်သူအား 'ဘုတ်ကိုင်'ဟုခေါ်သည်။ ဘုတ်ကိုင်အထက်၌ တန်းစီမှအုပ်ချုပ်သည်။ ရေချိုးကန်၊ အိပ်ဆောင်အခန်းတို့ကား စည်းကမ်းထိန်းသိမ်းရေးအတွက် 'ဘာယာ'များ ခန့်ထား၏။ 'ဘာယာ'များကို အခန်းလူကြီးက အုပ်ချုပ်၏။ အခန်းလူကြီးများသည် တန်းစီက ရွေးချယ်ခန့်ထားသော သူများဖြစ်သည်။ အားလုံးသည် ထောင်ကျများဖြစ်၏။ ထောင်သားအချင်းချင်းကို အဆင့်ဆင့်အုပ်ချုပ်စေကာ အထက်မှ ဝါဒါများက အုပ်ချုပ်သည်။ ဝါဒါ၊ တပ်သား၊ အကြပ်အဆင့်ဆင့်၊ အရာခံအဆင့်ဆင့်အရာရှိများမှသည် ထောင်မှူး၊ ထောင်မှူးကြီး။ ထောင်ပိုင်၊ ထောင်ပိုင်ကြီးစသဖြင့် အဆင့်ဆင့်ဝန်ထမ်းဆိုင်ရာ အုပ်ချုပ်မှုရှိ၏။



၁၉၈၉ ခုနှစ် ထောင်ပြန်ဖွင့်သောအခါ တိုက်ဝင်းအတွင်း တန်းစီသည် ကိုလွင်ဖြစ်၏။ ဥပဓိရုပ် အင်မတန်ကောင်းသည်။ ဘိုင်စကုတ်မင်းသား ဇင်ဝိုင်းနှင့် ရုပ်တူ၏။ အပြောအဆို အနေအထိုင်ကို ကြည့်ရုံမျှနှင့် ပညာတတ်အထက်တန်းလွှာမှ ဆေးထိုးဆေးစားမှား၍ ရောက်လာသူမှန်းသိသာလှသည်။ ထောင်တွင်း၌ ဆေးခြောက်၊ နံပါတ်ဖိုးနှင့် စိတ်ကြွဆေးစသည့် မူးယစ်ဆေးဝါးဖြင့် ထောင်ကျသူများအား ဘိန်းစားများဟူ၍ သတ်မှတ်ကာ ဘ·စဟူ၍ ခေါ်သည်။ ဆေးထိုး၊ ဆေးသောက် မှားယွင်း၍ ရောက်လာသူများဟု သတ်မှတ်သည်။

တန်းစီးလက်ထောက်တို့သည်ကား ရန်ကင်းသားများဖြစ်၏။ ရန်မျိုးသိမ်း (ရန်ကြီး) နှင့် အတော်ခင်၏။ ရုပ်ရှင်မင်းသား ဦးသိုက်စိုးနှင့် မျက်နှာကျပုံ၊ နားရွက်ကားပုံတူသော ကိုကြည်၊ အဆိုတော် ကိုင်ဇာနှင့် အသံဆင်ဆင် ရုပ်ဆင်ဆင် ဆီဆာတို့သည်လည်း ဆေးထိုးဆေးစားမှား၍ ရောက်လာသော သူများဖြစ်သည်။ အဆင့်ရှိရှိ နေထိုင်ပြောဆိုသည်။ အခြားသော ဒုစရိုက်သမားများကဲ့သို့ အရှုပ်အထွေးမရှိ။ ၄င်းတို့၏ အောက်၌ အမြဲဆင်းများထား၏။ တိုက်တွင်း၌ နေထိုင်အိပ်စက်သူများ ဖြစ်သည်။ မီးလ္လာကိစ္စ၊ တောင်ယာကိစ္စ၊ အလုပ်ကြမ်းကိစ္စတို့ကို မိန်းဂျေးမှ အလုပ်ခွဲပေးသည့် ထောင်ကျများ၊ အချုပ်သားများကို ခေါ်ယူသုံးစွဲ၏။ လုပ်အားဖြည့်ကာ လာရောက်ဆင်းသော သူတို့ကို ဘောက်ဆင်းဟုခေါ်သည်။ တိုက်ဝင်းအတွင်း၌ တိုက်ပိတ်ခံရကာ အကျဉ်းစံနေသော သူတို့သည်လည်း ထောင်တွင် အထူးလုံခြုံရေးအဆင့်နှင့် သတ်မှတ်ထားသော သူများဖြစ်၏။ သေဒဏ်ပေးခံထားရသည့်

www.burmeseclassic.com

www.burmeseclassic.com



ကြိုးသမားများရှိ၏။ ထိန်းသိမ်းခံရသော စီးပွားရေးသမားရှိ၏။ နိုင်ငံရေးသမားများ ရှိ၏။ မင်းအစိုးရကို ပုန်ကန်တိုက်ခိုက်သော သူပုန်များနှင့် ဆက်သွယ်သူများအပြင် အစိုးရဌာနကြီးများမှ ကံဆိုးမိုးမှောင်ကျကာ ထောင်တွင်းသို့ ရောက်လာသော အ-ပ-ခ (၃) လူကြီးမင်းများ နေထိုင်၏။

၁ တိုက်နှင့် ၂ တိုက်အကြား၌ တောင်ယာရှိ၏။ တိုက်အသီးသီး လျှောက်လမ်းနံဘေး၌ လုပသော ပန်းပင်များစိုက်ပျိုးထား၏။ ကြိုးစင်ဘေးတွင်ရှိသော ပန်းခြံကိုလည်း တယုတယ လုပစွာ ထိန်းသိမ်းထား၏။ ထိုတောင်ယာပန်းခင်းတို့ကို တာဝန်ယူသော ‘အမြဲဆင်း’ ကား မင်းအောင်ဖြစ်သည်။ ပြင်ပတွင်လည်း ပန်းစိုက်သူ၊ ပန်းရောင်းသူဖြစ်သည်။ မြောက်ဥက္ကလာသား ဖြစ်သည်။ ကျောက်ရေတွင်းတွင် နေသည်။ ပန်းစိုက်ရုံသာမက ဆေးခြောက်တို့ကိုပါ စိုက်ပျိုးထားသည်။ ကျောက်ရေတွင်းရွှေဒင်္ဂါးသည်ကား ထိုခေတ်ကာလနာမည်ကြီး၏။ မင်းအောင်၏ ထုတ်လုပ်မှုပစ္စည်းဖြစ်သည်။ ရွှေဒင်္ဂါးမင်းအောင်ဟူ၍ အများက ခေါ်၏။ တိုက်ဝင်းအတွင်း၏ ဥယျာဉ်မှူးသည် ရွှေဒင်္ဂါးမင်းအောင် ဖြစ်သည်။ ပန်းဆက်သမား ကိုဗျတ္တ ဝင်စားလေသည်လားမသိ အလွန်လက်စွမ်းထက်လှသည်။ ပျိုးပင်၊ ပန်းပင်များ ပန်းပွင့်များကို ထောင်မှူးတို့အားပေးကာ အိမ်ပြန်မျက်နှာ ပန်းလှစေသောသူ ဖြစ်သည်။ ရွှေဒင်္ဂါးမင်းအောင်သည် သီချင်းအဆို ကောင်းသောသူဖြစ်သည်။ သီချင်းတအေးအေးနှင့် အလုပ်လုပ်သူဖြစ်သည်။

‘ဒီမှာ ကိုမင်းအောင် ပန်းပင်တွေမှာ အသက်ရှိတယ်ဆိုတာ ခင်ဗျားယုံလား’



ထူးဆန်းသော စကားတို့ကို ပြောလေ့ရှိသည့် ဆေးကျောင်းသား ၁၀ (က) ထောင်ကျ ရန်မျိုးသိမ်းမေးလာသော စကားကို

‘ငယ်ရာကနေ ကြီးလာတဲ့ ဟာတွေဆိုတော့ အသက်ရှိမှာပေါ့။ ကိုရန်ကြီးရ’

ရွှေဒင်္ဂါးမင်းအောင်၏ အဖြေအား ရန်ကြီး အတော်အလိုမကျ ဖြစ်သွား၏။

‘ဒါဆို သစ်ပင်ပန်းပင်တွေက ဘာကြိုက်လဲ၊ ကိုမင်းအောင် သိလား’

ရန်ကြီး၏ မေးခွန်းကို နားထောင်ရင်း ကိုမင်းအောင်က

‘ချေးကြိုက်တယ်၊ လူချေး၊ နွားချေး၊ လင်းနို့ချေး၊ ကြက်ချေး ချေးဆိုအကုန် ကြိုက်တယ်’ ဟု ပြောလေသော် ရန်ကြီး ရှုံ့မဲ့သွား၏။

‘ဟာ ကိုမင်းအောင် ကျွန်တော်လိုချင်တာ အဲ့ဒီအဖြေ မဟုတ်ဘူး။ ပန်းဆိုတာ သီချင်းကြိုက်တာ။ ခင်ဗျားသီချင်းဆိုလို့ ပန်းတွေပွင့်တာဗျ’

‘ဟာ ကိုရန်ကြီးကလည်း နိုင်ငံရေးသမားလုပ်နေတာပဲ၊ ဒွဲပြောပေါ့ ဟိုလိုပြော၊ ဒီလိုပြော ဟိုလိုမေး ဒီလိုမေးဆိုတော့ ကျွန်တော်တို့လို ပြည်သူလူထုက ဘယ်နားလည်မှာလဲ’

ရွှေဒင်္ဂါးမင်းအောင်သည် ဆေးကျောင်းသား ရန်မျိုးသိမ်းကို အတော်အတန်ကြည်ညိုသည်။ တစ်ရံရောအခါ ခြေဖဝါးသံပြားရှရာမှ ဖိုကြီးမှ ငရုတ်သီးကြော် ဆီသတ်သော ညှော်နံ့များမိကာ အနာရင်း၍ ခြေတွင် ထိထားသော အနာရင်းကာ ပေါင်ကြား နှစ်ဖက်တွင်ရှိသော အကျိတ်တို့ပင် အဖုထွက်ကာ အနာပြင်၌ ထောင်တွင်း၌ သက်တန့်ဟုခေါ်သော အနာရောဂါကို ပြင်းထန်စွာ

www.burmeseclassic.com

www.burmeseclassic.com



ခံစားရ၏။ ထော့ကျိုး၊ ထော့ကျိုးနှင့် ပေါင်ကွကာ လမ်းလျှောက်ရာမှ နောက်ဆုံးအဖျားဝင်ကာ ဖုန်းဖုန်းကျ၍ ဘုရားတလိုက်၊ အမေတလိုက်နှင့် ထောင်ဆေးမှူးက သေချာစွာ စစ်ဆေး၍ ဆေးပေး၏။ ထောင်တွင် ပုံမှန်ပေးသော ဆေးသည်ကား 'ကိုဒါနင်' အမည်ရှိသော BPI မှ ထုတ် သော ဆေးဖြစ်၏။ အနာ၊ ပြည်၊ မန်းတို့ကို ဆေးကြောရန် 'ယူဇောဆေးရည်' ပေး၏။ ပတ်တီး၊ ဂွမ်းတို့ကို ပေး၏။ ဤကား ဆေးမှူး လွန်စွာသဘောကောင်း၍ ပေးခြင်းဖြစ်သည်။ တော်ရုံတန်ရုံရောဂါလောက် ထောင်တွင် ဆေးတောင်းခွင့်၊ ဆေးယူခွင့်မရှိ။ 'ကိုဒါနင်' နှင့်လည်း မပျောက်၊ အနာဆေးရည် 'ယူဇော်' ကိုလည်း မသုံးတတ်၍ တစ်စစဆိုးနေသော ရွှေဒင်္ဂါးမင်းအောင်ကို ဆေးကျောင်းသားရန်မျိုးသိမ်းက ဆေးကုပေးလေတော့သည်။ ဝိန်ကပ်ကပ် အရပ်ရှည်ရှည် အသားညိုညို၊ သမိန်ပေါသွပ်ကဲ့သို့ လေးထောင့်မျက်နှာ၊ ဆံပင်ပွယောင်းယောင်း၊ မျက်နှာချိုသည် ထက်ပိုသော ပြောင်စပ်စပ်၊ စပ်ဖြဲဖြဲနှင့် တည်တံ့၍မရသော မျက်နှာ၊ အနက်ရောင်ကော်ကိုင်းမျက်မှန်နှင့် ဆရာဝန်လိုလို၊ နိုင်ငံရေးသမားလိုလို၊ ကဗျာဆရာလိုလို၊ စာရေးဆရာလိုလို၊ ကျူရှင်ဆရာလိုလို ဤကဲ့သို့လိုလိုပေါင်းများစွာ ဥပမိရုပ်ရှိသည်။ ဤကဲ့သို့ လိုလိုဥပမိရုပ်ပိုင်ရှင် ဗ·က·သ ခေါင်းဆောင် ရန်မျိုးသိမ်း၊ ဒေါက်တာလောင်းလျာ ရန်ကြီးလက်သို့ လူမမာ ရွှေဒင်္ဂါးမင်းအောင် ရောက်လေတော့သည်။

သမားတော် ရန်ကြီးသည် ခွကြားပြုတ်နေသည့် ဘောလုံးကန်သောအခါ ဝတ်သည့် ဘောင်းဘီတို ကြက်သွေးရောင်သည် ခါး၌ ဂါဝန်တစ်ထည် သဖွယ်ဖြစ်နေ၏။ ဝတ်ထားသော စွပ်ကျယ်



သည်လည်း ပခုံးတစ်ဖက်မှ သိုင်းကြိုးပြုတ်ကျနေ၏။ ဗိုက်တွင်လည်း အပေါက်၊ ကျောတွင်လည်း အပြဲ၊ ဟိတ်ဟန်ကောင်းလှသည်မှာ မျက်လုံးရှေ့၌ တပ်ထားသော မျက်မှန်သာရှိ၏။ မျက်မှန်သည်လည်း ကိုင်းတစ်ဖက်ကြိုးနေ၍ တီထွင်ရှင် ရုပ်ရှင်မင်းသားကြီး ဦးအောင်လွင်၏ ဘကြီးအောင် (အကျိုးအပဲ့) ပြုပြင်ရေးဌာနမှ ပြုပြင်ပေးလိုက်သော ဝါးကိုင်းသားရေကွင်းနှင့်ဖြစ်၏။ လက်နှစ်ဖက်ကို နောက်ကို ပစ်၍ လူမမာကို ဟိုပတ်ကြည့်လိုက်၊ ဒီပတ်ကြည့်လိုက်လုပ်နေသည်ကား ဆရာဝန်တစ်ဦးနှင့်မတူ အသေကောင်ဟုတ်၊ မဟုတ် လှည့်ပတ်ကြည့်နေသော လင်းတခေါင်းပြူအလား ဖြစ်၏။

'တောက်…' ဟု ရန်ကြီးဆီမှ အသံကြားလေသော် အောက်မှမျက်စိပေကလပ်ပေကလပ်နှင့် ပြူးမယောင်၊ မဲ့မယောင်ဖြစ်နေသော ရွှေဒင်္ဂါးကိုမင်းအောင် 'တွန့်ကနဲ' ဖြစ်သွားပြီးနောက် အသံခပ်မှုန်မှုန်နဲ့

'ကိုရန်ကြီး… ကျွန်တော့် အခြေအနေမကောင်းတော့လို့လား' ဟူ၍ အားငယ်စွာမေးလေ၏။

'ငှက်ဆိုးထိုးတာတို့၊ လင်းတ တောက်ခေါက်တာတို့၊ အိမ်မြောင် ဟင်းချတာတို့ကြားရင် အခြေအနေမကောင်းဘူးဆိုတာ ရှေးလူကြီးတွေ ပြောဖူးတယ်၊ လူကြီးတွေ လျှောက်ပြောတယ် အောက်မေ့တာ လင်းတ တောက်ခေါက်တယ်ဆိုတာ အခုမှကြားဖူးတယ်'

ရကသ ကိုတင့်ဆန်းက ပြောလေသော် ရန်ကြီးက ပြုံးဖြီးဖြီး

'ကိုတင့်ဆန်း ဒီမှာ မှတွေ၊ ဖီလင်တွေ သွင်းပြီးတော့ ဆရာဝန် အိုက်တင်လုပ်နေတာ'

www.burmeseclassic.com

www.burmeseclassic.com



'ဆရာဝန် အိုက်တင်က လွယ်ပါတယ်ကွာ၊ လည်ပင်းမှာ နားကြပ်ချိတ်ထား၊ ဟိုစမ်းလိုက် ဒီဖိလိုက်လုပ်၊ အပြင်ရောက်တော့ ခေါင်းလေး တဖြည်းဖြည်းခါ ဟိုဘက်ခေတ်ကတော့ ပန်ချာပီခေါင်းပေါင်းကြီးနဲ့ပေါ့။ အခုတော့ ဘောင်းဘီဝတ်ပြီး အိုင်တင်လုပ်လိုက်တာပါပဲ'

ဤကား ရုပ်ရှင်မင်းသား ဘကြီးအောင် (ဦးအောင်လွင်)၏ မှတ်ချက်။ ထိုအသံကို ကြားလေသော် ရန်ကြီးသည် ရွှေဒင်္ဂါးမင်းအောင်ကိုကြည့် မျက်နှာခပ်တည်တည်လုပ်ကာ တဖြည်းဖြည်းချင်း လှည့်ထွက်ကာ ဘကြီးအောင် ရှေ့ဦလည်းကောင်း၊ တင့်ဆန်းရှေ့ဦလည်းကောင်း၊ ခေါင်းတစ်ခါခါ လုပ်သည်ကို ကိုမင်းအောင်က ကြည့်၍

'ကိုရန်ကြီး ကျွန်တော်ဒီတောင်တော့ မကျော်နိုင်တော့ဘူး' ဟုစကားမဆုံးခင် တအီးအီးရှိုက်သံထွက်ကာ မျက်ရည်ပေါက်များ ကျဆင်းလာတော့သည်။

'ဟာ ရန်ကြီးခေါင်းတစ်ခါခါနဲ့ ဘာဖြစ်တာလဲ'

စိုးရိမ်တကြီးနဲ့ တင့်ဆန်းက မေးလေသော်

'ဘာမှမဖြစ်ဘူး၊ ဘကြီးအောင်က ဆရာဝန်ဆို ခေါင်းခါရတယ်ဆိုလို့ ခါကြည့်တာ၊ ဒါပေမဲ့ ဒီဆေးနဲ့တော့ ဘယ်ရမလဲ၊ ဆေးအကောင်းစားနဲ့မှဖြစ်မှာ'

'ဟာ ဆရာဘယ်လောက် ကုန်ကုန်၊ ဘယ်လောက်ဈေးကြီးကြီး သုံးလိုက်မယ်'

သူဌေးလူမမာအသံနှင့် ခပ်မာမာ ခပ်ကျယ်ကျယ်ပြောလာတော့သည်။ ကုရန်ဆေးရှိသည်ဟူသော အကြောင်းအရာသိသည်



နှင့် ရွှင်လန်းတက်ကြွသော အသံများနှင့် လန်းလန်းထလာတော့သည်။

'နေပါဦး... ခင်ဗျားဘယ်လောက်ချမ်းသာလို့လဲ'

ဟု မေးလေသော် ရွှေဒင်္ဂါးမင်းအောင်က ခပ်မာမာနှင့်

'နွားမကျောင်းလှက နှစ်စည်း၊ ပုံစံပုဆိုးက နှစ်ထည်၊ ပလေကပ်အဖြူက တစ်ကွင်း၊ ပုံစံစောင်က သုံးထည်၊ ပုံစံခွက်က နှစ်ခု'

'ဟာ... တော်ပြီ... တော်ပြီ ခင်ဗျားတော်တော်ချမ်းသာတာပဲ၊ ထောင်ထဲမှာတော့ မီလျံနာပဲ'

'ဟုတ်တယ်လေ ကိုရန်ကြီးရဲ့ ပုဆိုးကုန်ကုန်၊ စောင်ကုန်ကုန်၊ ပုံအောပစ်လိုက်မယ်။ ဂေါ်လီသွင်းတာတောင် နွားအလိပ် ၂၀ လောက်နဲ့ ပြီးတာ' ဟု ပြောလေသော်

ရန်ကြီးက 'ကဲ... ဘာမှမပြောနဲ့ သွားရေချိုးနိုင်ရင် ချိုး၊ မချိုးနိုင်ရင် ရေပတ်တိုက်ခဲ့ သန့်သန့်ရှင်းရှင်းနဲ့လာခဲ့'

'ရန်ကြီး မင်းဘာဆေးရှိလို့လဲ'

'ဟာ... ဒီဆေးက ရှယ် တကယ်ကို ပျောက်သွားစေရမယ်၊ ထောင်ထဲကို မင်းဘယ်လို သွင်းလာတာလဲ'

'ကိုတင့်ဆန်း ဒါ အမှန်အကန်သွင်းထာတာ'

'ပြောစမ်းပါဦး ဘာဆေးလဲ'

ရန်ကြီးက

'ဘာတွေ ညာတွေ လာမေးမနေနဲ့ ကဲ ရွှေဒင်္ဂါး ဒီနေ့ကစပြီး လက်ချိုးရေလိုက် ငါးရက်အတွင်း ပျောက်ရမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ ကိုရန်ကြီး ကျွန်တော်တကယ် ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ ဆေးသမားတွေက ကြွေတတ်တဲ့အသည်းနှလုံး ရှိပါတယ်။ ကိုရန်ကြီးတို့ နိုင်ငံရေးသမားလောက် အသည်းမမာပေမယ့် ကျေးဇူးတော့ သိတတ်ပါတယ်'

'ကဲ... ကိုမင်းအောင် လာ'

ဟု ဆိုကာ ဆေးကုရန် စီစဉ်လေတော့သည်။

'ကဲ... ကိုဇာကြီး လာပြီး ကူလေဗျာ'

ဟု စံ-ဇာဏီဘိုအား လှမ်း၍ခေါ်၏။

'လာပြီ ... လာပြီ ငါလာကူပြီ' ဟု ဆိုကာ

'ကိုမင်းအောင် ခင်ဗျားမပူနဲ့ ရန်ကြီးအခုပေးမယ့် ဆေးက တကယ်စွမ်းတာ ကျွန်တော့်မျက်စိအောက်မှာတင် ပျောက်သွားတဲ့ သူတွေ မနည်းဘူး'

'ဟာ... ဆရာဟုတ်လား'

'အင်းပေါ့...'

စကားပြောနေစဉ် ပါးစပ်မှ တပျပ်ပျပ်လုပ်၍ ခံတွင်းချဉ် လိုက်တာဟုပြောကာ ဆေးလိပ်တို လိုက်ရှာသလိုလိုပြုသော်

'ဟာ ဒီမှာ စောစောက ပြောရောပေါ့'

ဆေးလိပ်လက်တစ်ဆုပ်သူ၏ လွယ်အိတ်ကြီးထဲမှ နှိုက်ထုတ် ယူပေးလိုက်သည်။ ဆေးလိပ်ကို မြင်သော် စံ-ဇာဏီဘိုမျက်နှာ ဝင်းခနဲ ဖြစ်သွားသည်။ ဆေးလိပ်ကို နှုတ်ခမ်းတွင် တေ့ထားစဉ် ရွှေဒင်္ဂါးမင်းအောင်က အလိုက်သိစွာ မီးခြစ်ခြစ်ပေးသည်။

'ကိုမင်းအောင် ဆေးလိပ်ထဲမှာ ဟိုဟာ ဒီဟာများ ပါနေလား'



'ဟာ မပါပါဘူး၊ ဒီအတိုင်းပါပဲ'

ဆေးသမား ရွှေဒင်္ဂါးမင်းအောင်က ပျာယီးပျာယာဖြေသည်။ ရန်ကြီးက အိတ်ထဲမှ ဆေးတောင့်တစ်တောင့်ကို ထုတ်သည်။ စံ-ဇာဏီဘိုက ကျောက်ပျဉ်သဖွယ် သွေး၍ရသော ကျောက်ပြား တစ်ချပ်၊ ရေတစ်ခွက်ကို ယူလာသည်။ ရန်ကြီးသည် ဆေးတောင့် ကို မင်းအောင် ခေါင်းပေါ်တင်၍ ကဲ... ကဲ မင်းအောင် လက်အုပ်ချီ၊ မျက်လုံးပိတ်ဟုဆိုကာ နမောတဿ...ဟု စတင်၍ ရွတ်လေ တော့သည်။ နံဘေးမှ တင့်ဆန်းက မနေနိုင်ဘဲ

'ဟေ့ကောင် ရန်ကြီး မင်းကုတဲ့ စတိုင်က တစ်မျိုးပါလား မင်းတို့ဆေး (၂)က စတိုင်လား'

'ကျောင်းကို နှာမည်မဖျက်နဲ့၊ ဒီအဆင့်လောက်က MC-2 စတိုင် မသုံးသေးဘူး'

'ဒါဆို ခုစတိုင်က ဘာစတိုင်လဲ'

'ရန်ကင်းစတိုင် ဆေးဘိုးတော် စတိုင်' ဟု စံ-ဇာဏီဘိုက ကြားမှဝင်၍ ဖြေသည်။

'ကဲ ကိုဇာကြီး ဒီနေ့ ဘာနေ့လဲ'

'ဒီနေ့ တနင်္ဂနွေနေ့လေ'

စံ-ဇာဏီဘိုက ဖြေလေသော်

'ရန်ကြီးက အင်း လာဘ်နေအရပ်က အရှေ့မြောက်၊ နတ်နေ အရပ်က အနောက်တောင်'

'နေပါဦး ကိုဇာကြီးရဲ့ ဗမာပြက္ခဒိန် ဘာရက်လဲ'

'လပြည့်ကျော် ၄ ရက်လေကွာ ဟိုတစ်နေ့ကမှ လပြည့် ထားတာ ၅ နဲ့စား ၄ ကြွင်းပေါ့။ မြန်မာရက်ကို ၅ နဲ့စား ၄ ကြွင်းလို့ကတော့ ရိတ္တာတိထိဆေးကုလို့ကောင်းတဲ့ နေ့လေ'

www.burmeseclassic.com

www.burmeseclassic.com



တင်ပျဉ်ခွေထိုင်ကာ ဆေးတောင့်ကို လက်ကကိုင်၊ ကြမ်းပြင်ပေါ်တွင် ဟိုခြစ် ဒီခြစ်နဲ့ ဇီဝကအလား ဟန်ချီနေသော ရန်ကြီးကို ကြည့်၍ ရွှေဒင်္ဂါးမင်းအောင်က ထိုင်ရမလို၊ ထရမလို၊ လက်အုပ်ချီရမလို ဖြစ်နေသည်။

‘ဟာ ရန်ကြီး မင်းစတိုင်တယ်ဟုတ်နေပါလား’

ပြုံးချိုကပါ ဝင်မာန်လေတော့၏။

‘ဟာ သည်းခံ သည်းခံ အစက ဒီလောက်မဟုတ်ဘူး။ ထောက်ခံသူတွေ များလာလို့ တောပြောတောင်ပြော ပြောနေတာ။ အမှန်က ဘယ်ကတတ်ထားမှန်းလည်း မသိဘူး။ နဂိုကတည်းက တတ်ထားတာ’

‘ဒီမှာ ကိုတင့်ဆန်း လူကို နောက်ရင်နောက် ဆေးကိုတော့ မနောက်နဲ့ ဒီဆေးကို သွေးရင်တောင်မှ အာယုအရပ်ကို လှည့်သွေးပြီး လိမ်းရမှာ ဒီဆေးတောင့် ပေးကိုင်တုန်းကတည်းက ဒီလိုလုပ်ရမယ်လို့ သင်ပေးထားတာ ဘယ်နှယ် ဟိုလိုလိမ်း၊ ဒီလို လိမ်းလုပ်လို့ရမလဲ’ ဟု ပြောလေသော် တင့်ဆန်းငြိမ်သွား၏။

‘အဖုတွေ ပျောက်၊ အဖျားတွေ ပျောက်၊ အနာရော၊ အဖျားရော တကယ်နိုင်တာ’

စံ-ဓာဏီဘိုက ထောက်ခံ၏။

လူမမာ ရွှေဒင်္ဂါးမင်းအောင်က ဆရာကောင်းတွေ့ပြီဟုသော ပီတိအပြုံးနှင့် ကိုတင့်ဆန်းသည်ကား သူ့တင်ပါးတစ်ဖက်တစ်ချက်တွင် ပေါက်နေသော သွေးစုနာများကို ဖိကိုင်ရင်း ပြုံးချိုသည် မျက်နှာမှ ဝက်ခြံအဖုအဝိန့်တို့ကို လက်နှင့်တို့လိုက် ရန်ကြီးကို ကြည့်လိုက်နှင့်။ နားစွန်နားဖျားအသံကြား၍



‘ငါ့အဖုတွေကိုလည်း လုပ်ပေးဦးဟ’

ဟုဆိုကာ မျက်နှာတွင် ဝက်ခြံဖုပေါင်းများစွာ ပေါက်နေသော ကိုရင်ထွေးလည်း ရောက်လာလေတော့သည်။

‘ကဲ ရွှေဒင်္ဂါး ခင်ဗျား ဘာနေ့သားလဲ’

‘ကြာသပတေးသားပါ’

ဆရာ ရန်ကြီးအား ရိုသေစွာ လက်အုပ်ချီပြော၏။

‘ကိုဇာကြီး အာယုအရပ်မျက်နှာ မှူသွေးပေတော့’

‘အေးပါ အေးပါ’

‘ကိုဇာ ကြာသပတေးရဲ့ အာယုအရပ်က ရာဟုထောင့် အနောက်မြောက်ဖက်လှည့်သွေးရမှာ’

‘ရန်ကြီး ငါမေဒင်ဟောစားတဲ့ကောင်ပါ’

ဟု ပြော၍ ဆေးတောင့်ကို သွေးတော့သည်။

ဤသို့နှင့် ပေါင်မှ အကျိတ်ကို ဆေးလိမ်း၊ အနာတို့ကို ဆေးလိမ်းပေးကာ နောက်တစ်နေ့ နံနက်တွင် အနာမှ ပြည်ပုပ်တို့ ကဖျန်းဖျန်းထွက်ကုန်၏။ သွေးပုပ်များထွက်လာ၏။ ရန်ကြီးမှ မရွံမရှာ အနာကိုဆေးကြော၍ ဆေးကို ထပ်လိမ်းပေး၏။ သုံးရက်မြောက်သောနေ့တွင် အနာတို့ သက်သာလာသည်။ ရန်ကြီးပြောသော ငါးရက်မြောက်ပင်မနေ။ ဤသည်ပင် ရွှေဒင်္ဂါးမင်းအောင်နှင့် ရန်ကြီးသုံးသော ဆေးတောင့်သည် မည်သို့သော ဆေးတောင့်ဖြစ်သည်ကို အလျဉ်းသင့်က ဖော်ပြပါမည်။

အခိက အကြောင်းအရာသည်ကား ရွှေဒင်္ဂါးမင်းအောင် ထောင်မှ ထွက်ပြေးသော အကြောင်းကို ရေးရန်ဖြစ်၏။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## ကိုးတံခါးနှင့် လှူရှင်သချိုင်း

ထောင်နန်းစံကြရသော သူအားလုံးတို့သည် အကျဉ်းကျသည့်နေ့ရက်မှစ၍ ကြမ်းပြင်ပေါ်တွင်လည်းကောင်း၊ ထောင်နံရံတွင်လည်းကောင်း၊ အုတ်ခဲကျိုး၊ မီးသွေး၊ သံချွန်စသည်တို့နှင့် မနက်မိုးလင်းသည့်အချိန်မှစ၍ ညအိပ်ရာဝင်ချိန်ကို အချောင်းလေးတစ်ချောင်းဆွဲကာ တာလီမှတ်သကဲ့သို့မှတ်သည်။ နှစ်ရက်ဆိုင်က နှစ်ချောင်း၊ သုံးရက်ဆို သုံးချောင်း၊ လေးရက်ဆိုက လေးချောင်း၊ ငါးရက်ပြည့်သောအခါ ၄င်းလေးချောင်းကို ကန့်လန့်ဖြတ်ဆွဲသည်။ စိတ်ညစ်ခြင်း၊ ဝမ်းနည်းခြင်း၊ စိတ်အားငယ်ခြင်း၊ ယူကျုံးမရဖြစ်ခြင်း၊ ပြင်ပလောကကို သတိရခြင်း၊ မိသားစုကို လွမ်းဆွတ်တသခြင်းတို့သည် ရင်တွင်း ဗလောင်ဆူကာ မခံမရပ်နိုင်သော စိတ်နှင့်တကွ ရင်တဆို့ဆို့၊ မျက်ရည်တလည်လည်၊ ရင်မှတက်လာသော အပူလုံးကြီးသည် လည်ပင်းတွင် တစ်ဆို့နေ၏။ လူလစ်လျှင် မျက်ရည်ပင်လျှင် ကျရ၏။ နတ်ဒေဝါများ၊ တန်ခိုးရှင်များ၊ အတိတ်ရေးဘုန်း၊ ရေးကံများမှ မှိုင်းမ၍ နေ့ချင်း၊ ရက်ချင်း လွတ်လေမလားဟု ဟူ၍ စိတ်ကူးယဉ်၏။



ထောင်တွင် စတင်အိပ်စက်သည့် ညမှစ၍ လွတ်မြောက်မှုအိပ်မက်ကို စိတ်ကူးယဉ်ကြ၏။ ချိုမြိန်လှသည့် လွတ်လပ်မှုအိပ်မက်တို့သည် အနေဆင်းရဲ၊ အစားငတ်ပြတ်၊ အကျဉ်းအချုပ်ကျမှုများမှ ဖြစ်ပေါ်လာသော နာကျည်းမှုတို့ကြောင့် တစ်စတစ်စမှေးမှိန်သွားတော့သည်။ ဒေါင်ကျကျ၊ ပြားကျကျဟူသော လူသားတို့၏ ဘဝဖြစ်တည်မှုသည် ထောင်တွင်း၌ ပျော်ပျော်ကြီး ဖြတ်သန်းခြင်းကို ဖြစ်လာစေသည်။ ထိုသို့ ရွက်ကျပင်ပေါက်ကဲ့သို့လည်းကောင်း၊ ရေမျောကမ်းတင် ပျော်ချင်သလိုပျော်သော ဒိုက်ဖတ်ကဲ့သို့လည်းကောင်း နေထိုင်ရာမှ အပြောအဆို မမှန်တော့ ခပ်ကြောင်ကြောင် ဖြစ်လာသည်။ ရူးချင်သလို ဖြစ်လာသည်။ ဤသို့ဖြစ်ခြင်းကို 'လွတ်ကြောင်' ကြောင်သည်ဟု ခေါ်ဆိုသည်။ 'ကွာတိုက်'သော ကာလများတွင် 'လွတ်ကြောင်' ပို၍ ကြောင်သည်။

'ကွာ'ဟူသော စကားသည်လည်းကောင်း၊ 'ကွာတွက်သည်'၊ 'ကွာတိုက်သည်'၊ 'ကတုံးကွာ'၊ 'အေကွာ'၊ 'ဘီကွာ'၊ 'ရဲဘက်အထူးကွာ'၊ 'စုမှတ်ရက်'စသည့် စကားတို့သည် ထောင်တွင် သုံးလတစ်ခါ ထောင်သားတို့နှုတ်ဖျား၌ ရေပန်းစားသော စကားများဖြစ်သည်။ 'ကွာ'ဟူသော ထောင်စကားသည် အင်္ဂလိပ်စကား Quarter 'ကွာတား' မှ စတင်ပေါ်ပေါက်သည်။ အင်္ဂလိပ်လို တစ်နှစ်တာ ၄ ပုံ ၁ ပုံ သုံးလတာ ကာလကို တစ်ကွာဟု သတ်မှတ်သည်။ အင်္ဂလိပ်လို Jan, Feb, Mar သုံးလကို ပထမကွာ သို့မဟုတ် ပထမ သုံးလပတ်ဟု ခေါ်သည်။ Apr, May, June ဒုတိယ ၃ လပတ်ကို 'ဒုတိယကွာ' ဟူ၍လည်းကောင်း၊ July, Aug, Sept တတိယ ၃ လပတ်ကို 'တတိယကွာ' ဟူ၍

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ Oct, Nov, Dec ဖြစ်သည့် တစ်နှစ်၏ နောက်ဆုံး သုံးလပတ်ကို 'စတုတ္ထကွာ' ဟု သတ်မှတ်သည်။ လူတစ်ဦးတစ်ယောက် ထောင်ကျသော ရက်သည် ကွာဟုခေါ်သော သုံးလအုပ်စုတစ်စုတစ်စု မည်သည့်ရက်တွင် ထောင်ကျစေ ထိုကွာတွင် လျှော့ရက်မရ။ ဆိုလိုသည်မှာ လူတစ်ယောက်သည် Jan 5 ရက်နေ့တွင် ထောင်ကျသည်ဆိုအံ့။ Jan, Feb, Mar ထို သုံးလတွင် လျှော့ရက်မရ။ ဧပြီလမှစ၍ လျှော့ရက်ရ၏။ ထို့ကြောင့် ထောင်ကျမည်ဆိုလျှင် Dec လ နောက်ဆုံးပတ်၊ Mar လနောက်ဆုံးပတ်၊ June လနောက်ဆုံးပတ်၊ Sept လ နောက်ဆုံးပတ်တွင် ထောင်ကျကာမှတန်၏။ နေသားရက် အနည်းငယ်နှင့်ပင် ကွာ လျှော့ရက်ကို စမီ၏။

ထောင်ကျသည့်သူ မည်သူမဆို တစ်ပတ်လျှင် တစ်ရက် လျှော့ရက်ရသည်။ တစ်လလျှင် လေးရက်၊ သုံးလ တစ်ကွာတွင် ၁၂ ရက်လျှော့ရက်ရသည်။ ကွာကို စနစ်တကျတွက်လေသော် တစ်နှစ်လျှင် ၄၈ ရက်လျှော့ရက်ရသည်။ ထို့ကြောင့် ထောင်တစ်နှစ်ကျသူသည် ထောင်ကျရက်သည် ကွာနှင့် ကွက်တိ မိလေသော် ၁၀ လခွဲခန့်သာ ထောင်တွင်နေ သည်။ ၅ (က) အကျဉ်းသားကဲ့သို့ အလုပ်မပေး တိုက်ပိတ်ထားသူတို့သည် 'ကတုံးကွာ' ကိုသာ ရ၏။

'ကွာကတုံးတစ်နှစ် ရက် ၄၀ ရဦးတော့ သုံးနှစ်နေရက် ၁၂၀ လျှော့ရက်ရမှာဆိုတော့ လေးလစောလွတ်မှာပေါ့'

ဤကား ထောင်ကျရက်ရင့်သူ နောင်တော်ကြီးများက 'ကွာကတုံး' အကြောင်း ပြောခြင်းတည်း၊ တောင်ယာဘုတ်တွင် အလုပ်ထွက်လုပ်ရင် လျှော့ရက်ပိုရသည်။



'ထောင်မှူးတွေက ထောက်ခံရင် 'ကွာ' အဆင့်တက်ပြီးတော့ လျှော့ရက်ပိုရတယ်။ ရဲဘက် ထွက်လုပ်ရင် ပိုတောင်ကောင်းသေးတယ်'

ဤကား ထောင်ကျ၊ ဘောက်ဆင်းများ၊ အမြဲဆင်းများ လွတ်ကြောင်းကြောင်း၍ပြောသော စကားဖြစ်သည်။

'အံမယ် ပေါ်တာပါလို့ကတော့ ပိုတောင်ကောင်းသေးတယ်။ ချက်ချင်း ဝရမ်းရှင်းပြီးတော့ လွတ်ဝရမ်းထုတ်ပေးလိုက်တာ။ စစ်ဆင်ရေးပြီး ကြိုက်တဲ့အချိန် အိမ်ပြန်လွတ်လှုပဲ'

ထောင်ကျတစ်ယောက်က ပြောလေသော်

'ဟာ မင်းရူးနေလားကွာ။ ပေါ်တာပါရင်ကို သေဖို့ပဲရှိတာ၊ ဘယ်တုန်းက လွတ်လို့လဲ'

ရွှေဒင်္ဂါးမင်းအောင်က ဝင်၍ မှတ်ချက်ပေးခြင်းဖြစ်သည်။ တစ်တိုက်တွင် အလုစိုက်ပန်းများစိုက်၏။ ဥယျာဉ်မှူး ရွှေဒင်္ဂါးမင်းအောင်မှဦးစီး၍ ဘောက်ဆင်းများမှ ပန်းစိုက်ရင်း 'လွတ်ကြောင်စကားများ' ပြောနေကြခြင်းဖြစ်သည်။ မဲသဝေါကိုပဲရောက်မလား၊ ဘုရားသုံးဆူကိုပဲ ရောက်မလားမသိ။ ပြီးခဲ့တဲ့ အခေါက်က ပေါ်တာလာခေါ်တာ လိုက်ချင်တဲ့သူတွေ အများကြီး၊ ဗလကောင်းကောင်း ဒေါင်ကောင်းကောင်တွေ ခေါ်သွားတာ၊ 'ဂိ' နေတဲ့ကောင်တွေ ထားခဲ့တာ။ ထောင်တွင် နေထိုင်မကောင်းသော ကျန်းမာရေးညံ့ သူများကို 'ဂိ' များဟု ခေါ်သည်။

'ခြေကျင်းတွေ၊ ဒေါက်တွေ ခတ်ထားတဲ့သူတွေကို ချက်ချင်းဖြုတ်ပေးတာ။ အဖြူတွေအစား အပြာရောင်တွေလည်း ပေးတာ။ ပုဆိုးတောင်မဟုတ်ဘူး။ ဘောင်းဘီပေးဝတ်တာ'

www.burmeseclassic.com

www.burmeseclassic.com



"အောင်မှာ အဲဒီနေ့က ငါပန်းပဲဖိုမှာ ရှိနေတာ ဦးထုပ်တွေ၊ ဖိနပ်တွေတောင် ထုတ်ပေးတာ။ ဝရမ်းတွေကို မီးရှို့ပစ်ပြီး ရှင်းပစ်တာ လွတ်ဝရမ်းတွေ တစ်ခါတည်း ထုတ်ပေးတာ။ အိမ်ကို ဝရမ်းမပေးချင်ရင်လည်း လိပ်စာယူပြီး ပို့ပေးတာ။ လွတ်ဝရမ်းကို ကိုယ်တိုင်ဆောင်သွားရင်လည်း ဆောင်ပေါ့။ ငါ့အနားတွင် ကပ်ပြီး တိုင်ပင်နေသော နှစ်ကြီးသမား နှစ်ယောက်က လမ်းမှာ ထွက်ပြေးမလို့ တိုင်ပင်ထားတာ"

"လွတ်သွားရောလား"

ကြားမှ အခြားတစ်ယောက်က ဝင်မေးလေသော်

"ဘယ်လွတ်မလဲ အကုန်သေတာ စစ်ဆင်ရေးမှ မပြီးတာ ဘယ်ပြန်လွတ်မလဲ။ ထမင်းအိုးထမ်း၊ ဟင်းအိုးထမ်း၊ ဆန်ထမ်း၊ ငပိထမ်း၊ ငါးခြောက်ထမ်းနဲ့ပေါ့"

"ကျည်ဆံတွေ၊ သေနတ်တွေရော ထမ်းခိုင်းသေးလား"

"ဟာ မင်းအမေလင် အစိမ်းဝတ်တွေက ဒါတော့ ဘယ်ပေးမလဲ။ သူတို့ကို ပြန်ပစ်မှာစိုးလို့"

"မင်းအမေလင် မင်းအမေလင်ဆိုတဲ့ စကားနဲ့သာပြောရင် အဘ ဒါမှမဟုတ် လင်ကြီး လင်ကြီးလို့ခေါ်ရတော့မှာပေါ့"

ဟု ရွှေဒင်္ဂါးမင်းအောင်က အရွှန်းဖောက်လေသော် တဟားဟားရယ်ကြရ၏။

"အဲဒီလူတွေတင် အဘခေါ်တာ ကြိုက်တာ မဟုတ်ဘူး။ ထောင်မှူး ဦးစံရကတောင် သူ့ကို အဘခေါ်မှကြိုက်တာ"

"ဒီစံရစ်ကြီးအကြောင်းမပြောပါနဲ့ကွာ ရှေ့တန်းကအကြောင်း ပေါ်တာတွေအကြောင်း ပြောပါဦး"



"ဟာ အကုန်သေတာပေါ့၊ ငှက်ဖျားမိလို့ 'ဂိ'ပြီး လျှောတဲ့သူ လျှော၊ နေရာအနှံ့ မိုင်းမြေမြှုပ်ခင်းထားတာ လမ်းလျှောက်ရင်တောင် တစ်ယောက်နောက်တစ်ယောက် တန်းစီးပြီးသွားရတာ ဘုမသိ ဘမသိ ဘေးထွက်လို့ကတော့ မိုင်းနင်းမိပြီး သေတဲ့သူကသေ၊ တိုက်ပွဲဖြစ်တော့ တစ်ဖက်နဲ့ တစ်ဖက်ကြား အလယ်ရောက်နေပြီး ဒုက္ခတွေ့ရော"

ထိုစဉ် ဝါဒါတပ်ကြပ်မောင်မောင်လွင် ဝင်လာသည်။ အသားဖြူဖြူ ရုပ်သန့်သန့်နှင့် ထောင်သားများအပေါ် အလွန်အနိုင်ကျင့်သည်။ မျက်နှာချင်းဆိုင်ပြောက ပြုံးပြုံးရယ်ရယ် ယဉ်ယဉ်ကျေးကျေး ခေါင်းစွပ်ထားပြီဆိုက လက်သံပြောင်ပြောင်၊ မညှာမတာ ရိုက်တတ်သော ဝါဒါအကျင့်ဆိုးကို ပိုင်ဆိုင်ထားသည်။ လူမုန်းများသည့်သူဖြစ်သည်။ ၁၀ (က) များထားသော (၁) တိုက်တွင်ကား ဝါဒါတပ်ကြပ် မောင်မောင်လွင်သည် အဆိပ်မရှိသော မြွေတစ်ကောင်အလားနေ၏။ ဖော်ရွေ၏။ သို့လင့်ကစား အလစ်ကြုံလျှင် "ချွန်တွန်း" လုပ်သည်။ ထောင်တွင် "ချွန်တွန်း" လုပ်သည်ဟူသော စကားသည် ထောင်မှူးများအား သွားရောက်ကာ စကားစပ်သယောင်နှင့် တိုင်တောခြင်း၊ ကုန်းတိုက်ခြင်း၊ သတင်းပို့ခြင်း၊ သတင်းပေးခြင်းကို ဆိုသည်။ ဝါဒါမောင်မောင်လွင် လာလျှင် အားလုံးက ပစ္စည်းများကို ဝှက်ကာထားသည်။

"ဆရာ ကိုမောင်မောင်လွင် မမြင်တာကြာပြီ နေကောင်းရဲ့လား"

ရန်မျိုးသိမ်းက အသံကျယ်ကြီးနှင့် အော်ကာပြောသည်။ (၁) တိုက်တွင်ရှိနေကြကုန်သော အကျဉ်းသားအားလုံးတို့အား

www.burmeseclassic.com

www.burmeseclassic.com



ချွန်တွန်း မောင်မောင်လွင်လာနေသည်ကို အသံဟစ်ကာ အထာနှင့် သတင်းပို့ အသိပေးခြင်း ဖြစ်သည်။

‘မင်းအောင်ကို လာခေါ်တာ ဒီကောင်လွတ်ရက်နီးပြီဆိုတော့ အပြင်ဘုတ်ထုတ်မလို့’

ဆိုကာ အခန်းအသီးသီးသို့ သွားရောက်ကာ အခန်းတွင်းမှ သူများကို နှုတ်ဆက်သယောင်နှင့် ဟိုကြည့်ဒီကြည့် ပြု၏။ ထောင်တွင်းစကားအရ ‘အသကုန် ချက်သည်’ ဟူ၍ ဆိုရပေမည်။ (၁) တိုက်ရှိ ၁၀ (က) အကျဉ်းသားတို့သည် တရားထိုင်သယောင်ပြုသူက ပြု၊ ပုတီးစိပ်သယောင်ပြုသူက ပြု၊ အိပ်ချင်ယောင်ဆောင်သူက ဆောင်နှင့် မောင်မောင်လွင်၏ နှုတ်ဆက်မှုအပေါ် မကြားသယောင်ဆောင်ကြသည်။

‘ရွှေဒင်္ဂါးမင်းအောင် အနည်းငယ်မျက်နှာ ပျက်သွားသည်။ သူက တိုက်ဝန်းအတွင်းပျော်နေသည်။ လွတ်လျှင်လည်း တိုက်ဝန်းတွင်းမှသာ လွတ်လိုသည်။

ဟုတ်ကဲ့ဆရာလာပါပြီဟုဆိုရင်း

‘ကိုရန်ကြီး ကျွန်တော့်ပစ္စည်းတွေ ခဏသိမ်းထားဗျာဟု ပြောကာ ပစ္စည်းများကို သံတိုင်တွင်းမှ ထိုးပေးသည်။ ထောင်ကျတို့တွင် ပိုင်ဆိုင်မှုများရှိ၏။ ထောင်ဝင်စာ ဆေးလိပ်ထုတ်၊ မုန့်ထုပ်၊ ငပိကြော်ထုပ်၊ ဆားထုပ်မှအစ ပုံစံပုဆိုး၊ ပုံစံခွက်တို့ဖြစ်သည်။ ရတ်နာထုပ်အလား ကိုယ်နှင့်မကွာ သယ်ဆောင်သော ပစ္စည်းဖြစ်သည်။ မောင်မောင်လွင် မျက်ကွယ်သို့ရောက် ပျောက်သွားသောအခါမှ

‘ဟာ ရန်ကြီး မင်းသတိပေးတာ မြန်သွားတယ် ငါစာရေးနေတာ’



ရင်ထွေးက ဆိုသည်။

‘ငါကလည်းကွာ ဒီမှာ ရေနွေးတည်နေတုန်း မနည်းမီးငြိမ်းလိုက်ရ’

ဘကြီးအောင်က ဆိုသည်။ ထိုကာလတွင် ထောင်တွင် ရေနွေးမရ။ ကြွပ်ကြွပ်အိတ်ကို မီးရှို့ကာ မီးပြု၍ ပုံစံခွက်တွင် ရေထည့်ကာ ရေနွေးကြိုရသည်။ ကော်ဖီမှုန့်၊ နို့မှုန့်တို့အား သွင်း၍ ရသည်။

‘မင်းအောင်က လွတ်တော့မှလား’

မင်းဖေယျာက လှမ်းမေးသည်။ ရန်ကြီးက

‘ဒီကောင်က ကွာတွက်ထားတာ လွတ်တော့မှာ။ နှစ်ပတ်သုံးပတ်ကြာရင် လွတ်တော့မှာ လွတ်နီးတွေဆိုတော့ အပြင်ဘုတ်ထုတ်တာပေါ့’

‘လွတ်နီး’ ဟူသော စကားသည် အပြစ်ဒဏ်ခံရသော ကာလပြည့်ခါနီး၍ ထောင်မှလွတ်ရန် ရက်နှင့် အလွန်နီးကပ်နေသူများကို ခေါ်ဆိုသည်။

ထောင်တွင် စိုက်ခင်းအချို့သည်လည်း ထောင်နံရံကြီး၏ အပြင်တွင်ရှိ၏။ အင်းစိန်ထောင်ကြီး၏ နံရံအပြင်ဘက် ဝန်ထမ်းများနေရာ၊ ထောင်ဝန်းအတွင်း၌ ဝန်ထမ်းအိမ်ရာများရှိ၏။ ညွှန်မှူးကြီးများ ဒုချုပ်ကြီးများ၊ ညွှန်ချုပ်အစရှိသည့် လူကြီးများ၏ နေအိမ်ရှိ၏။ အင်းစိန်ကမ်းနားလမ်းမှသည် ထောင်ဝင်းအတွင်းသို့ ချိုးဝင်သည့် နေရာမှစ၍ အကျဉ်းသားများ ထားရှိရာ နေရာအထိ အလွန်ကျယ်ပြန့်လှသော နေရာရှိ၏။ အပြင်ဘုတ်ဆိုသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



ထောင်ဖူးအပြင်သို့ ထွက်၍ ထောင်ဝင်းအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ သန့်ရှင်းရေးလုပ်ရခြင်းကို ဆိုသည်။ လွတ်ရက်နီးသော သူကိုမှ အပြင်ဘုတ်ထုတ်သည်။ အကြောင်းသည်ကား အပြင်ဘုတ်သည် ထောင်မှ ထွက်ပြေးလွတ်မြောက်ရန်အတွက် တံခါးတစ်ပေါက်သာကျန်သည်။ လွတ်ရက်ဝေးသော သူများဖြစ်က ထွက်ပြေးနိုင်သည်။ လွတ်ရက်နီးသူများပင်လျှင် အပြင်ဘုတ်ထုတ်သော် ခြေကျင်းခတ်၍ ထုတ်သည်။ ထောင်ဝင်စာလာတွေ့သူများသည် ခြေကျင်းခတ်ထားသော ထောင်သားများကို ကြည့်ကာ ဆေးလိပ်တိုက်သူ တိုက်၊ မုန့်ကျွေးသူက ကျွေးပြုကြသည်။ အပြင်လူများက သနားစရာဟု စုတ်တသတ်သတ်။ ညစ်ပတ်နေသည့် အဝတ်ဖြူ၊ သံခြေကျင်းတချောင်းချောင်း ကြွပ်ကြွပ်အိတ်ကိုင်ထားသော အပြင်ဘုတ် ထုတ်ခံထားရသော သူများထက် ပို၍ သနားစရာ ကောင်းလှသော သူတို့သည် ထောင်နံရံကြီးအတွင်း ဒုနှင့် ဒေးရှိကြကုန်၏။

အင်းစိန်ထောင်ကို "ကိုးတံခါးလူရှင် သင်္ချိုင်းကုန်း" ဟူ၍ သတ်မှတ်သည်။ ရှင်လျက်သား သေသူနှင့်မခြား အဖိနှိပ်ခံ အညှဉ်းဆဲခံ၊ လူကို လူဟုပင်မမြင်၊ ရှိသမျှ မာန်စွယ်တို့ကို ချိုးကာ မြေတွင် ပြားပြားဝပ်အောင် ဆဲဆိုကြိမ်းမောင်း ရိုက်နှက်ကန်ကြောက်ခြင်းပြုကာ လူ့အခွင့်အရေး မှန်သမျှကို ချိုးဖောက်ခံရ၍ တိရစ္ဆာန်သဖွယ် ဘဝသေ၍ ရှင်သန်ရသော နေရာဖြစ်သောကြောင့် လူရှင်သင်္ချိုင်းကုန်းဟူ၍ ခေါ်ရပေမည်။ လူ့လောကတွင် ဘဝအဆင့်အတန်းအမျိုးမျိုး ရှိသည်ဆိုအံ့။ နေထိုင်မှုဆင်းရဲကာ အနိမ့်ကျဆုံးသော သူများသည် ထောင်ကျအကျဉ်းခံရသူများဖြစ်သည်။



ရှေးခေတ်ကာလက ကိုလိုနီနယ်ချဲ့ အင်္ဂလိပ်တို့သည် အင်းစိန်ထောင်ကို တည်ဆောက်သောအခါ ဂမ္ဘီရဆန်သော အစီအရင်များနှင့် တည်ဆောက်၏။ ရှေးမြန်မာဘုရင်တို့၏ ကြေးတိုက်ဟုခေါ်သော အကျဉ်းထောင်တို့တွင် ပြုဆောင်ထားသော အစီအရင်တို့နှင့်တူအောင် စီရင်၏။ ကိုလိုနီခေတ်ဦးကာလမှ ရှေးမြန်မာတို့သည် တုတ်ပြီး၊ ဓားပြီးအင်းအိုင် စတဲ့ လက်ဖွဲ့များနှင့် လောကီအစီအရင်များကို သုံးဆောင်သူများဖြစ်၏။ ခန္ဓာကိုယ်တွင် အင်းကွက်များထိုးထားကြသည်။ ပေါင်တွင် ထိုးကွင်းများထိုးသည်။ သော့တို့ကိုပွင့်စေသော မန္တန်များရှိသည်။ အမြင့်သို့ ကြောင်တစ်ကောင်လို ခုန်တက်နိုင်သော ကြောင်တက်၊ ကြောင်ကျအင်းများ၊ သူခိုးတောက်ပြားကဲ့သို့ စွမ်းသောသူများရှိသည်။ တုတ်ပြီး၊ ဓားပြီး၊ သေနတ်ကိုပင် မီးမကူးအောင် ဆောင်ရွက်ထားသော အစီအရင်များရှိသည်။ ထိုသို့ အဆောင်အယောင် အစီအရင်များနှင့် သူတို့ကို အတားအဆီး တံခါးကိုးပေါက်ကို ဖြတ်သန်းစေခြင်းဖြင့် ကိုယ်ခံလောကီအစီအရင်များ၊ ဆေးဝါးများ၊ သိဒ္ဓိများတန်ခိုး ပျက်ပြယ်သည်။ ဤသို့ဖြင့် တံခါးကိုးပေါက်ကိုဖြတ်သန်း၍ လှောင်ပိတ်ခံကာ အကျဉ်းစံနေရသောသူများသည် အုတ်ရိုးလေးဘက်လေးတန် တားဆီးထားသည့် အကျဉ်းထောင်အဝင်ဝ ထောင်ဘူးဝ တံခါးမကြီးတွင် လူတစ်ယောက်ဝင်စာ ဖောက်ထားသည့် တံခါးပေါက်ငယ်မှ ခြေကျော်ခေါင်းငုံ့ ဝင်လိုက်သည်နှင့် ခန္ဓာကိုယ်တွင် ဖိန်းခနဲ ... ရှိန်းခနဲ ဖြစ်သွားသည်။ ကြက်သီးဖျန်းဖျန်းထသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒဏ္ဍာရီသဖွယ် အင်းစိန်ထောင်အကြောင်း ပြောကြရာတွင် ရှေးကာလ မျက်နှာဖြူနယ်ချဲ့တို့သည် ထောင်အဝင် တပ်ရဲဂိတ်မှသည် မိန်းဂျေးအထိသွားရာလမ်းတစ်လျှောက်တွင် သွေးစိမ်းရှင်ရှင် သေပွဲဝင်သူတို့၏ အလောင်းများကို မြှုပ်နှံထားသည်။ အဝင်တံခါးမအသီးသီးတို့၏ တံခါးတစ်ဖက်တစ်ချက် တိုင်များအောက်ခြေတွင်လည်းကောင်း၊ တံခါးခြေကျော်သည့် နေရာတွင်လည်းကောင်း အင်းအစီအရင်များမြှုပ်နှံထားသည်ဟု ဆိုသည်။ အင်းစိန်ထောင်ကြီးတည်ရှိပုံကိုလည်း ရှေးခေတ်ကာလ ချိန်သီးတပ်ထားသည့် နာရီအလားဖြစ်သည်။ မိန်းဂျေးဟုခေါ်သော အလယ်နေရာသည် တိုင်ကပ်နာရီတစ်ခုတွင် နံပါတ်များပါသည့် နာရီမျက်နှာပြင်နှင့်တူကာ ထောင်ဘူးဝမှ မိန်းဂျေးသို့ သွားသောလမ်းသည် တိုင်ကပ်နာရီ၏ ချိန်သီးရှိရာ အောက်အိမ်နှင့်တူ၏။ မိုးကောင်းကင်အမြင့်မှကြည့်လေသော် ရှေးခေတ်ကာလတွင် အသုံးပြုသော ရှေးဟောင်း သော့ချောင်းတို့ကို ထိုးဖွင့်ရသော သော့ပေါက်နှင့်လည်း သဏ္ဍာန်တူ၏။ မိုက်နိုင်ပေ့ဟု ဆိုအပ်သော လူမိုက်ကြီးများပင်လျှင် ဦးကျိုးသွားစေမည့် ကိုးတံခါးအစီအရင်နှင့် ထူးခြားလှသော အင်းစိန်ထောင်ကြီး၏ တံခါးကိုးခုသည်ကား အင်းစိန်ကမ်းနားသို့ဆင်းသည့် လမ်းမမှသည် ထောင်ဝင်းအတွင်းသို့ ချိုးဝင်လိုက်သောအခါ ပထမဦးဆုံးတွေ့ရသော ဂိတ်ကို အပြင်တပ်ရဲဂိတ်ဟုခေါ်သည်။ မော်တော်ကား၊ စက်ဘီး၊ ဆိုင်ကယ်မှသည် လမ်းလျှောက်လာသောသူအထိ ကျကျနနရှာဖွေပြီးမှ ဝင်ခွင့်ပြုသည်။



ဝါဒါအချင်းချင်းကိုပင် အပြစ်ပေးထိန်းချုပ်နိုင်သည့် MP တပ်ရဲဂိတ်ရှိသည်။

ပြင်ပကမ္ဘာတွင် မည်မျှ ဩဇာအရှိန်အဝါ ကြီးမားသောသူဖြစ်စေ၊ ချမ်းသာသောသူပင်ဖြစ်စေ ဤတပ်ရဲဂိတ်ရောက်လျှင်ပင် ဦးကျိုးရ၏။ ဤတပ်ရဲဂိတ်ကို ကျော်၍ အတွင်းသို့ အချိန်အတန်ကြာ လမ်းလျှောက်သွားလေသော် အတွင်းတပ်ရဲဂိတ်ကို တွေ့ရ၏။ ဤကား ထောင်နံရံကြီးနှင့် ထောင်နံရံဘေးထောင်ကို အပြင်မှပတ်၍ သွားနိုင်သော ထောင်ပတ်လမ်း၊ ထောင်ပြင်ရှိ အထူးတရားရုံးများနှင့် ဝန်ထမ်းအိမ်ရာတို့အကြား စည်းခြားထားသည့် ခြံစည်းရိုး သံဆူးကြိုး ဝင်းထရံ၏ အဝင်ဂိတ်ဖြစ်သည်။ ထိုနေရာ၌လည်း ဝါဒါတပ်ရဲများမှ စစ်ဆေးမေးမြန်းပြီးကာမှ အတွင်းသို့ ဝင်ရသည်။ ထောင်ဝင်စာတွေ့သောသူများ၊ အထူးတရားရုံးသွားသောသူများသာ ဝင်ခွင့်ရှိသည်။ တတိယတံခါးသည်ကား ထောင်ဘူးဝတံခါးဖြစ်သည်။ ထောင်တံခါးကြီးသည် ထောင်တွင်းသို့ ကားအဝင်အထွက်ရှိမှသာ ဖွင့်သည်။ ကြီးမားခန့်ထည်သော တံခါးဖြစ်သည်။

ထောင်ဘူးဝတံခါးကြီးသည် တစ်ကြိမ်မြင်ရုံမျှနှင့် ဤတံခါးကို မေ့မသွားလောက်အောင် ကြီးမားခန့်ထည်သည်။ အိုမင်းရင့်ရော်ခြင်းရှိသည်။ ကြောက်မက်ဖွယ် အဆင်းရှိသည်။ ရွံ့ကြောက်ဖွယ်သဏ္ဍာန် ရှိသည်။ ဆိုရိုးစကားတစ်ခုသည်ကား ဤဘူးတံခါးအား လည်ပြန်၍ လည်ပြန်လှည့်မကြည့်ရ။ ကြည့်မိက နောက်တစ်ကြိမ် ပြန်ဝင်ရသည်ဟူသော စကားရှိသည်။ သက်မဲ့တံခါးဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



လည်း မော်၍ မကြည့်ဝံ့၊ ငွေ့၍ လည်းမကြည့်ရဲ၊ နောက်ပြန်ကြည့်ရန်ကိုကား လုံးဝစိတ်ထဲမထား။ ဤတံခါးကြီးကို ထိမိလျှင်ပင် တစ်စုံတစ်ရာ အန္တရာယ်ကြီးသွားလေမလားဟု အတွေးမျိုးဝင်ရသည့် တံခါးကြီး ဖြစ်သည်။ ရိက္ခာကားများ၊ အထူးကားများဝင်မှသာ ဤတံခါးကို ဖွင့်သည်။ ရင်စေ့တံခါးဖြစ်သည်။ တံခါးနှစ်ချပ်ကို ဟ၍ဖွင့်ရသည်။ လူဝင်ရန်အတွက်မူ အဝင်တံခါးတစ်ချပ်တွင် လူတစ်ယောက်စာဝင်ရန် မလွယ်ပေါက်ကို တံခါးတပ်၍ပိတ်ထား၏။ အပြင်တံခါးစောင့်က အတွင်းသို့ တခေါက်ခေါက် အချက်ပေးလေသော် ချောင်းကြည့်ပေါက်မှကြည့်ကာ တံခါးပေါက်ငယ်ကို ဖွင့်ပေး၏။ ကျော်ကာ ငုံ့ကာနှင့် ရိုရိုကျိုးကျိုးဝင်ရသည်။ ထောင်သို့ မျက်နှာမူ၍ ဝင်လေသော် ဝဲဘက်တွင် ရုံးခန်းများ၊ ယာဘက်တွင် အစည်းအဝေးခန်းများ တည်ရှိ၏။ ဝဲဘက်သို့ သွားလေသော် ထောင်ဝင်စာ တွေ့ရန်နေရာသို့ ရောက်၏။ ယာဘက်သည်ကား အထူးစောင့်ကြပ်ခံရသည့် အကျဉ်းသားများ ထောင်ဝင်စာတွေ့ရန် နေရာဖြစ်သည်။ အထူးကြပ်မတ်စောင့်ကြည့်ခံရသော သူတို့ကို ထောင်မှူးများ၊ ဝါဒါများက အကျဉ်းသား VIP များဟုခေါ်သည်။ ထိုသူတို့သည် ထောင်တွင်းတစ်နေရာမှ တစ်နေရာသို့သွားသောအခါ ဝန်ထမ်းဝါဒါနှစ်ယောက်က တစ်ဘက်တစ်ချက် လက်မောင်းကို ချုပ်ကိုင်၍ ဦးခေါင်းကို အဝတ်ဖြူစွပ်ကာ ရှေ့မှထောင်မှူးမှ ဦးဆောင်၍ လမ်းကြောင်းထွက်သည်။ လမ်းကြောင်းတစ်လျှောက် တန်းစီးနှင့် အခြားဝါဒါတို့က ၄င်းတို့နှင့် အတူရှိနေသော ထောင်ကျတို့အား 'ပုံစံထိုင်



ထားမည်'ဟုဆိုကာ လမ်းဘေးသို့ ဖယ်ပေးကြရသည်။ ထောင်ကျအကျဉ်းသားအချင်းချင်းက ခေါင်းစွပ်ကြီးများဟု ခေါ်သည်။ မည်သူမည်ဝါဟူ၍ မျက်နှာပေးမသိ။ ထောင်ဝင်စာတွေ့ရန် သတ်မှတ်သော နေရာရောက်မှ ခေါင်းစွပ်ချွတ်၏။ တစ်ဦးချင်း တွေ့ရသည်။ ပြောသမျှကို ထောင်မှူးမှမှတ်ကာ အထက်သို့ အစီအရင်ခံစာပို့ရသည်။ စတုတ္ထတံခါးသည်ကား ထောင်နန်းစံရာ နေရာသို့စတင်ခြေချရသော နေရာဖြစ်သည်။ အမြဲပိတ်ထားသော နှစ်ထပ်တံခါး၊ ခြေကျော်၍ ခေါင်းငုံ့ကာဝင်ရသော တံခါးဖြစ်သည်။ ရှေ့ထောင်တံခါးဝနှင့် ထပ်တူညီသည့် ဤတံခါးသည်ကား ထောင်သို့ စတင်ဝင်ရောက်သူအား ဦးချိုးသောနေရာဖြစ်သည်။ ပုံစံခန်းလူကြီးများ၊ စည်းကမ်းထိန်းသိမ်းရေးများ၊ တန်းစီစောင့်နေကြသည်။ ထောင်ဝါဒါဝန်ထမ်းလက်မှ လက်လွှဲယူကာ တဖြောင်းဖြောင်း၊ တဒိုင်းဒိုင်း၊ တဝုန်းဝုန်းနှင့် ရိုက်နှက်ကာ ပြင်ပလောကတွင် ကြားဖူးနိုင်ခြင်းမရှိလောက်သည့် ဆဲဆိုသံတို့သည် ငရဲတံခါးဝ၏ အစဖြစ်ပေသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## စတုတ္ထတံခါးမှ အလွန်

အင်းစိန်ထောင်အတွင်း ထောင်ဗူးဝမှသည် မိန်းဂျေးသွားရောက်သော လမ်းသည်ကား ချိုင့်ခွက်ဟူ၍မရှိ။ မိန်းမချောတို့သုံးစွဲသော သနပ်ခါးကျောက်ပျဉ်၏ မျက်နှာပြင်အလား ချောမွေ့သည်။ မြေနီလမ်း ဖြစ်လင့်ကစား ဖုံမှုန့် တစိုးတစေ့မှမရှိ။ ဘေးတစ်ဖက်တစ်ချက်တွင် လွန်စွာလှပသော ပန်းပင်များ ရှိသည်။ ထောင်အဝင်လမ်းသည်ကား ပဌမမြောက်သော အဝင်ဂိတ်မှစသည်။ ဆဌမမြောက်အဝင်အထွက် ထိန်းချုပ်မှုဂိတ်ဖြစ်သော မိန်းဂျေးဂိတ်နှင့် သွယ်တန်းထားသော ဂိတ်ဖြစ်သည်။ လမ်းကြိတ်သည့် သံဒလိမ့်တုံးကြီးများကို လူအင်အားနှင့် တွန်းကာကြိတ်ကာနှင့် ချောမွေ့အောင် အမြဲဆောင်ရွက်သည်။ လမ်းကြိတ်သော ဒလိမ့်တုံး ၂-တုံးအနက် အနည်းငယ်သော ဒလိမ့်တုံးကို "ချစ်ကိုကို" ဟုခေါ်၍ အတော်အတန်ကြီးသော ဒလိမ့်တုန်းကို "ချစ်မမ" ဟုခေါ်၏။ ထောင်တွင် "ချစ်မမ" နှင့် တွေ့သွားမယ်ဟူသောစကားသည် လွန်စွာခေတ်စား၏။



ထောင်ကျအကျဉ်းသားတို့ စည်းကမ်းဖောက်ဖျက်၍ အပြစ်ပေးခံရသောအခါ ခြေတွင် သံခြေချင်းဝတ်ဒေါက်ခတ်၍ လမ်းကြိတ်သည့် သံဒလိမ့်တုံးကို တွန်းကာဆွဲကာပြုစေ၍ အပြစ်ပေးသည်။ အမျိုးသမီး အပြစ်ကျူးလွန်သူများအတွက် လမ်းကြိတ်ဒလိမ့်တုံး ချစ်ကိုကိုရှိသည်။ နောက်ပိုင်းတွင်ကား ချစ်ကိုကို၊ ချစ်မမ ၂-ခုစလုံးကို ထောင်ကျ အမျိုးသားများကသာ အပြစ်ဒဏ်ခံရသည်။ ထောင်ရှိ တံခါးပေါက် (၉) ပေါက်အနက် စတုတ္ထမြောက်တံခါးကို ကျော်သည်နှင့် ပုံစံထိုင်ခြင်း၊ ပုံစံရပ်ခြင်းတို့ကို မိနစ်ပိုင်း၊ နာရီပိုင်းအတွင်း တစ်သက်တာ စွဲမှတ်သွားအောင် သင်ကြားလေတော့သည်။ ကမ္ဘာပေါ်တွင် ရှိရှိသမျှ သင်ကြားမှုနည်းစနစ်အလုံးစုံ၌ အထိရောက်ဆုံးနည်းသည်ကား ပဌမမြောက်တံခါးဝ ပုံစံပေးခြင်းဖြစ်သည်။ ထောင်တွင်းရောက်လာသော အကျဉ်းသား၊ အချုပ်သားတို့အား အမေးအမြန်းမရှိ အဝတ်ဖြူဝတ်ထားသော ပုံစံပေးသည့် ဘုတ်ကိုင်များ၊ တန်းစီးများက တဖြောင်းဖြောင်း၊ တဒိုင်းဒိုင်း လက်ဝါး၊ လက်သီး၊ တံတောင်၊ လက်ဖျံတို့နှင့် ထုထောင်းရိုက်ပုတ်စဉ် နှုတ်မှလည်း တရစပ်… အခေါ်အပြော၊ အမေးအဖြေတို့ကို စတင်ပုံစံပေးလေတော့သည်။

ပုံစံရပ်သောအခါတွင် လက်နှစ်ဖက်အား ဆီးစပ်နေရာ၌ဖြန့်၍ အုပ်ကာထားရသည်။ လက်ဝါးနှစ်ဖက်ယှက်၍ ထပ်ထားရာ၌ အချုပ်ဆိုက ဘယ်ဘက်လက်၊ ထောင်ကျသည်ကား ညာဘက်လက်ဖမိုးကို အပေါ်တွင်အုပ်၍ လက်ချင်းယှက်ထားရသည်။ ရှေ့နောက် မတ်တပ်ရပ်သောအခါ မျဉ်းတစ်ဖြောင့်တည်းဖြစ်အောင် ရပ်ရခြင်း အပေါ်သင်ကြားသော ဥပဒေသည်ကား လွန်စွာမှတ်မိ

www.burmeseclassic.com

www.burmeseclassic.com



လွယ်သည်။ လိုက်နာ၍လည်း လွယ်ကူသည်။ အမှန်တကယ်လည်း မျဉ်းတစ်ဖြောင့်တည်းဖြစ်အောင် တန်းစီနိုင်သည်။ တန်းစီးတို့ အော်ကြီးဟစ်ကျယ် သင်ကြားသည်ကား... "ရှေ့ဖင်နောက်(ဒီး) တစ်ဖြောင့်တည်းစီထားမယ်" လွန်စွာသဘာဝကျသည်။ လူသားတစ်ဦး၏ အလယ်ဗဟိုချက်ကို တည့်အောင်ရှာဖွေ၍ ညီအောင်စီသော နည်းဖြစ်သည်။ ဤစကားသည်ကား ထောင်တွင်း နေ့စဉ်သုံးစကားများအနက် အယဉ်ကျေးဆုံးစကားဖြစ်သည်။ ယနေ့ထက်တိုင် သိလိုသည့်အကြောင်းသည်ကား အမျိုးသမီးများတန်းစီက ရှေ့နောက်ညီအောင်မည်သို့ပြော၍ ပုံစံပေးသည်ကိုကားမသိ။ ဖြစ်နိုင်ချေ ရှိသည်ကား "ရှေ့ဖင် ခေါက်-တ် ကပ်ထားမယ်" ဟု ပြောသည်ထင့်။

ဤကား ထောင်သက်ရင့်လှသော ရုပ်ရှင်မင်းသား ဦးအောင်လွင် (ဘကြီးအောင်) ၏ အတွေးအခေါ်နှင့် မှတ်ချက်ဖြစ်သည်။ ရပ်နည်းသင်ပြီးသောအခါ ထိုင်နည်းပုံစံပေးသည်။ တင်ပျဉ်ခွေထိုင်၊ လက်သီးဆုပ်တို့ကို ဒူးခေါင်းပေါ်တွင်တင်၍ ခါးကိုမတ်မတ်ထားကာ ခေါင်းငုံ့ထားရသည်။ လမ်းလျှောက်နည်း ပုံစံပေးရာ၌ လက်နှစ်ဖက်ကို ရှေ့တွင်ထား ဆီးစပ်တွင်အုပ်၍ ခေါင်းငုံ့ကာ လမ်းလျှောက်ရမည်ဖြစ်သည်။ နာမည်ဖြေနည်း၊ အမှုပုဒ်မဖြေနည်း၊ လိပ်စာဖြေနည်းတို့ကို တစ်ထိုင်တည်းသင်၏။ "အမှတ်မရှိ၊ လမ်းမရှိ၊ ကီလီဘောတံတား" ဟူသော လိပ်စာဖြေနည်း ဖော်မြူလာအခြေခံထား၍ အိမ်အမှတ်၊ လမ်းအမှတ် အစဉ်အတိုင်း ဖြေနည်းသင်ပေး၏။ ရှေ့နောက်မှားက တဖြောင်းဖြောင်းရိုက်၏။ ပါးရင်း၊ နားရင်း ပါးရင်းတို့ကို အဆက်မပြတ် ရိုက်လေသောအခါ



မှုလမာန်ရှိသူတို့သည် မျက်လုံးခပ်ရိုင်းရိုင်းနှင့် တစ်ချက်ဝင့်ကြည့်မိသည်ဆိုက ထိုလူမျိုးကို ဦးချိုးရန်အတွက် "အောင်မာ..." ဟူသော အသံကို အစဦး၍ တဖြောင်းဖြောင်း ထပ်မံရိုက်နှက်ကာ မာန်စွယ်ချိုးလေတော့သည်။

ပုံစံအတော်အတန်ကျသွားသောအခါမှ အတွင်းတံခါးဝ၏ "ယာ" ဘက်တွင်ရှိသော ရုံးခန်းတို့တွင် မှတ်ပုံတင်၊ ထောင်ကျနံပါတ်ထုတ်သည်။ ထောင်ကျသော သူတို့သည် ကိုယ်ပိုင်နံပါတ်ကိုယ်စီရှိ၏။ 'စီ' ဟူ၍ ရေးကာ နံပါတ်ပေးထားသည်။ ကွန်ဗစ် Convictများဟု သတ်မှတ်နံပါတ်ထိုးခြင်းဖြစ်သည်။ ပဋ္ဌမမြောက်တံခါးကို ပုံစံကျမှသာ ကျော်ဖြတ်ရလေတော့သည်။ ပဋ္ဌမြောက်တံခါးကျော်သည်နှင့် ထောင်ဟူသော နေရာဒေသ၏ နယ်နိမိတ်အတွင်း အပြည့်အဝကျရောက်လေသတည်း။ ထောင်၏ အလယ်ဗဟိုတွင်ရှိသော နေရာသည်ကား မိန်းဂျေးဟူ၍ ခေါ်သည်။ ထိုနေရာကို ကျော်ဖြတ်ပြီးမှ အဆောင်များ၊ တိုက်များသို့ သွားရောက်နိုင်သည်။ ထောင်၏ ဗဟိုချက်မဖြစ်သည်။ ဤကား ဆဋ္ဌမမြောက် တံခါးတည်ရာဖြစ်သည်။ ထောင်တွင်းသို့ မှောင်ခိုပစ္စည်းကဲ့သို့ သွင်းခွင့်မရှိသည့် အရာများကို ခိုးသွင်းခြင်းကို ရှာဖွေစစ်ဆေးသည့် ဂိတ်ဖြစ်သည်။

ထောင်တွင် မှောင်ခိုပစ္စည်းဟူ၍မခေါ် အိုးသွင်းပစ္စည်းဟူ၍ သတ်မှတ်သည်။ ပိုက်ဆံတို့ကို လိပ်၍ စအိုတွင် ထည့်သွင်းကာ ထောင်သို့ ပိုက်ဆံခိုးသွင်း၏။ မူးယစ်ဆေးဝါး၊ ရွှေ အစရှိသည်တို့ကိုလည်း ဤသို့သွင်း၏။ အချို့သော ထောင်သက်ရင့်သူတို့သည် ဘိန်းဖြူမှအစ ဆေးပြားအလယ်၊ ရွှေဆွဲကြိုးအခွံ့ပိုက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



မျိုချ၍ ဝမ်းသွားသောအခါမှ ဂန်ဖလားအတွင်းမှ ဆယ်ယူဆေးကြောကာ သုံးစွဲကြကုန်၏။ မစင်နှင့် ရွှေသည် လွန်စွာလိုက်ဖက်ပုံရသည်။ ဝမ်းတွင်းမျိုချပြီး ဝမ်းသွားသောအခါ အတုံးလိုက်အတစ်လိုက်ကြားမှ ရောပါလာသောရွှေသည် လက်လက်ထနေ၏။ ဆေးကြောလိုက်သောအခါ အတော်အရောင်ဝင်း၏။ သို့သော် အနံ့အတော်နှင့်မပျောက်။ ထောင်တွင် ရှာဖွေခြင်းကို "တလာစီ" သည်ဟု ခေါ်သည်။ ထောင်တွင်း၌ ထောင်ကျများကသာ အချင်းချင်းအုပ်ချုပ်သည် Devide and Rule ဟု ခေါ်ဆိုအပ်သော ဗြိတိသျှကိုလိုနီစနစ်၏ အနှစ်သာရကို ထောင်၌ ယနေ့တိုင်သုံးစွဲ၏။ ဘဝတူအချင်းချင်းထဲမှ အခွင့်အရေးပိုပေးကာ လက်ပါးစေအဖြစ်မွေး၍ ခွဲထုတ်ခြင်းဖြင့် အချင်းချင်းပြန်လည် အုပ်ချုပ်စေသော နည်းစနစ် ဖြစ်သည်။

ထောင်ကျအပြစ်ပေးခံရသူထဲမှပင် ဘာယာ၊ ဘုတ်ကိုင်၊ အခန်းလူကြီး၊ တန်းစီးတို့ကို အဆင့်ဆင့်နေရာ ပေးလေသော် ဘာယာလောက်၊ ဘုတ်ကိုင်လောက်၊ အာဏာရလျှင်ပင် အချင်းချင်းဖိနှိပ်သည်။ ပြင်ပလောကတွင် ဆယ်အိမ်ခေါင်း၊ ရာအိမ်ခေါင်းသူကြီး စသည်တို့လည်း ဤသို့ပင်အာဏာကို ရူးကြပေလိမ့်မည်။ ရရှိထားသော နေရာကို ပပျောက်မည်စိုးသဖြင့် ဘာယာတို့သည် ၎င်းတို့၏အထက်မှ တန်းစီး၊ အခန်းလူကြီးများကို လွန်စွာ ရိုသေသည်။ တန်းစီးများသည် လွန်စွာအာဏာရှိသည်။ ခြေထောက်ကိုနှိပ်ပေးသူက နှိပ်ပေး၊ ဇက်ကြောဆွဲပေးသူက ဆွဲပေးနှင့် တပည့် ၄၊ ၅၊ ၆ ယောက်နှင့် အလွန်ဇိမ်ကျသည်။ ပြင်ပလောကတွင် ဤမျှလောက်သော စည်းစိမ်ကိုရမည်မဟုတ်။ ထောင်



ဝတ်စုံ ပုံစံအဖြူကို ဝတ်လျှင်ပင် ပလေကပ်အဖြူ၊ ရုပ်အင်္ကျီ အဲရိုးအဖြူ လည်ကတုံးနှင့် ကျော့နေအောင် ဝတ်ဆင်နေထိုင်သည်။ နင်းနှိပ်ပေးသူ၊ ခူးခပ်ကျွေးမွေးသူ၊ ယပ်ခတ်ပေးသူ၊ အဝတ်ဖွတ်ပေးသူနှင့် ခြွေရံများစွာရှိ၏။ အပြင်ထွက်လျှင်ပင် ဘေးမှရံ၍ အခြွေအရံအဖြစ် လိုက်ကြကုန်၏။

တန်းစီးက စကားတစ်လုံးပြော မျက်ရိပ်တစ်ချက်ပြသည်နှင့်ပင် ဝိုင်းဝန်းကန်ကြောက်၊ ရိုက်ပုတ်ချိုးဖဲ့၊ ခြေမွပြုပြီးဖြစ်သည်။ မိန်းဂျေးတန်းစီးတို့သည် လွန်စွာအာဏာရှိ၏။ ထောင်အကြိမ်ကြိမ်ကျသော လူမိုက်ကြီးများဖြစ်၏။ ကိုးတံခါး၏ ဆဋ္ဌမမြောက်တံခါးရောက်လာသူတို့အား ကုန်စင်အောင် စစ်ဆေးနိုင်၏။ မိန်းဂျေးတန်းစီးတို့သည် ခါးပိုက်နှိုက်၊ သူခိုး၊ လူမိုက်မှန်သမျှကို ကောင်းစွာသိသူဖြစ်သည်။ မည်သို့မည်ပုံ၊ မည်သည့်ပစ္စည်းမျိုး ဝှက်ယူလာသည်ကို သိသူဖြစ်သည်။ ဆဋ္ဌမမြောက်တံခါးတွင် အကုန်ချွတ်၍ရှာသည်။ နှာခေါင်း၊ နားရွက်၊ ပါးစပ်အတွင်းမှအစ အာခေါင်တိုး လျှိုပေါက်အောင် ကြည့်သည်။ ပေါင်ကြား၊ ချိုင်းကြားတို့အား အလစ်မပေး၊ စအိုအတွင်း လက်သွင်း၍ဖြစ်စေ၊ တုတ်ချောင်းသွင်း၍ဖြစ်စေ မွှေနှောက်ရှာသည်။ အပိုးမကျိုး၊ ထောင့်မကျိုးထင်သော အကျဉ်းသားတို့၏စအိုတို့အား ဆိတ်ဆွဲ၊ ထိုးခွဲ၊ ရှုပ်ရှာအောင်ပြု၏။ ခံရသူ အချို့သည် အနာဖြစ်၍ ရောဂါဝင်ကြ၏။ AIDS ပင် ဖြစ်ကြကုန်သည်။ ရိုက်ပုတ်ခြင်း၊ ဆဲဆိုကြိမ်းမောင်းခြင်းတို့သည်ကား ပိုမိုပြင်းထန်လာ၏။

မိန်းဂျေးကျော်လျှင် နေထိုင်ရမည့် အဆောင်ဝင်း၊ တိုက်တန်းသို့ သွားရောက်ရန်ဖြစ်သည်။ ထောင်အချုပ်နှင့် ထောင်ကျများ

www.burmeseclassic.com

www.burmeseclassic.com



နေထိုင်သည့် တိုက်ဝင်းများ၊ အဆောင်ဝင်းများသို့ ဝင်ရောက်သည့် တံခါးသည် သတ္တမမြောက် တံခါးဖြစ်သည်။ ထိုသတ္တမမြောက် တံခါးသို့ရောက်လျှင် ထပ်မံဦးချိုးခံရပြန်သည်။ ထိုတံခါးဝတွင် ဘာယာ၊ စည်းကမ်းထိန်းသိမ်းသူတို့က ကြမ်းတမ်းစွာ ဆဲဆိုရိုက်နှက်၍ ပြင်းထန်းစွာ ပုံစံပေး၏။ အဆောင်ရုံးခန်း၊ တိုက်ရုံးခန်းတို့တွင် သက်ဆိုင်ရာ အဆောင်မှူး၊ ထောင်မှူးတို့ရှေ့တွင် ပုံစံထိုင်ခစား၍ အဆောင်မှူး၊ ထောင်မှူးတို့၏ မိန့်ခွန်းချွေသမျှကို နာယူရလေတော့သည်။ တိုက်ဝင်း၊ အဆောင်တံခါးကိုဖြတ်သန်း၍ သက်ဆိုင်ရာ ရုံးခန်းတို့တွင် ပုံစံပေးခံရပြီးနောက် အဋ္ဌမတံခါးဝသို့ ပို့ဆောင်ခြင်း ခံရပေတော့သည်။

ထောင်သို့ စတင်ဝင်ခြင်းမှ ကျော်ဖြတ်ရမည့် (၈) ခုမြောက် အဋ္ဌမတံခါးပေါက်သည်ကား နေထိုင်ရမည့်အဆောင် သို့မဟုတ် တိုက်အဆောက်အဦးသို့ ဝင်ရောက်သည့် ပင်မတံခါးအဝင်ပေါက်ဖြစ်သည်။ ထိုတံခါးသို့ရောက်လေသော် အဆောင်တန်းစီး အခန်းလူကြီးများအား ပုံစံထိုင်၍ ဂါရဝပြုရပြန်သည်။ ပုံစံကျအောင် ရိုက်နှက်ခံပြန်သည်။ အကြမ်းတမ်းဆုံးစကားများဖြင့် ဆဲရေးတိုင်းထွာခံရပြန်သည်။ နှုတ်မှဆဲဆိုသည်၊ အော်ဟစ်သည်ထက် ပိုမိုကြမ်းတမ်းပြင်းထန်စွာ ခြေ၊ လက်၊ တတောင်တို့နှင့် ထိုး၊ ရိုက်၊ ထု၊ ထောင်း၊ ကန်ကြောက်ခြင်းကို ပြု၏။ တန်းစီး၊ အခန်းလူကြီးများ၏ တပည့်၊ လူမိုက်တို့က 'ချွတ်ခွာ' လုပ်သည်။ ထောင်တွင် 'ချွတ်ခွာ' ဟူသော စကားသည်ကား ဝတ်ထားသော အင်္ကျီ၊ ပုဆိုး၊ အထည်ကောင်းတို့ကို ချွတ်ယူခြင်း၊ ခန္ဓာကိုယ်တွင် ပါသော



ပစ္စည်းတို့ကို ဆွဲချွတ်ယူငင်ခြင်း၊ ပြောင်ကျကျ လုယက်ခြင်းကို 'ချွတ်ခွာ' လုပ်သည်ဟု ဆိုသည်။

အဋ္ဌမတံခါးကို ကျော်၍ နောက်ဆုံး (၉) ခုမြောက်သော နဝမမြောက်တံခါးသည်ကား မိမိနေထိုင်ရမည့်အခန်းသို့ ဝင်ရမည့် တံခါးပေါက်ဖြစ်ပေသည်။ နေထိုင်ရာအခန်းတံခါး နဝမမြောက် တံခါးသို့ဝင်လေသော် အခန်းလူကြီးနှင့် အခန်းတွင်း အရင်ရောက်သောသူတို့က ဝိုင်းဝန်းပညာပေးကြပြန်သည်။ မိလ္လာချောင်ဟုခေါ်သော အိမ်သာ ချီးပုံး၊ ဂန်ဖလားဘေး၌ နေထိုင်စေ၍ ထောင်ကျဘဝကို စတင်စေသည်။ ဤကား ကိုးတံခါး အင်းစိန်ထောင်၏ တံခါးတို့ကို ဖြတ်သန်းခြင်းတည်း။

## အပြင်ဘုတ်သို့

ရွှေဒင်္ဂါးမင်းအောင်သည် ထောင်တွင် အနေအထိုင်ကျစ်လျစ်၍ ထောင်မှူးများ၊ ဝါဒါများကို နှစ်လိုအောင် ဆောင်ရွက်နိုင်ခြင်းရှိသည်။ တန်းစီးများနှင့်လည်း အဆင်ပြေသည်။ ဆုမှတ်ရက်များကိုလည်း ရသည်။ လျှော့ရက်ကိုလည်း ကောင်းစွာခံစားရသည်။ ထောင်ကျတိုက်စာရေး ကိုအောင်လှိုင်မှ 'ကွာ' တွက်လေသော် လွတ်ရက် (၁၅) ရက်သာလိုတော့သည်။ ထောင်တွင်းရုံးခန်းများတွင် လက်နှိပ်စက်ရိုက်ခြင်းမှအစ ရုံးပိုင်းဆိုင်ရာ လုပ်ငန်းများတွင် ထောင်ကျများကို နေရာပေးခန့်ထား၍ ခိုင်းစေ၏။ စာရေး၊ စာချို၊ စာရင်းဇယား ဝန်ထမ်းများ၊ အရာရှိများသည် ထောင်ကျသော ထောင်ရုံးခန်းများ၌ နေရ၏။ ထောင်ကျတို့၏ ကိစ္စအဝဝကို ဆောင်ရွက်ပေး၏။ ထောင်မှူးများ၊ ဝါဒါများမှ လည့်ကြည့်ရန်လိုအောင်

www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းကျင်အဆင့်ရှိသူများ ဖြစ်သည်။ ထောင်တွင်း၌ လူဆိုး၊ သူခိုးများသာမက ဌာနဆိုင်ရာ ပစ္စည်းများခိုးဝှက်၍ ထောင်ကျလာသော သူဝှက်များလည်း ရှိ၏။

"မင်းအောင် မင်း အပြင်ဘုတ်သွားရမယ်"

ထောင်မှူးကြီး ဦးကံမြင့်မှ ပြောလေသော်...

"ဟုတ်ကဲ့ပါ ဗိုလ်ကြီး"

ဝါဒါတို့ကို ဆရာဟုခေါ်ရသည်။ ၁ပွင့်နှင့်ထောင်မှူး၊ ၂ ပွင့်နှင့် ထောင်မှူးကြီးတို့အား အကျဉ်းသားတို့က ဗိုလ်ကြီးဟူ၍ ခေါ်သည်။ အပြင်ဘုတ်ထွက်ရမည့် မင်းအောင် ရှုံ့မဲ့နေ၏။

'ဘာလဲ အပြင်ဘုတ်ထုတ်ရင် မင်းခြေချင်းဝတ်ရမှာ စိုးလို့လား။ ငါပြောထားပါတယ်ကွာ ခြေချင်းမဝတ်ရအောင်'

ဟူ၍ ဦးကံမြင့်က ပြော၏။

အပြင်ဘုတ်ထုတ်သူနှင့်တကွ ရဲဘက်ထုတ်သူတို့အား ခြေချင်းဝတ်ပြီးမှ ထွက်ရသည်။ ဤကဲ့သို့ ခြေချင်းဝတ်ခြင်းက မ·ဆ·လ လက်ထက် ပြည်ထဲရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့သော ဦးဘိုနီမှ စတင်တီထွင်ခြင်းဖြစ်သည်။ သူကိုယ်တိုင်ထောင်ကျသောအခါ သူတီထွင်သောခြေချင်းကို သူကိုယ်တိုင်ဝတ်ရသည်ဟု ဆိုးရိုးရှိသည်။ ခြေချင်းမဝတ်ရဟူသောစကားကို မင်းအောင်ကြားလေသော် အတော်အတန် ဝမ်းသာသွား၏။

"ကျေးဇူးတင်ပါတယ် ဗိုလ်ကြီး"

ဟုပြောကာ ထောင်မှူးကြီး ဦးကံမြင့်အား ထိုင်ကန်တော့၏။

မင်းအောင်သည် ပါးနပ်လိမ္မာစွာ ဆက်ဆံတတ်ကြောင်း ထင်ရှားလှ၏။



"ဒီတစ်ရက်တော့ ဒီမှာ ဆက်ဆင်းလိုက်ဦး။ နောက်နေ့တွေ အဆောင်ကနေ ဘုတ်ထွက်ရမယ်.. အေးကွာ မင်းမရှိရင် ဒီတိုက်ထဲကပန်းတွေ အပွင့်လျော့တော့မှာပဲ"

ထောင်မှူးကြီးဦးကံမြင့်မှ ပြော၏။

"ကဲ ပြန်အလုပ် ဆက်လုပ်"

ဟုပြောသော် မင်းအောင်သည် (၁)တိုက်သို့သွား၏။ သူ အလွန်ခင်မင်သော ဆေးကျောင်းသား ဗကသကျောင်းသားခေါင်းဆောင်အား နှုတ်ဆက်၏။

"ကိုရန်ကြီးကို နှုတ်ဆက်တယ်...မနက်ဖြန်ကစပြီး အပြင်ဘုတ် ထွက်ရမှာ (၁၅)ရက်ကြာရင် ကျွန်တော် အပြီးလွှတ်တော့မှာ...ဟုပြောကာ ရန်ကြီးအား ထိုင်ကန်တော့၏။"

"ဟာ ကိုမင်းအောင် ကျွန်တော် ခင်ဗျားထက်ငယ်တာပဲ"

ဟုပြောကာ ရှိခိုးမခံဘဲရှောင်၏။

"ကိုရန်ကြီးက ကျွန်တော့်အသက်သခင် ကျေးဇူးရှင်ပဲ"

ပြောလေသော် လူကောင်ကြီးလင့်ကစား ဆယ်ကျော်သက်ငယ်စိတ်မကုန်သေးသော ရန်မျိုးသိမ်းသည် ကိုမင်းအောင်နှင့် ခွဲခွာရမည်ကို မျက်ရည်တစ်စို့စို့ဖြစ်နေ၏။

"ရော့...ဆရာစံ"

စံ-ဇာဏီဘိုအား ဆေးလိပ်စည်းလှမ်းပေး၏။ ထောင်ဝင်စာပေး၍မလောက် အမြဲဆေးလိပ်ပြတ်နေသော စံ-ဇာဏီဘိုအတွက် နွားတံဆိပ် မကျင်လှဆေးပေါ့လိပ်တို့သည်ကား လွှန်စွာအံ့ထိုက်လှ၏။ လက်တွင် နွားဆေးလိပ် (၂)လိပ်ကို ကိုင်၍ ကျန်ဆေးလိပ်တို့အား

www.burmeseclassic.com

www.burmeseclassic.com



'ရော့ ကိုမင်းအောင် ကျန်တဲ့သူတွေကို ဝေလိုက်'

ဟုပြောရ၏။ ကိုမင်းအောင်ရေ မီးတစ်တို့လုပ်ပါဦးမှဆိုသော အသံများထွက်လာ၏။ ဆေးလိပ်ပြတ်နေသော အချိန်နှင့်ကြုံပေရာ တစ်ဖွာတစ်ရှိုက်သောက်သည်နှင့်ပင် အားလုံးရင်၌ အေးခနဲဖြစ်ကုန်၏။

"ရွှေဒင်္ဂါးမင်းအောင် မင်းဆေးလိပ် ရိုးမှရိုးရဲ့လား"

ဤကား ဦးရဲအောင်မင်း၏အသံ။

"နဂိုအတိုင်းပါပဲ လူလက်ထဲက ဓာတ်ပါနေလို့ပါ"

ဟု နောက်ရွတ်ရွတ်ပြော၏။ ပြင်ပတွင် ဆေးခြောက်ထုတ်လုပ်ရောင်းချသူအဖြစ်နှင့် ထောင်ကျလာသူဖြစ်ပေရာ အားလုံးက

"ထောင်ထဲ ပြန်လာမနေနဲ့တော့ ကောင်းရာကောင်းကြောင်း လုပ်စား"

ဟု ပြောဆိုကြသည်။

"မင်းအောင်ရေ သီချင်းလေးဆိုပါဦး"

ဤကား ဦးအောင်လွင်၏အသံ။ စက်တင်ဘာလ မိုးကောင်းကင်သည် တိမ်ခိုးတိမ်လိပ်တို့နှင့် လွမ်းခြုံနေ၏။ မိုးနှောင်းသို့ ဝင်ရောက်လာပြီဖြစ်ရာ အုံ့ဆိုင်းလိုက်၊ ဖွဲဖွဲရွာလိုက်၊ လေတသုန်သုန်တိုက်လိုက်နှင့် လွမ်းမောဖွယ်ကောင်းလှသည်။ ရွှေဒင်္ဂါးမင်းအောင်သည် သီချင်းဆိုကောင်းလှသည်။ အဆိုတော် လွမ်းမိုးသီချင်းကို ကောင်းကောင်းဆိုနိုင်သည်။ အသံချင်းလည်း နီးစပ်တူသည်။ ရန်ကြီးအခန်းရှေ့ အုတ်လှေကားထစ်ပေါ်တွင်ထိုင်၍ မင်းအောင် သီချင်းစဆိုသည်။ "မိုးစက်တင်လေ"အမည်ရှိသော လွမ်းမိုး၏ သီချင်းသံသည် အေးငြိမ့်စွာ ထွက်ပေါ်လာ၏။



**နံရံအပြင်ဘက်မှ အကျဉ်းသား**

ထိုခေတ်ကာလ ထောင်ကျအကျဉ်းသားတို့သည် ပုံစံအဖြူရောင်ကို ဝတ်ရသည်။ ပုံစံအင်္ကျီသည် ခေါင်းစွပ်ဖြစ်သည်။ ဧပို့ရှပ်ကဲ့သို့ ကော်လံပါသည်။ ကြယ်သီး(၂)လုံးတပ် ဖြစ်သည်။ ပုံစံပုဆိုးသည် အဖြူရောင်ဖြစ်သည်။ ခပ်ထူထူချည်ကြမ်းသားဖြစ်သည်။ ဖိနပ်မစီးရ။ ဝန်ထမ်းဘာယာမှ ဦးဆောင်၍ အပြင်ဘုတ်ထုတ်သည်။ ဗူးတံခါးကိုကျော်၊ အတွင်းတပ်ရဲဂိတ်ကိုပင် ကျော်၍ ထောင်ကြီးသို့ အဝင်လမ်းနံဘေးရှိ လူကြီးများနေအိမ်တွင် သန့်ရှင်းရေး၊ စိုက်ပျိုးရေး စသည်တို့ကို လုပ်ကိုင်ရသည်။ လွတ်မြောက်ရန်ရက်အနည်းငယ် လိုသေးသူများသာ ဖြစ်သည်။ နံရံပြင်ပလုပ်ငန်းလုပ်သူဖြစ်ရာ ခြေချင်းများဝတ်ရသည်။ သံချောင်းတို့သည် အသားနှင့်ထိသောအခါ အသားအရေပြားသည် မဲနက်ညိုမှောင်သွားသည်။ သံချောင်းတို့သည် ဝင်းလက်၏။ ခြေချင်းဝတ်ကို ပွန်းပဲ့ထိရှခြင်းမဖြစ်စေရန် သံကွင်းတို့ကို ပိတ်စစုတ်နှင့် ပတ်ရ၏။ သံခြေချင်းမှသည် သံချောင်းထိုမှသည် အခြားခြေချင်းတစ်ဖက်သို့ ချိတ်ထားသည်။ လမ်းလျှောက်သောအခါ အလယ်သံကွင်းကို ဆွဲ၍လည်းကောင်း၊ ခါးတွင် ကြိုးနှင့်ချည်၍လည်းကောင်း၊ ကားရား၊ ကားရားလျှောက်ရ၏။ ဤခြေချင်းနှင့်ပင် အိပ်ရ၏။ စားရ၏။

ရွှေဒင်္ဂါးမင်းအောင်သည်ကား ထောင်မှူးများ၏ ယုံကြည်မှုရထားသူဖြစ်၍ ထွက်ပြေးမည့်သူ မဟုတ်ဟုသတ်မှတ်ကာ ပြင်ပဘုတ်တွင် ခြေချင်းမခတ်ခံရ။ အုတ်ရိုးနံရံအပြင်ဘက်တွင် ထောင်ဝင်စာလာတွေ့သော ပြင်ပမှလူများကို တွေ့ရ၏။ ထောင်ဝင်းမှ ဝန်ထမ်းသားသမီးများ ကျောင်းတက်သည်ကိုလည်း တွေ့ရ၏။ အင်းစိန်ကမ်းနားမှသည် ဒညင်းကုန်းသို့မောင်းနှင်သော ဘတ်စ်

www.burmeseclassic.com

www.burmeseclassic.com



ကားများကို လှမ်းမြင်ရ၏။ လမ်းမပေါ်တွင် လူများ ဥဒဟိုသွားကြ၏။ ကာကီရောင်အဝတ် စစ်ဖိနပ်နှင့် ဝန်ထမ်းများ၊ အဖြူရောင်ထောင်ကျများသာ တည်ရှိသော အကျဉ်းထောင်နှင့် ပြင်ပကမ္ဘာသည်ကား ကွဲပြားခြားနားလှ၏။ ဟိုလူမှလာပေး ဒီလူမှလာပေးနှင့် လက်ဖက်ရည်၊ စမူဆာ၊ အီကြာကွေးမှသည် ဆေးလိပ်အစုံ အတော်ပြည့်စုံ၏။ လူအများမှ သနား၍ ကျွေးမွေးသွားသည်တို့ကို လက်ခံယူရသည်။ ညနေဘုတ်သိမ်း၍ ထောင်တွင်းသို့ ပြန်ဝင်သောအခါ တပ်ရဲဂိတ်နှင့် ထောင်ဗူးဂိတ်ရှိ ဝါဒါဆရာများကိုပင် မျှကျွေးနိုင်သော အခြေအနေရှိ၏။ ဤသို့နှင့် ထောင်မှလွတ်ရန် (၈) ရက်လိုသောနေ့တွင် ရွှေဒင်္ဂါးမင်းအောင် ထောင်မှထွက်ပြေးရန် ကြံစည်လေတော့သည်။ အစားချောင်၊ အနေချောင်၍ ညအချိန် ထောင်ဝင်းအတွင်းဝင်၍ ပုံစံအဖြူဝတ်ထားရသည်မှတစ်ပါး ပြင်ပလူသားများကဲ့သို့ လွတ်လွတ်လပ်လပ် နေရသည့် အနေအထားအားမတင်းတိမ်နိုင်သော (၇)ရက်၊ (၈)ရက်မဆိုထားနှင့် တစ်ရက်၊ တစ်မနက်ပင် မနေနိုင်လောက်အောင် မင်းအောင် လွတ်ကြောင် ကြောင်နေတော့သည်။

ဤသို့ လွတ်ကြောင်ကြောင်ရသည့်အကြောင်း ဖြစ်ရပ်သည်ကား...

“ခင်ဗျား မြောက်ဥက္ကလာ ကျောက်ရေတွင်းက မဟုတ်လား”

တစ်နေ့ လမ်းနံဘေး၌ မြက်ပေါက် ဘောင်ဖော်နေသော မင်းအောင်အား လူတစ်ယောက်မှလာမေး၍ မင်းအောင် မော့ကြည့်လေသော် –

“ခင်ဗျား ပန်းရောင်းတဲ့ ကိုမင်းအောင်မို့လား”

ထိုသူမှ တရင်းတနှီးနှုတ်ဆက်၏။ မင်းအောင်မှ ရုတ်တရက် မမှတ်မိ၊ ပြင်ပလောကနှင့် ပြတ်နေသည်မှာ ၄၊ ၅ နှစ်ပင် မဟုတ်လော။



“ဟုတ်တယ် ကျွန်တော်မင်းအောင်ပါ”

“ကိုမင်းအောင် ကျွန်တော့်ကို မမှတ်မိဘူးလား၊ မြောက်ဥက္ကလာ အဝိုင်းကြီးနားက မအေးမူကို သိတယ်မို့လား”

ထိုစဉ် ဝါဒါစိုးမောင်မှ

“အပြင်လူနဲ့ စကားပြောခွင့်မရှိဘူး”

ဟု ညင်သာစွာ တားဆီးလေသော်

“ဟုတ်ကဲ့ပါ”

ဟု ပြောကာ ခပ်ဝေးဝေးသို့သွား၍ မင်းအောင်အား လှည့်ကြည့်၊ လှည့်ကြည့်လုပ်နေ၏။ ဝါဒါအလစ်တွင် အနီးသို့တစ်ခေါက် ပြန်လာကာ ဇင်ဇင်းအမည်ရှိသော စီးကရက်အား လာရောက်တိုက်လေ၏။

ကိုမင်းအောင်က

“ကျေးဇူးတင်ပါတယ်”

ဟုပြောကာ ဆေးလိပ်ကို အားရပါးရ ရှိုက်ကာ

“အေးမူရော နေကောင်းရဲ့လား၊ သူ့ကို ပြောလိုက်ပါ ... ကျွန်တော် နောက်အပတ်လွတ်မယ်လို့”

ဟုဆိုသော် ထိုသူသည် ငိုင်ခနဲဖြစ်သွားသည်။ ထို့နောက် ခပ်ဖြေးဖြေးပြောလေသည်။

“မနေ့ကပဲ အေးမူ ကားတိုက်ခံရလို့ မြောက်ဥက္ကလာပ ဆေးရုံကြီးမှာ”

အေးမူ ကားတိုက်ခံရပြီး ဆေးရုံရောက်နေသည်ဟူသော စကားကို ကြားလေသော် မင်းအောင် တစ်ကိုယ်လုံး တုန်ခါသွားသည်။ ငိုင်ခနဲဖြစ်သွားသည်။ ထိုစဉ် ဝါဒါစိုးမောင်က ရောက်လာပေရာ ထိုသူသည်လည်း သုတ်ခနဲ ထွက်သွား၏။ အခါနှင့်အမျှ

www.burmeseclassic.com

www.burmeseclassic.com



တက်ကြွပျော်ရွှင်နေသော မင်းအောင် ငြိမ်နေ၏။ နေ့ခင်းထမင်းစားချိန်၌လည်း တို့ကနန်း၊ ဆိတ်ကနန်း။ ညနေဘုတ်သိမ်းသည်အထိ အလုပ်တွင်စိတ်မဝင်စားတော့။ မအေးမူဟူသော အမည်ပြောသူကိုလည်း ပြန်မတွေ့တော့။ မအေးမူသည် မင်းအောင်၏ ချစ်သူဖြစ်သည်။ ပန်းစိုက်၊ ပန်းရောင်းသည့်ဝင်ငွေနှင့် တင့်တောင်းတင့်တယ် တောင်းရမ်းယူရန် ခက်ခဲလေသော် ချစ်သူနှင့်အမြန်ပေါင်းဖက်ရန် ငွေရပေါက်ရလမ်းတိုးပွားရန် ဆေးခြောက်စိုက်၊ ဆေးခြောက်ရောင်းရာမှ အတော်အတန် စုဆောင်းမိ၍ တောင်းယူလက်ထက်ခါနီးမှ ထောင်ကျခဲ့ခြင်းဖြစ်သည်။

မိဘမဲ့ တစ်ကောင်ကြွက် မင်းအောင်သည် ထောင်ဝင်စာလည်း မရှိ၊ ထောင်တွင်း၌ အဆင်ပြေသလိုနေထိုင်ခဲ့ရာမှ ချစ်သူနှင့်ပြင်ပလောကအား မေ့မေ့ပျောက်ပျောက်ရှိရာမှ ရှောင်စုံဝတ်စားလူသားများကို မြင်တွေ့ရသော အပြင်ဘုတ်အလုပ်လုပ်နေရင်း ချစ်သူ မအေးမူ ကားတိုက်ခံရ၍ ဆေးရုံရောက်နေသည်ဟူသော အကြောင်းကို လာရောက်ပြောဆိုသော မျက်နှာစိမ်းတစ်ယောက်နှင့်ကြုံကာ လွတ်ရန် (၇)ရက်ကိုပင် မစောင့်ဆိုင်းလိုတော့။ ချစ်သူ၏ အနေအထား၊ အခြေအနေကို ပြေးကြည့်၍ အဖြေရှာလိုစိတ်များ တဖွားဖွားပေါ်နေ၏။ နောက်တစ်နေ့ ဘုတ်ထုတ်လျှင် ထောင်မှထွက်ပြေး၍ အေးမူရှိရာ မြောက်ဥက္ကလာပဆေးရုံသွားရန် ဆုံးဖြတ်ချက်ချလေတော့သတည်း။ ချစ်သူနှင့်တွေ့လျှင်ပြီးရော အပြင်ရောက်မှ ရဲဘက်ပြေးအနေနှင့် ပြန်ဝင်ရလျှင် ဝင်ရပါစေဟူသော လွတ်ကြောင် ကြောင်သော စိတ်နှင့်ဆုံးဖြတ်ချက် ချခြင်းဖြစ်သည်။

□ □ □

# ထောင်ဝင်စာ

အင်းစိန်ထောင်၌ အလံတင် အလံချတို့ကို စစ်ခရာမှုတ်၍ စနစ်တကျဆောင်ရွက်သည်။ ထောင်ဖွင့်ချိန်၊ အိပ်ချိန်တို့ကိုလည်း ခရာမှုတ်၍အချက်ပေးသည်။ ထောင်တွင်း၌ အချုပ်ခံနေရသူကိုဖြစ်စေ၊ အပြစ်ဒဏ်ခံရ၍ ထောင်ကျသူကို ဖြစ်စေအပြင်မှ မိဘဆွေမျိုးသားချင်းတို့မှ လာရောက်တွေ့ဆုံခြင်းကို ထောင်ဝင်စာတွေ့သည်ဟု သတ်မှတ်သည်။ ထောင်ကျသူတစ်ယောက်သည် နှစ်ပတ်လျှင် တစ်ကြိမ်သာ ထောင်ဝင်စာ ပေးတွေ့ခွင့်ရှိသည်။ ထောင်၌ အပြစ်တစ်စုံတစ်ရာကျူးလွန်က ထိုထောင်ကျ အပြစ်ရှိသူအား ထောင်ဝင်စာပိတ်သည်။ ထောင်ဝင်စာပေးတွေ့ခြင်း မပြုတော့။ ပြင်ပမှ လာရောက်တွေ့သူတို့အား တွေ့ခွင့်မရှိ၊ ပြန်ဟူ၍ပြောဆိုကာ ပြန်လွှတ်၏။ ပြင်ပမှ လာရောက်၍ ထောင်ဝင်စာတွေ့သူတို့သည် နံနက်မိုးလင်းမှသည် တစ်နေ့ကုန်နီးပါး ထောင်ဝင်စာအတွက် စောင့်ကြသည်။ ဆေးပေါ့လိပ်၊ မုန့်ကြွပ်၊ ငပိကြော်၊ အသားခြောက်ကြော်၊ မြေပဲ၊ ထန်းလျက်စသည့် ရိက္ခာခြောက်များ၊ မသိုးထမင်း၊ မသိုးဟင်းများ အထုပ်လိုက်ဆွဲကိုင်၍ လာကြပေရာ ထောင်ဝင်စာပိတ်သည်ဟုဆိုသော် ထောင်ဝင်စာအထုပ်များ ပြန်ယူရအခက်၊ ပစ်ထားရအခက် ကြုံလေကော့သည်။ ထိုသို့သော အခါမျိုး၌ ထောင်ဝင်စာတွေ့သူတို့မှ ဝါဒါတို့အား ယူဆောင်လာသော ရိက္ခာထုပ်များကို မျက်နှာလို မျက်နှာရ န[illegible]သစ္စာ

www.burmeseclassic.com

www.burmeseclassic.com



နှဲ့ပေးခဲ့၍ မျက်ရည်စက်လက်နှင့် အိမ်ပြန်ကြရသည်။ ထောင်တွင်းမှ သူသည်လည်း နှစ်ပတ်လျှင်တစ်ရက်၊ မိနစ်အနည်းငယ် (ငါးမိနစ်) အိမ်က လူအကြောင်း၊ မိသားစုအကြောင်း နားထောင်ရင်း၊ ပြင်ပသတင်းနားထောင်ခြင်းနှင့် မှာလိုသော အကြောင်းအရာများကို ပြောဆိုရသည်မှာ ကြည်နူးဖွယ်အတိဖြစ်သည်။ နှစ်ပတ်လျှင် တစ်ကြိမ် ချိုမြိန်ပျော်ရွှင် ဖွယ်ကောင်းသော ထောင်ဝင်စာနေ့ကို ထောင်ကျတိုင်း မက်မောကြ၏။ ထောင်ဝင်စာ ပိတ်ခံရသည်ကား ငရဲခံရသည်တည်း။

ထိုကာလ အင်းစိန်ထောင်၌ အချုပ်ကျသူတို့၏ ထောင်ဝင်စာသည် တနင်္လာနေ့၊ အင်္ဂါနေ့၊ ဗုဒ္ဓဟူးနေ့တို့ဖြစ်သည်။ ထောင်ကျသူတို့၏ ထောင်ဝင်စာနေ့သည် ကြာသပတေးနေ့၊ သောကြာနေ့၊ စနေနေ့ (၃) ရက်ဖြစ်၏။ ထောင်ဝင်စာလုံးဝ မရှိသောသူများသည်ကား (၁၀)က အကျဉ်းသားများဖြစ်သည်။ ၁၀(က) အကျဉ်းသားတို့သည် ရုံးထုတ်ခြင်းလည်းမရှိ၊ ထောင်ဝင်စာလည်းမရှိ၊ ပြင်ပလောကနှင့် အဆက်ဖြတ်ခံထားရသူများဖြစ်သည်။ ၁၉၈၉၊ ၁၉၉၀ ကာလများတွင် (၁၀)က ပုဒ်မနှင့် ချုပ်နှောင်ခံရသူ (၂) မျိုး နှစ်အုပ်စုရှိသည်။ နိုင်ငံရေးနှင့်ပတ်သက်သော ၁၀(က)နှင့် စီးပွားရေးနှင့်ပတ်သက်သော ၁၀(က)ဟူ၍ သတ်မှတ်ကာ ချုပ်နှောင်ထားခြင်းဖြစ်သည်။ ထိုသူတို့အတွက် ထောင်ဝင်စာဆိုင်ရာ အထူးအစီအစဉ်သည်ကား တစ်ပတ်လျှင်တစ်ကြိမ် ထောင်ဝင်စာ အစားအသောက်တို့ကိုပေး၍သွင်း၏။ ၁၀(က)တို့သည် အချုပ်ကျသူများဖြစ်ပေရာ အချုပ်သားများ၊ ထောင်ဝင်စာတွေ့သည့်ရက်များဖြစ်သည့် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး (၃) ခုအနက် စိတ်ကြိုက်ရက်



ရွေးခွင့်လည်းမရှိ၊ သတ်မှတ်ထားသည့်ရက် တနင်္လာနေ့တစ်နေ့သာ ထောင်ဝင်စာ အစားအသောက်ပေးခွင့်ရှိသည်။

၁၉၈၈-နှစ်ကုန်ပိုင်းတွင် ဖမ်းဆီးခံရသော နိုင်ငံရေးအကျဉ်းသား ၁၀(က)များသည် ထောင်ဝင်စာလဲမရ၊ ထောက်လှမ်းရေးမှ ခေါ်ဆောင်သွားသည့် နေ့မှစ၍ မည်သည့်နေရာ၊ မည်သည့်ဒေသတွင်ရှိသည်ကိုလည်း အသိမပေး၊ သွားရောက်ပြီး မေးမြန်းလျှင်လည်း မသိကြောင်း ဘူးခံထားပေရာ ထိုခေတ်ဖမ်းဆီးခံထားရသော နိုင်ငံရေးသမားတို့၏ မိသားစုများသည် လွန်စွာဝမ်းနည်းပူဆွေးကြသည်။ ကိုယ်နှင့်သက်ဆိုင်သောသူ သေလား၊ ရှင်လားပင်မသိ။ ဘယ်နေရာ၊ ဘယ်ကမ္ဘာရောက်သည်လဲ မသိ။ ၁၉၈၉ ဖွန်လဝန်းကျင်တွင် နိုင်ငံရေး ၁၀(က)တို့ကို စတင်၍ အစားအသောက်ပို့ခွင့်ပြု၏။ ထိုသို့သောအခါမှ အင်းစိန်ထောင်တွင်ရှိကြောင်း သိကြရကုန်သည်။ ဖမ်းခံရသောလူတို့သည်ကား စစ်ထောက်လှမ်းရေးတို့၏ စစ်ကြောရေးဆိုင်ရာ အကျဉ်းစခန်းများတွင် ဆက်လက်နေထိုင်ရသည်လည်း ရှိ၏။ အင်းစိန်အကျဉ်းထောင်သို့ ရောက်သော ၁၀(က)တို့သာ ထောင်ဝင်စာကို ရကြကုန်သည်။

ကနဦးပိုင်း ၁၀(က) နိုင်ငံရေး အကျဉ်းသားတို့၏ ထောင်ဝင်စာကို S.B ဟုခေါ်သော (Special Branch) အထူးသတင်းတပ်ဖွဲ့၏ ရုံးရှိရာ ၄၉ လမ်း၊ YMCA ရှေ့ရှိရုံးတွင် သွားရောက်၍ အစားအသောက်၊ ဆေးဝါးပို့ရသည်။ အစားအသောက်နှင့် သုံးစွဲနေကြဆေးဝါးကို အမိကပို့နိုင်သည်။ အဝတ်အထည်ပို့ခွင့်မရှိ။ (S.B) ရုံးမှသည် အင်းစိန်ထောင်သို့ တစ်ဆင့် ထောင်ဝင်စာလာရောက်ပို့သည်။ ထိုအချိန်ကာလအထိ အဖမ်းခံရသူသည် အသေအရှင်လျှက်

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်ကိုသာ သိသည်။ မည်သည့်နေရာ မည်သည့်ထောင်၌ ဖမ်းဆီးထားသည်ကို ပေးမသိ။ ထိုသို့အတန်ကြာစီစဉ်ပြီး နောက်ပိုင်း ထောင်ဝင်စာတို့ကို (၄၉)လမ်း သိမ်ဖြူလမ်းမှသည် အင်းစိန်ထောင်သို့ လာရောက်ပို့ရသည်ကို တာဝန်မယူနိုင်ပေရှောလားမသိ၊ အင်းစိန်ထောင်သို့ တိုက်ရိုက်ထောင်ဝင်စာပေးခွင့်ပြုသည်။ တနင်္လာနေ့တွင် သွားရောက်၍ပို့ရသည်။ နွားဆေးလိပ် ၅၀အပြင် ပို၍မပေးရ၊ အစားအသောက်တို့ကိုလည်း သတ်မှတ်ထားသည်ထက် ပို၍မပေးရ။ တနင်္ဂနွေနေ့သည်ကား ထောင်တွင်း ထောင်ဝင်စာနေ့ဖြစ်သည်။ ပြင်ပမှမဟုတ် ထောင်ကျနေသူအချင်းချင်း ထောင်ဝင်စာတွေ့ခွင့် တောင်းခံကာ တွေ့ဆုံခြင်းဖြစ်သည်။

၁၉၈၉ ဝန်းကျင်တွင် နိုင်ငံ ရေးနှင့်ဖမ်းဆီးအပြစ်ပေးခံရသောသူတို့တွင် တစ်မိသားစုလုံး ထောင်ကျသောသူများသည်လည်း ရှိသည်။ လင်နှင့် မယား၊ မအေနှင့် သား၊ ဖအေနှင့် သမီး ဤသို့မိသားစုလိုက် ထောင်ကျခြင်းများလည်း ရှိသည်။ ကြမ်းတမ်းရက်စက်စွာ အာဏာကိုသုံး၍ စစ်ခုံရုံးဖွဲ့ကာ အပြစ်ပေးထောင်ချခြင်း ဖြစ်သည်။ ထိုသောအခါ အင်းစိန် အမျိုးသမီးထောင်တွင်ကျနေသော ဇနီးဖြစ်သူနှင့် အမျိုးသား ထောင်ဘက်၌ကျနေသော ယောကျာ်းတို့ ထောင်ဝင်စာတွေ့ခွင့် ရှိသည်။ တနင်္ဂနွေနေ့၌ တွေ့ရခြင်းဖြစ်သည်။ ထောင်တွင်း ထောင်ဝင်စာများသည်ကား ကြည်နူးဆွတ်ပျံ့ဖွယ်ဖြစ်သည်။ ခင်ပွန်းဖြစ်သူက ကြွပ်ကြွပ်အိတ်မှ ကြိုးထိုး၍ပြုလုပ်ထားသော ပုတီး၊ လက်ကောက်၊ ထောင်တွင်းစိုက်ခင်းမှ ပန်းအရိုင်းတို့ကို ချိုးယူ၍ ဇနီးဖြစ်သူအား ပေးသလို၊ ဇနီးဖြစ်သူကလည်း ခင်ပွန်းကြိုက်တတ်သော လက်ဖက်သုပ်၊



ဟင်းရွက်သုပ် စသည်ဖြင့် ရောက်တက်ရာရာ စီစဉ်၍ ထောင်ဝင်စာပေးသည်။ ထောင်တွင် နှစ်ယောက်စလုံးရှိသည်ဖြစ်ပေရာ ပြင်ပတွင် ကျန်ခဲ့သော သားသမီးများအတွက် အနာဂတ်အိပ်မက်များအကြောင်း ပြောဆိုရင်း အတွင်းထောင်ဝင်စာကို တွေ့ရခြင်း ဖြစ်သည်။

## ဒီနေ့ထောင်မှ လွတ်အောင်ပြေးမည်

"မင်းအောင်ကြီး နောက်အပတ်လွတ်တော့မှာပေါ့။ မင်းလွတ်မယ့်နေ့က တနင်္ဂနွေနေ့ကြီးဆိုတော့ ရုံးပိတ်ရက်၊ တနင်္လာမှ ထွက်ရမှာပေါ့"

မိန်းဂျေးမှ ဘောကြီးလှမြင့်ဟု အကျဉ်းသားများက အမည်ပေးထားသော ဦးလှမြင့်မှပြောလေသော် မင်းအောင် အတော်မျက်နှာပျက်သွားသည်။ ပုံမှန်လွတ်ရက်အပြင် တစ်ညထက်၍နေရမည်ကို အတော်အတန် စိတ်ဆင်းရဲသွားသည်။ ထောင်မှလွတ်သောအခါတွင် ထောင်ဖူးတံခါးကိုဖွင့်၍ သွားပြီးနောက်တာ့တာဟူ၍ ဖူးတံခါးကျော်၍ ထွက်ရသည်မျိုးမဟုတ်၊ လွန်စွာဖယားရှုပ်ထွေးသည်။ လွတ်လှလာခေါ်သည်အချိန်အထိ စောင့်ရသည်။ ဝရန်းရှင်းရသည်၊ ထောင်ကျရုံးတွင် ပုံစံထိုင်၍ ဝရန်းရှင်းရခြင်းမျိုး ဖြစ်သည်။ ထောင်ကျများကို ဦးချိုးထားသည်မှာ လွန်စွာရိုင်းပြလှသည်။ လွတ်သည်ကိုပင် ကောင်းကောင်းလွတ်ပေးသည် မရှိ။ ရုံးခန်းတွင် အကျဉ်းဦးစီးဌာနမှ စာရေးမများ၊ ဝါဒါဝတ်စုံနှင့် ရုံးတက်ကြသည်။ အမျိုးသားများသည် ဘောင်းဘီ၊ အကျီနှင့်၊ အမျိုးသမီးများသည် ထမီစကဒ် စသည်တို့နှင့် စားပွဲတစ်လုံးထိုင်

www.burmeseclassic.com

www.burmeseclassic.com



တို့တွင် အကျအနထိုင်၏။ ကျ-လွတ်များဟု ထောင်စကားနှင့် သတ်မှတ်ထားသော ထောင်ကျ၊ လွတ်မြောက်သွားသူများသည် စားပွဲရှေ့ သမံတလင်းပေါ်တွင် ပုံစံထိုင်၍ နေရသည်။ စာရေးစာချီတို့၏ရုံးတွင် နေထိုင်ပြောဆိုနေကြသည့်အတိုင်း ဟိုဟာစားလိုက်၊ ဒီဟာစားလိုက်၊ လက်ဖက်ရည်သောက်လိုက်၊ ရေနွေးကြမ်းမော့လိုက်၊ တယ်လီဖုန်းပြောလိုက်၊ သာရေး နာရေးအကြောင်းပြောလိုက်၊ တဟီးဟီး တဟားဟား ရယ်ပွဲဖွဲ့လိုက်၊ ဟိုစာရွက်ရှာသယောင်၊ ဒီတံဆိပ်တုံးပျောက်ဟန်နှင့် အတော်ဟိတ်ဟန်ထုတ်ကြ၏။ တစ်မိနစ်၊ နှစ်မိနစ်နှင့် ပြီးရမည့်အရာကို (၁) နာရီ၊ (၂) နာရီအချိန်ဆွဲကြ၏။ ထို့နောက် ထောင်ကျ၏ လက်ဖျံတွင် အကျဉ်းဦးစီး တံဆိပ်တုံးထုပေးလိုက်၏။ ချွေးစို၍ တံဆိပ်တုံးပျောက်ပျက်သွားရင်မလွယ်၊ အိမ်ပြန်ရကိန်းမရှိ၊ ထိုမှသည် အချုပ်ကားစီး၍ မြို့ထဲကမ်းနားလမ်းရှိ ခြောက်ထပ်ရုံးသို့ရောက်၊ ပုံစံထိုင်၍ ရဲများလက်သို့ အအပ်ခံရ။ ကာကီရောင်ဝတ်သော အ·က·စ မှသည် အပြာရောင်ဝတ်သော ရဲများလက်သို့ ရောက်ပြန်သည်။ ကူညီပါရစေဟူသော ဆိုင်းဘုတ်ကြီးများရှေ့၌ ခပ်မိန့်မိန့်ကြီးထိုင်ကာ ထောင်မှလွတ်သောသူကို အချုပ်သား အကျဉ်းသား၊ တရားခံများကဲ့သို့ ဆက်ဆံ၊ ပုံစံထိုင်ခိုင်း၍ မင်္ဂလာယူပြန်သည်။

ထိုမှတစ်ဖန် မြို့နယ်ရဲတပ်ဖွဲ့များထံ သတင်းပို့၍ ထောင်မှလွတ်ကြောင်း စလစ်ပြားကို ထုတ်ရသည်။ ထောင်မှ လွတ်ရသောကိစ္စသည် မနက်မှစ၍ ညနေသို့တိုင်အောင် တစ်နေကုန်နေရကြောင်းသိသော မင်းအောင်သည် ဒီနေ့ မရရတဲ့နည်းနဲ့ ထောင်မှထွက်ပြေးမှဖြစ်တော့မယ်၊ ဒီလိုတော့ ဆက်မနေနိုင်ဟူသော အတွေး



သည် ပိုမိုခိုင်မာလာရာ အပြင်ဘုတ်ထုတ်ရာ နောက်သို့သွားလေသော်

"ဟာ ဒီနေ့ထောင်ဝင်စာလာတဲ့သူ တစ်ယောက်မှမရှိပါလား။ ဆေးလိပ်တို့၊ မုန့်တို့တော့ ငတ်ပြီ"

အတူထွက်လာသောသူမှ ညည်းလေသော်

"ဒီနေ့အတွင်းထောင်ဝင်စာလေကွာ·· အပြင်ထောင်ဝင်စာမှမဟုတ်တာ··"

အချင်းချင်း ပြန်ပြောသံကိုကြားသော် မင်းအောင်အတော်စိတ်ညစ်သွားသည်။ အိတ်အတွင်းမှပါလာသော အင်္ကျီများကိုကြည့်ကာ အတော်အကြံအိုက်သွားသည်။ အတွင်းမှဝတ်သော အဝတ်ဖြူကိုချွတ်၍ ဝါဒါတို့ထံ လိုင်းဝင်ကာ ဝယ်ထားသော ပလေကပ်အကွက်၊ လည်ကတုံးအဖြူဝတ်ကာ ထောင်ဝင်စာ လာတွေ့သူများနှင့်ရော၍ ခိုးထွက်မည်ဟူသော အကြံသည်ကား ဒီနေ့ ဖြစ်နိုင်မည်မဟုတ်။ နောက်တစ်နေ့ကိုလည်း မစောင့်ချင်၊ ထောင်တွင် ဆိုရိုးစကားတစ်ခုရှိသည်။ "မနက်ဖြန်က ဒီနေ့မဟုတ်ဘူး" ဟူ၍ တစ်ဦးနှင့်တစ်ဦး ခပ်ရိရိပြောလေ့စကားရှိသည်။ အမှန်တကယ်ပင်လျှင် အကျဉ်းစံတို့၏ ဘဝသည် အနာဂတ်မဲ့ဘဝပေတည်း။ "ဒီနေ့ဟာ အသေချာဆုံးပဲ" ဟူသော ထောင်လူမိုက်တို့၏ အဘိဓာန်စကားသည်ကား ခေတ်စနစ်နှင့် လျော်ညီလှပေသည်။

"ဒီနေ့ လိုင်းခန်းဘက်မှာ သန့်ရှင်းရေးလုပ်ရမယ်···"

တာဝန်ကျ ဝါဒါကပြောလေ၏။ မင်းအောင်ကြားလေသော် မျှော်လင့်ချက်များ ပြန်လည်ရှင်သန်လာသည်။ အလွန်ပျော်သွားသည်။ လိုင်းခန်းဆိုသည်ကား ဝါဒါတို့နေထိုင်သောနေရာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ငှင်းတို့၏ အကျီအဝတ်အစား ရှိရပေမည်။ ယူငင်ဝတ်ဆင်၍ ခပ်ရဲရဲထွက်သွားက အတားအဆီးမရှိ။ ပို၍ပင်အဆင်ပြေမည်ဟုတွေးမိကာ လွန်စွာတက်ကြွသွားသည်။ အုပ်ချုပ်သော တာဝန်ကျဝါဒါသည်လည်း လွန်စွာပျော်နေ၏။ လိုင်းထဲသွားသော် ကိုယ့်အိမ်ကိုယ် တက်အိပ်ရုံသာဖြစ်သည်။ ထောင်စကားနှင့်ပြောရသော် ဆရာတပည့်တွေ အတော်အဆင်ပြေနေသည်ဟူသော စကားကို ဆိုမည်တည်း။ ဤသို့ဖြင့် နေ့ခင်းထမင်းစားချိန်သို့ ရောက်လေသော် ထမင်းဘုတ်မှပုံစံထမင်းကို စားသောက်ပြီးချိန်၌ ဘုတ်ထုတ်ခြင်းကို တာဝန်ယူသည့် ဝါဒါရွှေအေးသည် လူပျိုတစ်ယောက်ဖြစ်၍ ဝါဒါကိုစိုးမောင်၏ခယ်မကို ပိုးပန်းသူဖြစ်၏။

"ဟာ…ကိုစိုးမောင်ကြီးရော"

"အစ်ကိုစိုးမောင် ဒီနေ့တိုက်ထဲမှာ နေ့ဂျူတီလေ၊ အစ်မလည်း အင်းစိန်ဈေးဘက်သွားတယ်"

ဟူသော အထာစကားနှင့် အထာပေးလေသော် ဝါဒါရွှေအေးသည် တာဝန်ယူရသည့် အကျဉ်းသားများကိုပင် မေ့လျော့သွားကာ ဝါဒါကိုစိုးမောင်၏ ခယ်မနှင့်အကြည်ဆိုက် ပိုးပန်းစကားပြောနေကြ၏။

"ကိုယ့်လူတွေ တန်းဖြုတ်တာ အေးအေးဆေးဆေးနား၊ တစ်နာရီလောက် တန်းဖြုတ်ထားမယ်"

ဟူသော ရွှေအေး၏ အသံကိုကြားလေသော် အားလုံးက သက်သောင့်သက်သာနှင့် သစ်ပင်ရိပ်တွင် လှဲသူလှဲ အိပ်သူအိပ်၊ ဆေးလိပ်ထိုင်ဖွာသူဖွာနှင့် ရှိနေဆဲ။ အကြံသမားမင်းအောင်သည် ကျီးကန်းတောင်းမှောက် ဟိုကြည့်၊ ဒီကြည့် ကြည့်လေသော်



မလှမ်းမကမ်း လိုင်းခန်းအိမ်တစ်ခု၏နောက်ဖေးတွင် ကြိုးတန်းပေါ်၌ လှမ်းထားသော ဝါဒါအကျီ၊ ဘောင်းဘီတစ်စုံကို လှမ်းတွေ့၏။ မလှမ်းမကမ်း၌ အိမ်သာတစ်ခုလည်းရှိ၏။ ပန်းစိုက်သော မင်းအောင်၊ ဘုရားပန်းရောင်းသော မင်းအောင် ကံအကျိုးပေးကောင်း၍ ဟန်ကျပြီဟူသော အတွေးနှင့် ဝါဒါဝတ်စုံကို အလစ်သုတ်ကာ အိမ်သာအတွင်းသို့ ဝင်ရန်သွားစဉ် ဝါဒါဦးထုတ်တစ်လုံးအား လှမ်းထားသည်ကိုလည်းတွေ့သော် မင်းအောင်ကံကောင်းပြီ အေးမူရေ၊ မင်းအောင် လာပြီဟူသောစကားကို ရင်ထဲမှကြိမ်းနေ၏။

ရှားရှားပါးပါးစုထားသော ပိုက်ဆံ ၁၀၀ တန်(၂)ရွက်ကို အကျီအိတ်ထဲသို့ထည့် ဝါဒါဝတ်စုံကို ဝတ်လေသည်။ မင်းအောင်သည် လူပုံသေးသေးဖြစ်၍ ဝတ်စုံသည် အနည်းငယ်ပွနေသည်။ ခါးပတ်မရှိ၊ လမ်းလျှောက်သောအခါ ချောင်နေသော ဘောင်းဘီသည် ခါးမှလျှောကျနေသည် မင်းအောင် အတော်အတန် စိတ်ပျက်သွားသည်။ အိမ်သာထဲသို့ ပြန်ဝင်သည်။ အောက်တွင်ဝယ်ယူထားသော ပုဆိုးကိုဝတ်၍ ခါးတောင်းကျိုက်လိုက်သည်။ ထို့နောက် ဘောင်းဘီကိုဝတ်လိုက်သည်။ အတော်ဟန်ကျသွားသည်။ အကျီပွပွ၊ ဘောင်းဘီပွပွနှင့် ဦးထုပ်ကိုစောင်းလေသော် အနည်းငယ်ကျပ်နေသည်။ ဖိနပ်မပါ၍လည်း ကိစ္စမရှိ။ ဝါဒါတို့သည် ညှပ်ဖိနပ်နှင့် သွားလာနေသည် မဟုတ်ကုန်လော….။

အတူတကွ ဘုတ်ထုတ်ထားသော ထောင်ကျများကို ရှောင်ကွင်း၍ ဝါဒါရွှေအေး လှတ်လောက်သောနေရာမှ ထွက်လေသော် စက်ဘီးတစ်စီးကို တွေ့၏။ ဒီအတိုင်းသွားရင် ကိုယ်သိတဲ့သူနဲ့

www.burmeseclassic.com

www.burmeseclassic.com



တွေ့နိုင်သည်။ ခပ်မြန်မြန်သွားမှ တော်ရုံကျမည်ဟု ယူဆကာ စက်ဘီးဆီချဉ်းကပ်၏။ စက်ဘီးကို သော့ခတ်မထား။ ဤအတိုင်းသာ ထောင်ထား၏။ အပြင်လူ အဝင်အထွက်မရှိသော ထောင်ဝင်းအတွင်းဖြစ်ပေရာ ခိုးသူမရှိလောက်ဟုထင်မှတ်၍ သော့ခတ်မထားခြင်းဖြစ်လေသည်။ ဤသို့ဖြင့် စက်ဘီးစီး၍ ထွက်လာသော ဝါဒါတစ်ယောက်သည် မည်သို့သော အတားအဆီးမှမရှိတော့ဘဲ အဆင်ပြေချောမွေ့စွာနှင့် ထောင်မှထွက်သော လမ်းမကြီးအတိုင်း အပြင်သို့ဦးတည်သွား၏။ တနင်္ဂနွေနေ့ဖြစ်၍ ထောင်ဝင်စာလည်း မရှိ၊ ရုံးပိုင်းဆိုင်ရာဝန်ထမ်းတို့သည်လည်း နားနေကြပြီဖြစ်လေရာ အတော်လူရှင်းနေ၏။ ထောင်ပြင်လမ်းမကြီးတွင် ကားအသွားအလာများရှိနေ၏။ စက်ဘီးစီးရင်း အပေါက်ဝရောက်လေသော် စက်ဘီးပေါ်မှဆင်း၍ ခေါင်းခပ်ငိုက်ငိုက်ပြု၍ ဟန်မပျက်စက်ဘီးတွန်း၍ထွက်၏။ ရင်တဒိန်းဒိန်းခုန်နေ၏။ အကြံအောင်ပြီ၊ ထောင်ဝင်းအတွင်းမှ ကျွတ်ကျွတ်လွတ်လွတ်ထွက်၍ ကတ္တရာလမ်းသို့ ဦးတည်နေပြီ။

အင်းစိန်ဈေးဘက်သို့ ဦးတည်၍ခေါင်းလှည့်စဉ် ပခုံးပေါ်သို့ လက်တစ်ဖက် တင်းကျပ်စွာဆုပ်ကိုင်လာသည်။

"မင်းကို ခေါ်နေတာမကြားဘူးလား"

ဟူသော ကြိမ်းမောင်းသံကိုကြား၏။ တပ်ရဲဂိတ်မှ လှမ်း၍ခေါ်နေသည်ကိုမကြား။ မင်းအောင်သည် လှည့်၍ပင်မကြည့်တော့ ပခုံးပေါ်တင်ထားသောလက်ကို ပုတ်ချ၍ စက်ဘီးကိုတွန်းကာ ရှေ့သို့တိုးထွက်၏။ တနင်္ဂနွေနေ့ဖြစ်ပေရာ ပြင်ပသို့ ယူနီဖောင်းဖြင့်ထွက်ခွင့်မရှိ။ ရိုးရိုးအဝတ်နှင့်ထွက်၍ရသည်။ အကျဉ်းဦးစီး



ဝတ်စုံနှင့်ထွက်ခြင်းကို တပ်ရဲဂိတ်မှခေါ်ယူအသိပေးခြင်းဖြစ်သည်။ ဤအကြောင်းကို မင်းအောင်မသိ။ မူလစီစဉ်ထားသော ပုဆိုး၊ အင်္ကျီနှင့်ထွက်က လွတ်ရန်သေချာရာမှ ဝန်ထမ်းဝတ်စုံကို ဝတ်မိရာမှ ပြဿနာနှင့် ထိပ်တိုက်တွေ့ပြီဖြစ်သည်။ စက်ဘီးတွန်းထွက်သော မင်းအောင်၏ စက်ဘီးကို ဝန်ထမ်းမှဆွဲသည်။ စက်ဘီးလဲကျသွားသည်။ စက်ဘီးကိုထား၍ မင်းအောင်ပြေး၏။ တပ်ရဲဂိတ်မှ ဝီစီသံများထွက်လာသည်။ လှည့်မကြည့်တော့။ ၄၊ ၅၊ ၁၀လှမ်းခန့်ပြေးလေသော် ရှေ့မှလျှောက်လာသော လူနှစ်ဦးမှ မင်းအောင်၏မျက်နှာကို ဖြတ်ရိုက်၍ လှမ်းဆွဲထားသည်။ အင်းစိန်ဈေးဘက်မှပြန်လာသော ထောင်မှူးကြီး ဦးစံရနှင့် ဝါဒါမောင်မောင်လွင်ဖြစ်သည်။

"ဟေ့ကောင် ငါက ဝန်ထမ်းမှတ်လို့ သေတော့မယ်"

မင်းအောင်အား မှတ်မိသွားကာ ဝါဒါတပ်ကြပ်မောင်မောင်လွင်၏လက်သို့ ရောက်ရှိသွားသော မင်းအောင်၏ ဘဝသည်ကား…

## တနင်္လာ ဆွမ်းကြီးလောင်းပွဲ

သာယာလှပသော စက်တင်ဘာနံနက်ခင်း မိုးနှောင်းလေပြည်သည် ၁ တိုက်တွင်းသို့ ပန်းရနံ့များသယ်ဆောင်ကာ ဝင်ရောက်လာသည်။ ၁ တိုက်တွင် ၁၀(က) အကျဉ်းသားများ နေထိုင်၏။ ပဲထမင်းဆန်ပြုတ်နှင့် နံနက်ခင်းတွင် ထောင်မဖွင့်မီပင် ဟန်ကျနေကြသည်။ (၁) တိုက်တွင် ၁၀(က) နှင့် ချုပ်နှောင်ခံထားရသော ဆရာတော် ဦးသုမင်္ဂလရှိသည်။ သင်္ကန်းကို ချွတ်ရန်

www.burmeseclassic.com

www.burmeseclassic.com



မလိုဘဲ ချုပ်နှောင်ခံထားရသည်။ ရေနံချောင်းမှ ထောင်ကျလာသော ကိုထွန်းထွန်းဦးမှ ကပွိုယပြုသည်။ ကိုထွန်းထွန်းဦး၏မျက်နှာသည် ဒီးဒုတ်ဖီးကွက်နှင့်တူပေရာ ဒီးဒုတ်ကြီးဟူ၍လည်းကောင်း၊ ဗိုလ်ဒီးဟူ၍လည်းကောင်း အတူနေသူများက ခေါ်၏။ ဝါဒါများက သံတိုင်ကြား လေ့ကျင့်ခန်းလုပ်နေသည်မှာ မျောက်ဝံကြီးနှင့်တူ၍ သံခဲဟူ၍ခေါ်သည်။

ဘုန်းတော်ကြီးအတွက် အရက်ဆွမ်းကို ဝါဒါများက ယူပေးသည်။ ဆရာတော် ဦးသုမင်္ဂလသည် ဆရာတော်များ ဝိနည်းအတိုင်း နေထိုင်ပေရာ ဝါဒါများကလည်း ကြည်ညို၏။ ဆရာတော်အတွက် ပဲထမင်းနှင့် ဆန်ပြုတ်ပေး၏။ ရေချိုးသည့်ခွက်ကြီးနှင့် အပြည့်အမောက် တစ်ခွက်စီပေး၏။

ပဲထမင်းဆိုသည်မှာ ဖိုကြီးတွင် ကုလားပဲကို နူးနပ်နေအောင်ပြုတ်ထားသည်။ ရေနွေးကိုလည်း ပွက်ပွက်ဆူအောင် အမြဲထားရှိသည်။ ငရုတ်သီးနှင့် ဆီသတ်ထားသော ငရုတ်ဆီကိုလည်း အသင့်ပြင်ထားသည်။ ထောင်တွင်ကျွေးသောပုံစံ ပဲဟင်းသည် ရေဆွဲသည့် လက်ဆွဲသံပုံးအတွင်း ပြုတ်ထားသည့်ပဲကို ခပ်ထည့်၍ ရေနွေးလောင်း ရေပေါ်ဆီကို အပေါ်မှထည့်၍ ဝါးခြမ်းပြားတစ်ချောင်းနှင့်မွှေလေသော် အလွန်အရသာရှိသော ပဲဟင်းတစ်ပုံးဖြစ်လာသည်။ ထောင်တွင်ကျွေးသော ထမင်းသည် ထမင်းပေါင်းဖြစ်သည်။ ဖိုကြီး၌ စပါးခွံမီးကိုသုံးသည်။ စည်ပိုင်းပြတ်ထဲတွင် ထည့်ထားသောရေကို စပါးခွံမီးနှင့် ပွက်ပွက်ဆူစေသည်။ ၎င်းစည်ပိုင်းပြတ်ပေါ်တွင် ဆန်ခါတင်၊ ဂုံနီအိတ်ခင်းကာ ဆန်ထည့်၏။ ငှဲ့ချက်သော ထမင်းမျိုးမဟုတ် ဆန်ဆေးခြင်းလည်း မရှိ။ ကျက်



သောအခါတွင် ရေချိုးကော်ခွက်အတွင်း ထမင်းကို အပြည့်သိပ်ကာထည့်၏။ ၎င်းထမင်းအပေါ်တွင် နူးပြဲနေအောင်ပြုတ်ထားသော ပဲကိုဖိကာ သိပ်ကာထည့်၏။ ၎င်းနောက်အပေါ်မှ ငရုတ်ဆီချက်ခပ်များများ ဆမ်း၍ ပေးလိုက်သည်။ အခန်းတွင်း၌ ဆားဖြူး၍ စနစ်တကျ နယ်လေသော် ထမင်းပေါင်းကုလားပဲ၊ ငရုတ်ဆီချက်ထမင်းသည်ကား စားဖူးသူတိုင်း လျှာလည်သွားရမည် ဖြစ်၏။ ဤသို့သော ပဲထမင်းသည် ထောင်မှူးကြီးများနှင့် ဂုန်းစီးတို့သာ စားသုံးနိုင်သည့် အစားအသောက်အမျိုးအစားဖြစ်သည်။ ထောင်ကျဖူးသူတိုင်း စားဖူးလိမ့်မည်မဟုတ်။ (၁)တိုက်မှ အကျဉ်းသားတို့စားရသည်။ ဖိုကြီးမှ ဆန်ပြုတ်သည် ဆေးရုံအတွက် အထူးပြုတ်ထားခြင်း ဖြစ်သည်။ ဆန်ပြုတ်ကိုလည်း ရေချိုးကော်ခွက်နှင့် အပြည့်ပေးသည်။ ပုံစံခွက်တွင် ဆန်ပြုတ်ပူပူကျဲကျဲကို ဆားခပ်၍ တစ်ဇွန်းချင်း ခပ်သောက်ရသည့် အရသာသည်လည်း ထူးကဲလှပါဘိ။

တနင်္လာနံနက်သည် အစားအသောက်စုံ၏။ ထောင်ဝင်စာခါသောနေ့ဟု သတ်မှတ်သည်။ ၁၀(က)တို့အတွက် ထောင်ဝင်စာ အစားအသောက်သစ်များ ပါဆယ်ဝင်လာ၏။ ၁၀(က) အကျဉ်းသားတို့သည် ချုပ်နှောင်ခြင်းကို ခံနေရသော ကာလအတွင်း အခြားသော ပုဒ်မများနှင့် အချုပ်ခံထားခဲ့သောသူများကဲ့သို့ လူတွေ့ထောင်ဝင် စာမရှိ၊ အကျဉ်းသား၊ အခွင့်အရေး ဆုံးရှုံးထားသူများဖြစ်သည်။ အိမ်မှပို့ပေးသော ရိက္ခာထုပ် စားစရာတို့ကို ပါဆယ်ထုပ်ဟု ခေါ်သည်။ တနင်္လာနေ့တိုင်း လူချင်းမတွေ့လင့်ကစား ပြင်ပမှ မိသားစုက ငါးပိကြော်၊ ငါးခြောက်ကြော်၊ ဆေးသိပ်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



ကြွပ်ကြွပ်အိတ်ဖြင့် ပေးပို့ခွင့်ရသည်။ သရက်သီးသနပ်၊ ငါးပိကြော်၊ အသားခြောက်ကြော်တို့ကို (၇) ရက်စာ ချွေချွေတာတာနှင့် မြိုးခြံဝေငှစားသုံးကြပြီး တနင်္လာနေ့ရောက်သော် လက်ကျန်အပြတ်ရှင်းသည်။ ကျန်ရှိနေသော မြေပဲ၊ ထန်းလျက်ခဲ၊ မြေပဲကြော်စသည်တို့ကို ဝေငှသည်။ "ရှိပူရသေး၊ ကုန်မှအေး" ဝါဒကို စွဲကိုင်ထားသည်။ ၁၀(က) အကျဉ်းသားတို့၏ အကုန်ရှင်း၊ အကုန်လင်း၊ အကုန်သွင်းနှင့် တနင်္လာနေ့နံနက်သည်ကား အစားအသောက် အတော်မြိုင်သည်။ အလံတင်သော စစ်ခရာနှင့် အိတ်ဆောင်ဖွင့်သော ခရာသံတို့မှုတ်ပြီး ခဏအတွင်း

'ဘာအပြစ်လဲ' 'ဘက်ပြေးလို့ပါ' 'ဖောင်း' 'ဖြောင်း' အသံများ အပေါက်ဝတွင် ထွက်လာသည်။ အစားအသောက်များစားရန် မေ့သွားသည်။ တန်းစီးများက ဘေးမှတိုင်ပေးသည်။ သွေးသံတရဲရဲနှင့် ခန္ဓာကိုယ်တွင် သွေးအထပ်ထပ်၊ အညိုအမဲစွဲနေသောသူ အကျဉ်းသားအပေါ် ထွက်ပြေးလို့ဟူသောအဖြေနှင့် နောင်တွင် ဖြေတောင်မဖြေနိုင်ဘဲ အပြစ်ပေးခံရသော အကျဉ်းသားသည် မြေပေါ်တွင်လဲပြို၏။ မြေပေါ်တွင် "မိကျောင်းသွား သွား" ဟုပြောလေသော် မြေပြင်ပေါ်တွင် ဝမ်းလျားမှောက်၍သွား၏။ ဝါဒါများက ဆောင့်ကန်၏။ ဇာဖြောင်းဖြောင်းရိုက်၏။ ဤကား ထောင်တွင် အပြစ်ပေးသောနည်းဖြစ်သည်။ ထောင်တွင် တစ်စုံတစ်ရာ အပြစ်ကျူးလွန်က ထောင်ပေါက်စေ့၊ အခန်းပေါက်စေ့ ပုံစံပေးရိုက်နှက်ပြကာ အခြားထောင်ကျတို့အား ကြောက်ရွံ့ခြောက်ချားစေသည်မှာ ကိုလိုနီခေတ်၊ ဗြိတိသျှခေတ် ကျွန်ဘဝမှသည် မပြောင်းလဲသော လူမဆန်လှသည့် ထောင်ဝါဒ၊ ထောင်ဥပဒေသ။



လက်နှစ်ဖက်အား ခေါင်းပေါ်တင်၍ ဖားခုန်ခုန်ခိုင်းပြန်သည်။ ဤသို့အဝတ်ဖြူများ ဝတ်ထားသည့် ထောင်ကျတန်းစီးများ၊ ဘာယာများနှင့် ထောင်မှူးများ လှည့်လည်သွားနေသည်ကား ရပ်ကွက်ထဲတွင် ဆွမ်းကြီးလောင်းပွဲ စီတန်းလှည့်လည်သွားသည်နှင့်တူပေရာ လူတစ်ဦးတစ်ယောက်အား လူအုပ်စုကြီးတစ်ခုက သူ့ထက်ငါ အလုအယက် ဝိုင်းဝန်းဖမ်းဆီးချုပ်နှောင် ရိုက်နှက်ခြင်းကို "ဆွမ်းကြီးလောင်းသည်" ဟူသော စကားသည် အရပ်သုံးစကားအဖြစ် ယနေ့ထက်တိုင်တည်၏။ တနင်္ဂနွေနေ့ မွန်းလွဲမှသည် တနင်္လာနေ့ရောက်သည့်တိုင်တစ်နေ့လုံး တစ်ညလုံး အတောမသတ်ရိုက်နှက်ခံထားရပေရာ မျက်နှာတစ်ခုလုံး လူရုပ်မပေါက် ပေါက်ပြဲဖူးရောင်နေ၏။ ခန္ဓာကိုယ်အထက်ပိုင်း အင်္ကျီမပါအပိုင်းပိုင်း အပြတ်ပြတ် ဘောင်းဘီတိုနှင့်။

"ဟာ...မင်းအောင် ဘယ်လိုဖြစ်တာလဲ... လွတ်နေပြီလို့ အောက်မေ့တာ"

ရန်ကြီးက တအံ့တသြ လှမ်းအော်၏။ စံ-ဇာဏီဘို၊ ရန့်မျိုးသိမ်းတို့၏ဘက်သို့ မျက်ရည်စက်လက်နှင့် လှည့်ကြည့်သော မင်းအောင်၏အကြည့်တို့သည်ကား တစ်သက်တာ မေ့ပျောက်၍ မရသောမြင်ကွင်းဖြစ်သည်။ တိုက်ဝန်းအတွင်း ဥယျာဉ်မှူးမင်းအောင် စိုက်ထားသောပန်းတို့သည် တသင်းသင်းမွှေးကြိုင်လျက် လေအနော့တွင် ယိမ်းကနေလေသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## စစ်ခွေးတိုက်နှင့် မော်လမြိုင်ခြေကျင်း

ထောင်အပြင် တန်းမရှိဟူ၍ လမ်းမတော်ဖိုးတုတ်၊ ဗိုလ်တထောင်ငမိုးတို့ ကြုံးဝါးခဲ့သည်မှာ အင်္ဂလိပ်ကိုလိုနီခေတ်က ဖြစ်ဟန်တူသည်။ မိုက်ပေ့၊ ဆိုးပေ့ဟု နာမည်ကြီးသော ကိုလိုနီခေတ်လူမိုက်ကြီးများသည်လည်း ထောင်အပြင် တန်းမရှိဟူသော စကားအား ရှေးအစဉ်အဆက်ပဒေသရာဇ် ရှင်ဘုရင်လက်ထက်ကာလမှ မိုက်တိမိုက်ကန်း ကြုံးဝါးခြင်းစကားကို သုံးကြဟန်ထင့်။ ၁၉၆၂ ခုနှစ်မှစ၍ အုပ်ချုပ်ခဲ့သော ဗိုလ်ချုပ်နေဝင်းသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ထူထောင်ပြီးသကာလ ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းအဖြစ် ရောက်ရှိသည့်ကာလ ၁၉၇၃၊ ၁၉၇၄ မှသည် မ·ဆ·လ ခေတ်ဦးမှစ၍ "ထောင်အပြင်တန်းမရှိ" ဟူသော စကားပပျောက်လေတော့သည်။ အင်းစိန်ထောင်၌ ယခင်အပြစ်ဒဏ်တိုက်များအဖြစ် အသုံးချခဲ့သော (၅)တိုက်၊ ထိုမှတစ်ဖန် အသစ်တည်ဆောက်သော အလုံတိုက်ဟုခေါ်သော (၆)တိုက်တို့သည် ၁၉၇၄၊ ဒီဇင်ဘာ (ဦးသန့်ဈာပန)နှင့် ၁၉၇၆၊ မတ် ၂၃ (သခင်ကိုယ်တော်မှိုင်းရာပြည့်) မှ နိုင်ငံရေးလှုပ်ရှားမှုမှ ထောင်ကျ အကျဉ်းသားများအတွက် မစိမ်းလှသော အပြစ်ဒဏ်တိုက်များဖြစ်သည်။ ထိုကာလနိုင်ငံရေးအကျဉ်းသားတို့အား ပိုမိုပြင်းထန်သော အပြစ်ဒဏ်တိုက်ကို ဖန်တီးရန်အလို့ငှာ စစ်ခွေးတိုက်ကို တည်ဆောက်ဖန်တီးလေသည်။



အင်းစိန်အကျဉ်းထောင်တွင် ထောင်ကျအကျဉ်းခံဖူးသူအားလုံးတို့ သိရှိထားသည်မှာ ထောင်အပြင် တန်းမရှိဟူသော စကားသည် ထောင်မကျဘူးသော အပေါစား၊ အညံ့စား၊ ယောင်ပါးဝါး၊ အမှန်တကယ် မိုက်မိုက်မဲမဲ ထောင်ကျဖူးသူမဟုတ်ဘဲ ဓာတ်ခံ့ပေါ်မှ လူကြမ်းမင်းသားတို့၏ ကြုံးဝါးသံကို သံယောင်လိုက်သူသာ ဖြစ်သည်။ အင်းစိန်ထောင်တွင်း၌ပင် တည်ရှိသော စစ်ခွေးတိုက်သည်ကား ထောင်ကျအကျဉ်းသားတို့၏ ငရဲစခန်းပေတည်း။ မ·ဆ·လ လက်ထက်မှစ၍ (၈) ပေပတ်လည် အခန်းကျဉ်း (၁၀)ခန်းနှင့် ဖွဲ့စည်းထားသော စစ်ခွေးတိုက်သည်ကား ကမ္ဘာမြေပြင်ပေါ်တွင် ဆိုးဝါးရက်စက် ကြမ်းတမ်းမှုနှင့် လူသားအချင်းချင်းအပေါ် ရက်စက်၊ လူမဆန်စွာ ညှဉ်းပန်းမှု၏ အထင်ကရနေရာဖြစ်၏။ ယခုကာလစစ်ခွေးတိုက်တွင် နေထိုင်ဖူးကြောင်း ပြောဆိုနိုင်သော သူတို့သည် မွေးရာပါ ကိုယ်လက်အင်္ဂါ ပြည့်စုံလျက်နှင့် ယခုအခါ အကျိုး၊ အပဲ့၊ မျက်စိကန်း၊ နားကန်း၊ ခြေသိမ်၊ လက်သိမ်၊ အတွင်းဒဏ်ရာ ဗရပွနှင့် ဒုက္ခိတဘဝသို့ ဆောလျင်စွာ ရောက်နှင့်နေသော သူများသာ ဖြစ်ကြပေလိမ့်မည်။

### စစ်ခွေးတိုက်

ထောင်မှထွက်ပြေးစဉ် အဖမ်းခံလိုက်ရသော မင်းအောင်အား ထောင်တစ်ခုလုံး၌ လိုက်လံ၍ ဆွမ်းကြီးလောင်းသည် ဟူသည့် ထောင်စကားအတိုင်း အပြစ်ဒဏ်ကိုအော်ဟစ်စေလျက် တဖြန်းဖြန်း၊ တဖြောင်းဖြောင်းရိုက်ကာ အခြားထောင်ကျများအား ရှုမြင်ပေး၍ချောက်ချားစေ၏။

www.burmeseclassic.com

www.burmeseclassic.com



"တောက်…မိုက်ရိုင်းလိုက်တာကွာ လူအချင်းချင်း မညှာမတာ"

(၁)တိုက်မှ ၁၀(က) နိုင်ငံရေးအကျဉ်းသား ကျောင်းသားခေါင်းဆောင် ရန်မျိုးသိန်း၏အသံထွက်လာသည်။

"အခု မင်းအောင်ကိုရိုက်ပြီး ဘယ်ပို့မလဲ ကိုကျော်ဦး"

ရုပ်ရှင်မင်းသားကြီး ဦးအောင်လွင်မှ မင်းအောင်အတွက် စိတ်မကောင်းဖြစ်စွာနှင့် ထောင်ဝါဒါကိုကျော်ဦးအားမေး၏။

"စစ်ခွေးတိုက်ကိုပို့မှာ"

ဝါဒါ ကိုကျော်ဦးက ဖြေ၏။ စစ်ခွေးတိုက်ဟူသော စကားသည် ရောက်ဖူးသူမဆိုထားနှင့် ကြားဖူးသူများပင် ကျောထဲမှ စိမ့်သောအသံဖြစ်သည်။

"ကိုကျော်ဦး စစ်ခွေးတိုက်ဆိုတာ ခွေးတွေကို ထားတဲ့တိုက်ခန်းလား"

လွန်စွာ စပ်စုလှသော ရန်မျိုးသိန်းကမေး၏။

ဝါဒါကိုကျော်ဦးက

"အပြစ်ဒဏ်တိုက်တွေ ရန်ကြီးရဲ့…အခန်း (၁၀) ခန်းတွဲထားတာ… (၈)ပေ ပတ်လည်အခန်းပေါ့။ ထောင်မှာ အပြစ်ဒဏ်ကျတဲ့သူတွေကို ထပ်ပြီး ထောင်ချတဲ့နေရာပေါ့"

ကိုကျော်ဦးက ပြော၍ဆက်လက်ရှင်းပြသည်မှာ

"ထောင်ထဲမှာ လူသတ်ရင် ပြစ်ဒဏ်ရှိတယ်" အပြစ်အကြီးဆုံးပေါ့။ တိုက်ထဲမှာ (၄၅)ရက်ထားတယ်။ ပြီးမှ ရုံးထုတ် ဥပဒေနဲ့အပြစ်ပေးပေါ့။ အဲဒီလို လူမိုက်ကြီး၊ လူ သတ်သမား လူမိုက်တွေတောင်မှ အပြစ်ဒဏ်ခံပြီးရင် နောက်စစ်ခွေးတိုက်နားကို



သီတောင် မသီရဲကြဘူးလေ…။ တခြားအပြစ်တွေလည်း ရှိသေးတယ်။ မူးယစ်ဆေးဝါးတို့၊ လိင်တူဆက်ဆံတာတို့ပေါ့။ ဒီလူတွေလည်း စစ်ခွေးတိုက်ရောက်ရင် ငြိမ်ကျသွားတာ။ ထောင်က ချမှတ်ထားတဲ့ စည်းကမ်းကျော်ရင်တော့ စစ်ခွေးတိုက်ကို ပို့ကြတာပဲ"

"ဒါဆို အခုမင်းအောင် အခြေအနေရော…"

"အင်းစိန်ထောင်မှ ထွက်ပြေးတယ်ဆိုတာအတော်ကြီးတဲ့ပြဿနာပဲ။ ဒီကောင်အတော်မိုက်တာပဲ လွတ်ခါနီးမှ…ကိုးတံခါးနဲ့အင်းစိန်ထောင်က ထွက်ပြေးလို့ လွတ်သွားတယ်ဆိုတာ ရာဇဝင်မရှိဘူး"

"စစ်ခွေးတိုက်က ဘယ်နားမှာ ရှိတာလဲ"

ရန်ကြီးက မေးလေသော်

"မိန်းဂျေးဘေးကဖြတ်ပြီး 'အလုပ်ကြီး'ဘက်ကိုသွားရတာ… (၄) (၅)မိနစ်လောက် ဆက်လျှောက်သွားရင် ထောင်က စစ်ခွေးထားတဲ့ ဝန်းထဲကိုရောက်တယ်။ ဝန်းကျယ်ကြီးပါ။ အဲဒီမှာ ခွေးတွေ၊ ခွေးဆရာတွေနဲ့ ခွေးတွေကို လေ့ကျင့်ပေးတာ။ ခွေးတွေကို ခွေးအိမ်နဲ့ထားတာ။ ခွေးအိမ်တွေကို ကျော်သွားရင် စစ်ခွေးတိုက်ကိုရောက်တယ်။ အုတ်နံရံနဲ့ဝင်းလေးပေါ့။ ထုံးစံအတိုင်း မလွယ်ပေါက်ဝင်ရတယ်။ ဝင်ပေါက်တည့်တည့်က အခန်း (၅)ပဲ။ အခန်းစုစုပေါင်း (၁၀)ခန်းပဲရှိတာ။ အရင်တုန်းက စစ်ခွေးတွေအတွက် သတ်မှတ်ထားတဲ့နေရာမို့လို့ စစ်ခွေးတိုက်လို့ခေါ်တာ။ အခုတော့ ခွေးတွေမရှိပါဘူး။ အပြစ်ဒဏ်သမားတွေကို ထားတဲ့နေရာပေါ့။ စစ်ခွေးတွေလား အဲဒီနေရာမှာထားမှာ ထပ်သိမ်း[illegible]"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နှယ့် ဘာလဲဗျာ ထပ်သရီး…ဆိုတာ"

အိုက်တင်ပါပါနှင့် ခေါင်းကိုလှည့်၍ တံတွေးထွေးသော ကိုကျော်ဦးကို ရ·က·သ ခေါင်းဆောင် ကိုတင့်ဆန်းကမေးသော်

"ရှုံလို့ တံတွေးထွေးတဲ့အိုက်တင်လေ ဥက္ကဋ္ဌလေး ကိုတင့်ဆန်းရဲ့"

ဟု ပြောလေသော် ကိုတင့်ဆန်းက

"ဘာ ရှုံစရာကောင်းလို့လဲ"

"ခွေးတွေနေတဲ့နေရာက သန့်ရှင်း၊ မွေးကြိုင်ပြီး စတိုင်ကျသေးတယ်။ ခွေးတွေကလည်း စားတာ အပျံစား အမဲသား၊ ကြက်ဥ သူတို့ရာရှင်က တကယ်မိုက်တာ…ကိုတင့်ဆန်း… ညွှန့်မှူး ဗိုလ်မှူးကြီး ခင်မောင်လတ်ကို သိတယ်မို့လား…"

"ဟာ မင်းသားပဲဟာ သိတာပေါ့။ ဦးအောင်လွင်ထက်တောင် စတိုင်ကျသေးတယ်။ ဘိုင်စကုတ်မင်းသား ဇော်ခိုင်စတိုင်နဲ့"

ကြားမှ ရေ့နေဦးနေမင်းမှ ဝင်ရောက်ပြော၏။ ကိုကျော်ဦးကဆက်၍

"အဲဒီဗိုလ်မှူးကြီး ခင်မောင်လတ်ရဲ့ ခွေးမ ဒေစီကိုတောင်လာပို့ထားတာ…အဲဒီခွေးမကတော့ စတားပဲ ကျော့နေတာ… မွေးနေတာပဲ ညွှန်မှူးရဲ့ခွေးဆိုတော့ ခွေးဆရာတွေက ဝိုင်းဖားတာ ဒေစီ ဒေစီနဲ့ အမလေး··ရေချိုးပေး တဲ့လူကပေး သန်းရှာပေးတဲ့လူကပေး၊ အမွေးဖြီးပေးတဲ့လူကဖြီးပေး၊ ပေါင်ဒါလူးတဲ့လူကလူးနဲ့။ ညွှန်မှူးရဲ့ခွေးမ ဒေစီထွက်လာပြီဆိုရင် တစ်ခန်းလုံးကိုမွှေးနေတာပဲ စစ်ခွေးတွေက ခွေးစာရိုးရိုးမစားဘူး "Dog Food" လို့ခေါ်တဲ့



နိုင်ငံခြားခွေးစာကိုမှ စားတာ…အဲဒီ ခွေးတိုက်ထဲကလူတွေနဲ့ နှိုင်းစရာလား "ထွီ"… အဲဒီခွေးတိုက်ကလူတွေကို ကော်၊ ငပိနဲ့ တာလဘော ဒါပဲကျွေးတာ··မိလ္လာချမပေးဘူး၊ ရေချိုးချမပေးဘူး၊ ဘယ်နှယ့် နံဟောင်နေတာ··"

ဟုပြောလေသော် ခွေးတို့ ထက်ပင်နိမ့်ကျသော လူသားတို့သည် အင်းစိန်ထောင် စစ်ခွေးတိုက်၌ရှိကြောင်း သိရလေတော့သည်။

## ထောင်ဆိုသည်မှာ

ထောင်ဆိုသည်မှာ "နေတတ်လျှင် ကျေနပ်စရာကောင်းသောနေရာ"ဟု ဆိုကြသူများဆို၏။ "ခပ်ညံ့ညံ့ တည်းခိုခန်းတစ်ခု"ဟု သတ်မှတ်သူက သတ်မှတ်သည်။ "ဘဝတက္ကသိုလ်"ဟု စာဖွဲ့သူကဖွဲ့၏။ "လူရှင်သင်္ချိုင်း"ဟူ၍ ဆိုသူကဆို၏။ စင်စစ်ထောင်ဆိုသည်ကား "လောကငရဲ"တည်း။ ပုံစံရပ်ရုံ၊ ပုံစံထိုင်ရုံလောက်နှင့် ထောင်ကျသည်ကို ငိုကြွေးသောသူများ ရှိကြကုန်သည်။ ဆဲဆို၊ ရိုက်နှက်၊ ကန်ကြောက်ခံရ၍ ရှုံ့ကြောက်သူလည်း ရှိကြသည်။ ဆီးဝမ်းသွားရာ မိလ္လာချောင်၌ထားခြင်း၊ အစားအသောက် ညံ့ဖျင်းလွန်းခြင်းနှင့် မဝတဝရေချိုးရခြင်းစသည်တို့ကား ထောင်၏အနှစ်သာရမဟုတ်။ အပေါ်ယံအကင်းမျှသာတည်း။ ထောင်သို့ အပြစ်ဒဏ်တစ်စုံတစ်ရာနှင့် ရောက်ရှိလာသူတို့သည် အကျဉ်းထောင်၏ သတ်မှတ်ထားသော ဥပဒေကိုဖောက်ဖျက်ပါက ထောင်တွင်းမှပေးသော အပြစ်ဒဏ်ကိုခံယူရသည်။ ထောင်ထုံးတမ်းစဉ်လာအရပေးသော အပြစ်ဒဏ်တို့

www.burmeseclassic.com

www.burmeseclassic.com



သည်ကား ကြောက်ခမန်းလိလိ စက်ဆုပ်ရွံရှာဖွယ်အတိဖြစ်သည်။ ထောင်ဗူးဝမှအဝင် မိန်းဂျေးသို့မျက်နှာမူလေသော် ညာဘက်အခြမ်းတွင် ထောင်အချုပ်ရုံး၊ ထောင်ကျရုံးနှင့်တကွ အတွင်းဖက်၌ မိန်းမထောင်၊ ရိက္ခာတိုက်၊ ထောင်ဆေးရုံတို့ရှိ၏။ ထောင်ကျရုံးနံဘေးရှိ ပန်းပဲရုံသည်ကား (၂၄)နာရီ အလုပ်နှင့်မပြတ်သော နေရာဖြစ်သည်။ ပန်းပဲဖိုမှ ပေနှင့်တူတို့ ထိရိုက်သံ "တတိန်တိန်"ကို နေ့ရောညပါ အဆက်မပြတ် ကြားရစမြဲဖြစ်သည်။ ထိုပန်းပဲရုံသည်ကား ဓား၊ လှံ၊ လူသုံးကုန်စသည်တို့ကို ထုတ်သော ပန်းပဲဖိုမဟုတ်၊ ထောင်ကျသူတို့အား သံခြေချင်း၊ ခေါက်အစရှိသည်တို့ကို အချိန်နှင့်အမျှ ထုရိုက်ပြုလုပ်နေခြင်းဖြစ်သည်။ ထောင်တွင်းပန်းပဲမှ ထုတ်လုပ်သော ခြေချင်းအမျိုးအစား (၃)မျိုးရှိသည်။ "ဘောက်ချာခြေချင်း"ဆိုသည်က တစ်မျိုး... "နိုင်ငံတော်ခြေချင်း" ဆိုသည်က တစ်ဖုံနှင့် အထူးစပါယ်ရှယ် "မော်လမြိုင်ခြေချင်း" ဟူ၍ သုံးမျိုးသုံးစား ခွဲခြားသည်။

ခြေချင်းဝတ်ရသောသူဆိုသည်ကား...

အပြစ်တစ်စုံတစ်ရာနှင့် ထောင်ကျနေသူသည် အမှုသစ်ပေါ်၍ဖြစ်စေ၊ အခြားအမှုတစ်ခုအတွက် ရုံးထွက်ရသည်ဖြစ်စေ၊ ထိုထောင်ကျအား ခြေချင်းခတ်ပြီးမှ ရုံးထွက်ရသည်။ တရားရုံးများတွင် သံခြေချင်းခတ်ထားသူများအဖြစ် တွေ့ရပေလိမ့်မည်။

ထောင်တွင်းဆေးရုံ၌ ကုသမှုမနိုင်နင်းတော့... သေအံ့မူးမူးဖြစ်နေသော သူတို့ကို ထောင်ပြင်ဆေးရုံသို့ထုတ်၍ ဆေးကုသခံရသည်။ ထိုသေအံ့မူးမူး ရောဂါကျွမ်းနေသောသူတို့အား ထောင်ပြင်ဆေးရုံသို့ပို့သောအခါ လက်ထိပ်ခတ်သည်။ သံခြေချင်းခတ်



သည်။ ဆေးရုံပို့ပြီး အစောင့်နှင့်ထားသည်။ ထိုသို့သော ရုံးထုတ်ခြေချင်း၊ ဆေးရုံထုတ်ခြေချင်းတို့တွင် "ဘောက်ချာ"တွဲ၍ရသည်။ ထောင်တွင် "ဘောက်ချာ"ဟူသော စကားရှိသည်။ ပြင်ပလောကတွင် အရောင်းအဝယ် ကိစ္စများတွင် ငွေပေး၍ "ဘောက်ချာ" ဖွင့်သည်ဟူသော ငွေပေးငွေယူကိစ္စကို အကြောင်းပြု၍ ထောင်ပိုင်၊ ထောင်မှူး၊ ထောင်ကြပ်၊ ဝါဒါ၊ အကျဉ်းသား လူမိုက်ကြီးများစသည်တို့အား ငွေပေး၊ လာဘ်ထိုး၍ အနေအစားချောင်၊ အဝင်အထွက် အဆင်ပြေအောင် လုပ်ခြင်းအား "လိုင်းဝင်"သည်ဟုခေါ်သည်။ ငွေကို ယူလိုက်၍ မည်သည့်ကိစ္စကိုမှ ဆောင်ရွက်ပေးခြင်းမရှိသော ဖြစ်ရပ်မျိုးအား "စားပြီး နားမလည်" ဟူ၍လည်းကောင်း၊ "အဝင်သာရှိသည် အထွက်မရှိ" ဟူ၍လည်းကောင်း၊ "အီးပိတ်" သည် ဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးစွဲသည်။ ထောင်တွင် လိမ်ညာလှည့်စားခြင်း၊ အပါးခိုခြင်းကို "လက်ကောက်ကျသည်"ဟု ခေါ်သည်။

"လိုင်းဝင်တာ လက်ကောက်ကျခံရလို့ အီးပိတ်သွားတယ်" ဟူသောစကားသည် လာဘ်ပေးသည့်ငွေကိုယူ၍ လိမ်ညာသွားခြင်းအပေါ် ပြောသောစကားဖြစ်သည်။

ငွေပေးလိုက်၍ အမှန်တကယ် လုပ်ပေးသောသူများနှင့်တွေ့သော် "လိုင်းမိသည်"ဟူ၍လည်းကောင်း၊ "လိုင်းချိတ်မိသည်" ဟူ၍လည်းကောင်း ဆိုလေ့ရှိသည်။ ထောင်ဝန်ထမ်းတို့သည် "ထောင်ကျများ၊ အချုပ်များ"ထံမှ ငွေကြေးလာဘ်ထိုးမှု ပိုင်ပိုင်နိုင်နိုင်ရလေသော် "ခွင်မိသည်"ဟူ၍ ဆိုလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



လာဘ်ပေးသူက လိုင်းချိတ်မိ၍ လာဘ်ယူသူက ခွင်မိသော အခါတွင် ဘောက်ချာဖွင့်၍ရသည်။ ငွေပုံပေး၍ အစားချောင်၊ အနေချောင်၊ သက်သာအောင်နေ၍ရသည်။ အချို့ထောင်ကျတို့သည် ထောင်ကျနေစဉ်ပင် အိမ်သို့ပင်ပြန်သည်အထိ ဆောင်ရွက်ကြကုန်သည်။ "ခွင်ဖန်" ၍ ရသည်ဟုဆိုသည်။ ထောင်တွင်လည်း အတော်အတန်စွာနိုင်သည်။ "သွား မထိနဲ့ ထောင်ပိုင်ကြီးဦး...ရဲ့ဘောက်ချာ" ဤသို့နှင့် ဘောက်ချာတွဲထားသောသူ၏ အရှိန်အဝါနှင့် ဝါဒါ၊ တန်းစီး၊ ဘုတ်ကိုင်၊ ဘာရာတို့အပေါ်တွင် ဟိန်းဟောက်၊ ကြိမ်းမောင်းနိုင်သောသူများ ရှိကြကုန်၏။ ထိုသို့သော ဘောက်ချာများ ရုံးထုတ်သောအခါတွင်လည်းကောင်း၊ လိုင်းဝင်၍ အပြင်ဆေးရုံသို့ ထွက်သောအခါတွင်လည်းကောင်း "ဘောက်ချာ" ခြေချင်းကိုခတ်သည်။ ခဲတံသာသာ၊ ဘောပင်သာသာ အလွန်သေးလှသည့် ခြေချင်းကွင်းနှင့် ခေါက်ရှည်ရှည်၊ ခြေချင်းခပ် ရှည်ရှည်ထားပေးသည်။ ခြေချင်းတို့သည် ရက်ဘစ်အရှင်နှင့်ရိုက်ထားသည်။ ဖြုတ်၍ တပ်၍ရသည်။ ထောင်အဝင်အထွက်၌ သာတပ်သည်။ ဤကား ဘောက်ချာခြေချင်းပင်ဖြစ်သည်။ ပန်းပဲဖိုမှသူတို့သည် တလေးတစား၊ စနစ်တကျ ကျယ်ကျယ်လွင့်လွင့်ခြေချင်းဝတ်ကို မရှုမနာအောင် ထုဆစ်ထားသော ခြေချင်းကို ဆင်ယင်ပေးခြင်းဖြစ်သည်။

နိုင်ငံတော်ခြေချင်းကို ဝတ်ဆင်ရသူတို့သည် ထောင်တွင်းမှသည် အပြင်ဘုတ်သို့ထွက်သောအခါ ခြေချင်းဝတ်ရသည်။ ထောင်ကျတို့အား ထောင်တစ်ခုမှတစ်ခုသို့ ရွှေ့ပြောင်းသောအခါ ကား၊ ရထား၊ သင်္ဘောတို့ပေါ်သို့တင်၍ ရွှေ့ပြောင်းရသည်။ ထိုသို့သော အခါ ခြေချင်းခတ်၍လည်းကောင်း၊ လက်ထိပ်ခြေထိပ်နှင့်လည်း



ကောင်း ထောင်ပြောင်းရသည်။ ထောင်ပြောင်းရသောသူတို့သည် ပန်းပဲမှထုဆစ်လိုက်သော သံခြေချင်းနှင့်ထောင်ပြောင်းရသည်။ ထောင်တွင်းမှ ထောင်ကျတို့ကို အပြင်အလုပ်စခန်းများတွင် အလုပ်ကြမ်းနှင့် အပြစ်ဒဏ်ခံရခြင်းကို ရဲဘက်ထွက်သည်ဟုဆိုသည်။ ရဲဘက်ထွက်သူ အားလုံးတို့ကို ခြေချင်းခတ်၍ ထောင်ပြင်သို့ထုတ်သည်။ ဤသို့ထောင်ပြောင်းများ၊ ရဲဘက်ထွက်ခြင်းပြုသောအခါများတွင် ခတ်ခံရသော ခြေချင်းကို နိုင်ငံတော်ခြေချင်းဟူ၍ သတ်မှတ်သည်။ နိုင်ငံတော်ခြေချင်း ဝတ်ဆင်ရသော သူတို့သည် ဘောက်ချာဖွင့်နိုင်သော အဆင့်မရှိ၊ ထိုသောအခါများတွင် "ဘော်ဒါ" ကဏ္ဍကို အဓိကထား၍ ဆောင်ရွက်ကြသည်။ ထောင်တွင် "ဘော်ဒါ...ဘော်ကျွတ်" ဟူသော စကားရှိသည်။ မိတ်ဆွေ...၊ သူငယ်ချင်း...ဟူသော စကားကို "ဘော်ဒါ" ဟူ၍ အစားထိုးသည်။ "ကြည့်လုပ်ပေးပါ... ဒါ တန်းစီးစိုးမြတ်ရဲ့ ဘော်ဒါ..." ဤသို့ မည်သူမည်ဝါ၏ မိတ်ဆွေဖြစ်သည်ဟူသော အကြောင်းနှင့် ခြေချင်းဝတ်သောအခါ အဆင်ပြေ၊ သက်သာ ပေါ့ပေါ့ပါးပါးဖြစ်အောင် ဆောင်ရွက်ခြင်းကို ဘော်ဒါကဏ္ဍနှင့် လုပ်ကိုင်ပေးသည်ဟုဆိုသည်။

ငွေကြေးတစ်ပြား တစ်ချပ်မှမယူ၊ ထောင်ကျသော လူဆိုး၊ လူမိုက်၊ သူခိုး၊ ဂျပိုးတို့သည် ထောင်အမှုထမ်း ဝါဒါများကဲ့သို့ ငွေရလျှင်တစ်မျိုး၊ မရလျှင်တစ်မျိုး၊ အဆင်ပြေလျှင်တစ်မျိုး၊ မပြေလျှင်တစ်မျိုး၊ သိက္ခာမဲ့စွာ လုပ်ကိုင်သူများမဟုတ်။ လူမိုက်တို့သည် ဘော်ဒါကဏ္ဍကို အလေးပေးသည်။ အချင်းချင်းကြည့်သည်။ ကူညီသည်။ ငွေကြေးအတွက် မဟုတ်၊ ဘော်ဒါစိတ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားပေးသည်ဟုဆိုသည်။ မိတ်ဆွေ ဘော်ဒါ၏ မိတ်ဆွေကို ကား "ဘော်ကျွတ်" ဟူ၍ခေါ်သည်။ တစ်ဆင့်ခံ မိတ်ဆွေဖြစ်သည်။ ဤကဲ့သို့ တစ်ဆင့်ခံမိတ်ဆွေကိုလည်း "ဘော်ဒါ… ဘော်ကျွတ်တွေပဲ …အေးဆေးပါ" ဟူသောစကားနှင့် လိုသလို ကူညီတတ်သည်။ ဤသို့ဘော်ဒါကဏ္ဍနှင့် ကူညီခြင်းကို အထောထားသည်ဟု ပြောလေ့ရှိသည်။ ထောင်တွင်း၌ "ဘော်ဒါ ဘော်ကျွတ်"မရှိသောသူတို့သည်ကား "ချွတ်ချွံခံရမည်" "ပုံစံ ပေးခံရမည်" မှာမလွဲ။

ထောင်ရွှေ့ ထောင်ပြောင်းလည်းမဟုတ်၊ ရဲဘက်ထွက်ခြင်းလည်းမဟုတ်၊ ထောင်တွင် အပြစ်တစ်စုံတစ်ရာ ကျူးလွန်က ထောင်ဝင်စာပိတ်ခြင်း၊ ရေချိုးပိတ်ခြင်း၊ ရိုက်နှက်ခံရခြင်း၊ ဖားခုန်ခုန်ခြင်း စသည့် ပုံစံများပေးကာ ခြေချင်းခတ်ခံရသည်။ အပြစ်ဒဏ်ကြီးက ခြေချင်းတစ်ခုနှင့်တစ်ခုကြား သံချောင်းတစ်ချောင်း ဒေါက်ခံချိတ်ဆွဲထားခြင်းကို ဒေါက်ခတ်သည်ဟုဆိုသည်။ ဒေါက် (၁)ချောင်း၊ (၂)ချောင်းမှသည် (၃)ချောင်းအထိ ဒေါက်ခတ်ခံရသူလည်းရှိသည်။ ထောင်တွင်း၌ နေ့စဉ် ကြီးမားသော အပြစ်ဒဏ်ရှိသူတို့သည် ခြေချင်းရော ဒေါက်ပါ အခတ်ခံရသည်။ ဒေါက်ခတ်ခံရသောအခါ (၁)ပေ ဒေါက်၊ (၆)လက်မ ဒေါက်ဟူ၍ (၂)မျိုးရှိသည်။ (၆)လက်မ ဒေါက်သည် အဆိုးဝါးဆုံးဖြစ်သည်။ ခြေချင်းဝတ်တွင်ရှိသော သံကွင်းတစ်ခုနှင့် တစ်ခုအား၊ သံချောင်း (၆)လက်မနှင့် ထောက်ထားလေသော် စေ့၍လည်းမရ၊ ကား၍လည်းမရ၊ လမ်းလျှောက်က ခြေတစ်လှမ်း (၃)လက်မထက်ပိုမရွေ့၊ ဤကား နိုင်ငံတော်ခြေချင်းနှင့် ဒေါက်ဖြစ်သည်။



မော်လမြိုင်ခြေချင်းဆိုသည်ကား အထူးစပါယ်ရှယ် ခြေချင်းဖြစ်သည်။ ဆိုးပေ့၊ မိုက်ပေ့ဟူသော လူမိုက်များ ထောင်တွင်း၌ အချင်းချင်း ရိုက်နှက်သတ်ဖြတ်သော ပြစ်မှုကျူးလွန်သော သူများပင်လျှင် မော်လမြိုင်ခြေချင်းကိုခတ်ခွင့်မရှိ၊ ၁၀ (က)၊ ၅(ည)မှအစ အခြားသော နိုင်ငံရေးပြစ်ဒဏ်ခံနေရသော နိုင်ငံရေးသမားတို့အား ခြေချင်းခတ်သောအခါ အသုံးပြုရန် အထူးတလည် စီမံထားသော ခြေချင်းဖြစ်သည်။

နိုင်ငံရေးအကျဉ်းသား သို့မဟုတ် အချုပ်သားတို့အား ထောင်ပြောင်းရွှေ့သောအခါတွင်လည်းကောင်း၊ အပြစ်ဒဏ်ပေးသော အခါတွင်လည်းကောင်း၊ မော်လမြိုင်ခြေချင်းကို အထူးတလည် စီမံပေးခြင်းကိုပြုသည်။ မော်လမြိုင်ခြေချင်းတစ်စုံသည် "၂ ပိဿာနှင့် ၇၀ ကျပ်သား"အလေးချိန်ရှိသည်။ မော်လမြိုင် ခြေချင်းခတ်ရာတွင် အသုံးပြုသော ခြေချင်း၊ သံကွင်း၊ ဒေါက်တို့အား မြေတွင် မြှုပ်နှံထားသည်။ အခြားသံချောင်းများကဲ့သို့ မြေပြင်ပေါ်၊ ခုံပေါ်၊ စင်ပေါ်တို့တွင်ထားရှိခြင်း မဟုတ်။ ထောင်တွင်း၌ အပြစ်ဒဏ်ခံရသော နိုင်ငံရေးအကျဉ်းသား ပန်းပဲဖို့သို့ ရောက်ခါမှ မြေမှဖော်ကာ ခြေချင်းရိုက်ပေးသည်။ မြေမြှုပ်ထားသော သံကွင်း၊ သံချောင်းများသည် သံချေးများတက်၍ အဖုအထစ်၊ စောင်းများနှင့် အသားနုသူတို့ လက်နှင့်ထိလျှင်ပင် "ဖျန်းခနဲ"သွေးထွက်နိုင်သည်။ အလွန်တုတ်ခိုင်လေးပင်သော သံကွင်း၊ သံချောင်းများနှင့် စီစဉ်ထားသည်။ မော်လမြိုင် ခြေချင်းခတ်၍ ဒေါက်ခတ်သောအခါ (၆)လက်မဒေါက်ကိုသာ သုံးသည်။ (၁)ပေဒေါက်ကို သုံးလေ့မရှိ၊ ခြေချင်းသံကြိုးကို တိုထားပေရာ

www.burmeseclassic.com

www.burmeseclassic.com



ခြေချင်းကိုမလေသော် ခါးကုန်း၍မရသည်။ မော်လမြိုင်ခြေချင်းနှင့် ခတ်ထားခံရသော နိုင်ငံရေးအကျဉ်းသားတစ်ယောက် လမ်းလျှောက်လေသော် ခေါင်းကို အိတ်ဖြူကြီးတစ်ခုနှင့် စွပ်ထားသည်။ (၂)ပိဿာ နှင့် ၇၀ကျပ်သားလေးသည့် ခပ်တိုတိုသံကြိုးနှင့် ခြေချင်းဒေါက်ကို လက်နှင့်ကုန်း၍ဆွဲကာ တစ်လှမ်းချင်းလှမ်းသည်။ ခြေတစ်လှမ်းသည် (၃)လက်မသာရှိသည်။ "မြန်မြန်လျှောက်ဟူ၍ အော်ငေါက်ကာ ရိုက်နှက်၊ ကန်ကြောက်ကြိမ်းမောင်းသောအခါ (၃) လက်မသာ ရွေ့လျားနိုင်သော ခြေလှမ်းတို့ကို ခပ်သွက်သွက်လှမ်းရသော် ခြေချင်းဝတ်တွင် သံကြွပ်၊ သံချေးတို့သည် အသားကို ထိရှပွန်းပဲ့ကာ ခြေချင်းဝတ်တစ်ခုလုံးပဲ့ရွဲ့ကာ သွေးခြင်းခြင်းနီကုန်၏။ ခြေလှမ်းလိုက်တိုင်း သွေးများတစက်စက် ကျဆင်း၏။ ဤကား နိုင်ငံရေးသမား မော်လမြိုင်ခြေချင်းနှင့် သွေးစွန်းသော ခြေလှမ်းများတည်း။

□ □ □

## ပုံစံထောင်

'ပုံစံ'ဟူသော စကားလုံးသည် ပြင်ပလောကမှသူများအတွက် ထူးခြားမှုတစ်စုံတစ်ရာမရှိသော ရိုးရှင်းသည့် စကားလုံးဖြစ်သည်။ သမားရိုးကျသတ်မှတ်ထားသော အနက်အဓိပ္ပာယ်အထိ သိရှိကြလိမ့်မည်။ ထောင်တွင် အချုပ်ကျ၊ အကျဉ်းကျနေသော သူတို့အတွက်ကား 'ပုံစံ'ဟူသောစကားသည် အလွန်ကျောချမ်းဖွယ်ကောင်းသော စကားစုဖြစ်သည်။

"ပုံစံကျအောင် လမ်းလျှောက်...

ပုံစံကျအောင် ရပ်...

ပုံစံကျအောင် ပြော...

ပုံစံကျအောင် မေးတာဖြေ...

ပုံစံကျအောင် ထိုင်...

ပုံစံနဲ့ ရေချိုး...

ပုံစံနဲ့ စား...

ပုံစံနဲ့ အိပ်..."စသဖြင့် လှုပ်ရှားမှုအလုံးစုံကို ပုံစံနှင့်ထိန်းချုပ်ထားသည်။ အချုပ်ပုံစံခန်း၊ ထောင်ကျပုံစံခန်း၊ ပုံစံခန်းတန်းစီး၊ ပုံစံခန်းလူကြီး...စသည်ဖြင့် ထားရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစတက်သော စာသင်သားတစ်ဦးအား ‘ဝ’ လုံး ရေးခြင်းနှင့် စာသင်ကြားခြင်းကို စသကဲ့သို့ ထောင်တွင်းဝင်ရောက်လာသော သူတစ်ဦးအား ဖြောင်းခနဲမြည်အောင် နားရင်းရိုက်၍ တစ်နည်း၊ ဝုန်းခနဲ ခြေနဲ့ဆောင့်ကန်ခြင်းက တစ်သွယ် သေတော့မှာပဲအစချီကာ ပြင်ပလောကတွင် မကြားဝံ့ မနာသာသည့် ဆဲဆိုနည်းမျိုးစုံနှင့် ဆဲဆိုကာ ထောင်တွင်း၌ နေထိုင်ကျင့်ကြံရမည့် သွားပုံ၊ လာပုံ၊ နေထိုင်ပုံ တို့ကိုစတင်၍ သင်ကြားပေးခြင်းကို ပုံစံလူကြီးများက ပုံစံပေးသည်။ ပုံစံပြသည်ဟူ၍ သတ်မှတ်သည်။ ပြင်ပလောကတွင် ပုံစံလာပေးနေတယ်··· ပုံစံပေးခံရတယ်··ဟူသောစကားသည် ထောင်တွင်းမှ ဆင်းသက်လာခြင်းဖြစ်သည်။ ပုံစံလူကြီးများ၊ ပုံစံပေးသောသူများသည် ထောင်ကျအကျဉ်းသားများထဲမှ နှစ်ကြီးသမားများ၊ နာမည်ကြီး လူမိုက်များဖြစ်သည်။ ထောင်တွင် ထိုခေတ် ထိုကာလက (၁၉၈၈) အရေးအခင်းအပြီး ထောင်ပြန်ဖွင့်သောအချိန်တွင် ပုံစံပေးသည့် နာမည်ကြီးထောင်မင်းသား လူမိုက်ကြီးများသည်ကား···

စိုးမြတ်၊ အီဆပ်၊ ကျော်သူ၊ စိုးလေး၊ ဝဲလေး၊ ဗိုက်ပေါက်၊ ခရော့၊ သားသား၊ ဇော်ကြီး၊ ဇော်လေး၊ စိန်ကုလား၊ ငချိတ်၊ ငါးရှဉ့်၊ စလင်း၊ အငယ်လေး၊ အင်းလေး···တို့ဖြစ်ပါသည်။

ထိုသူများအနက် တန်းစီး ‘စိုးမြတ်’ကို တန်းစီးအချင်းချင်းက တန်းစီးချုပ်အဖြစ် ခေါ်ဝေါ်သတ်မှတ်သည်။ တန်းစီး ‘စိုးမြတ်’ ဝင်ရောက်လာလျှင် အခန်းလူကြီးများ၊ တန်းစီးလက်ထောက်များက ပုံစံဟူ၍အော်သော် ထောင်ကျများအားလုံး ပုံစံထိုင်ရသည်။ ထောင်ပိုင်ကြီးများ၊ ညွှန်မှူးကြီးများ၊ ညွှန်ချုပ်များလာသောအခါ



“ထိုင်ထားသော”ပုံစံထက်ပင် ပို၍ အချိုးကျသပ်ရပ်အောင် ထိုင်ရသည်။ တစ်ချက်မျှပင် မလှုပ်ရဲ။ ထိုင်ပုံထိုင်နည်းအဆင်မပြေ၊ အချိုးမကျ၊ ပုံစံမကျသောသူ···တန်းစီး ‘စိုးမြတ်’ရှေ့၌ မလေးမစား၊ မခိုးမခန့်ပြုသောသူတို့အား တွေ့ရှိက ဆွဲထုတ်ကာ မသေရုံတမယ် ဝိုင်းဝန်းရိုက်နှက် ပုံစံပေးသည်။

လူမိုက် “အီဆပ်”သည် တန်းစီး ‘စိုးမြတ်’ကပင် လေးစားရသောသူဖြစ်သည်။ ‘အီဆပ်’သည် (၁၉၈၈) စက်တင်ဘာ၊ ထောင်တွင်းအကျဉ်းသားသပိတ်ကို ဦးဆောင်ခဲ့သူဖြစ်သည်။ လက်ယဉ်သည်၊ သွေးအေးသည်၊ ပြတ်သားစွာ ကိုင်တွယ်တတ်သည်။ လူဆိုး၊ လူမိုက်များအပေါ် သမာသမတ်ကျစွာ အုပ်ချုပ်သည်။ မတော်မတရားကိစ္စများကို ဆန့်ကျင်သည်။ လူဆိုးလူမိုက်များမဆိုထားနှင့် ဝါဒါများ၊ ထောင်မှူးများကပင် တလေးတစားဆက်ဆံရသည့် ထောင်မင်းသား ဖြစ်သည်။ တန်းစီး ‘ကျော်သူ’သည် လူပါးလူနပ်ဖြစ်သည်။ ထောင်မှူး၊ ထောင်ပိုင်တို့ကို ရှာကျွေးနိုင်စွမ်းရှိသည်။ ယဉ်ယဉ်လေးနှင့် ရက်စက်သည်။

‘ခရော့’သည်ကား···နဖူးပြင်ပေါ်တွင် လက်ဝါးကပ်တိုင်ပုံ တက်တူးဆေးမင်ကြောင် ထိုးထားသူဖြစ်သည်။ ‘ဗိုက်ပေါက်’ သည် ဗိုက်ကိုဖောက်၍ ထုတ်ထားသောအူကို ကြွပ်ကြွပ်အိတ်နှင့် ထုပ်ကာ ငှင်းအိတ်ကို ခါးတွင်ကြိုးနှင့်ချည်နှောင်ကာ လှည့်လည်သွားလာသည်။ ‘သားသား’သည် လက်ယဉ်၍ ရက်စက်သည်။ လူတစ်ဦးတစ်ယောက်အား သတ်ရန်ဝန်မလေး။ အခြား အခြားသော တန်းစီးလူမိုက်ကြီးများသည်လည်း ဂုဏ်ပုဒ်အသီးသီးနှင့် ဖြစ်ပေရာ ကွယ်ရာ၌ ၎င်းတို့ကို “မိုက်သီးကြီး” များဟု ခေါ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ‘‘မိုက်သီး’’ဟူသော ထောင်သုံးစကားသည် ပြင်ပလောကထိပင် သုံးစွဲသောစကားအဖြစ် ရောက်ရှိခဲ့၏။ ထိုသို့ ပုံစံပေးသောတန်းစီးများ လူမိုက်များကပင် ကြောက်ရွံ့ရသောနေရာသည် စစ်ခွေးတိုက်ဖြစ်သည်။ စစ်ခွေးတိုက်တွင် ပုံစံပေးရိုက်နှက်ခံရ၍ တန်းစီး ‘ကျော်သူ’ ခါးကျိုးကာ၊ ဖင်တရွတ်တိုက်သွားရသောအဆင့်သို့ ရောက်သည်။ တန်းစီး ‘စိုးမြတ်’ ကိုလည်း ခြေချင်းခတ်၍ စစ်ခွေးတိုက်၌ ပုံစံပေး၍ ဦးချိုးသည်။ ၄င်းနောက် သရက်ထောင်သို့ပို့သည်။ ရဲဘက်ထွက်နေသည့် တန်းစီး ‘သားသား’ ကို စစ်ခွေးတိုက်တွင်ခေါ်ယူ၍ ပုံစံပေးသည်။ ထောင်တွင် မိုက်ပေဆိုးပေဆိုသူတို့အား စစ်ခွေးတိုက်မှ အမြဲကြိုဆိုလေ့ရှိသည်။ ထောင်တွင်နေထိုင်သည့် ပုံမှန်ပုံစံကို ပုံစံအသေးစားဟူ၍ သတ်မှတ်သည်။ ပုံစံကြီးဟူသည်ကား…

ထောင်ကျ အကျဉ်းကျသောသူတို့သည် ပုံစံနှင့်နေရသည်ကိုပင် အတော်စိတ်ညစ်နေကြသည်။ အထူးသဖြင့် နိုင်ငံရေးနှင့်ဆက်နွယ်သည့် (၁၀-က)၊ (၅-ည) အပါအဝင် နိုင်ငံရေးနှင့်ဆက်နွယ်သော ပြစ်မှုဖြင့် အချုပ်ကျ၊ ထောင်ကျသူတို့သည် ထောင်တွင် ပုံစံထိုင်၍ ခေါင်းငုံ့နေရသည်ကိုပင် မကျေမနပ်ဖြစ်ကြသည်။ ပုံစံဟုခေါ်က ရောက်သည့်နေရာ၌ ထိုင်ချ၍ ခေါင်းငုံ့ရသည်ကို လက်မခံ၍ ပြင်းထန်သော ထောင်တွင်းဆန့်ကျင်ဆန္ဒပြမှုများပင် ဖြစ်ခဲ့ကြသည်။ ၁၉၈၈ အရေးအခင်းအပြီးထောင်ကို ပြန်လည်ဖွင့်လှစ်သောအခါ၌ နိုင်ငံရေးအကျဉ်းသားနှင့်အခြားပြစ်မှုဆိုင်ရာ အကျဉ်းသားတို့ ခွဲခြားထားသည်။ နိုင်ငံရေးအကျဉ်းသားများအပေါ် ပုံစံအပြည့်ပေး၍ မရသောကြောင့် ထိုင်



လျက်ပုံစံတွင် အပျော့ဆုံးသောပုံစံကိုသာ ထိုင်ရသည်။ အခြားပြစ်မှုဆိုင်ရာ အကျဉ်းသားတို့သည်ကား ပုံစံအပြည့်ကို လိုက်နာရသည်။

မတ်တတ်ရပ်သောအခါ ခေါင်းငုံ့၍ ခါးမတ်မတ်ထားကာ ခြေနှစ်ချောင်းစေ့ကာ လက်နှစ်ဖက်ကို ရှေ့တွင်ယှက်၍ ရပ်သည့်ပုံစံ၊ ထိုင်သောအခါ တင်ပျဉ်ခွေထိုင်၍ ခါးကို ခပ်မတ်မတ်ထားကာ လက်နှစ်ဖက်ကို လက်သီးဆုပ်ပုံသဏ္ဍာန်ပြု၍ ဒူးနှစ်ဖက်ပေါ်တွင် တင်သောပုံစံဖြင့်ထိုင်ရသည်။ အဆောင်များတွင် အေးစေဟုခေါ်သောပုံစံဖြင့် ထိုင်နေသော အနေအထား ဖြစ်သည်။ ထိုသို့ခပ်မတ်မတ်ထိုင်လျက် ခေါင်းကို ငုံ့ထားရသည်။ မော့မကြည့်ရပါ။ ဤသို့ထိုင်ရသည်ကို ပုံစံထိုင်သည်ဟု ခေါ်သည်။ ထောင်ဝင်းအတွင်းရှိ အဆောင်အသီးသီးတွင် ပုံစံကြီးဟုခေါ်သော ပုံစံထိုင်နည်းသည်ကား တင်ပျဉ်ခွေထိုင်လျက် အနေအထားမှ လက်နှစ်ဖက်ကို ရှေ့သို့ဆန့်၍ချကာ ထိုင်လျက်သားခါးကို ကိုင်းညွတ်၍ နဖူးဖြင့်ကြမ်းပြင်ကို ထိထားရသည်။ နဖူးနှင့် ကြမ်း လွတ်ခွင့်မရှိ။ ရှေးခေတ်ဘုရင်များရှေ့တွင် လက်နှစ်ဖက်ဆန့်၍ မှောက်သည့်ပုံစံမျိုးဖြစ်သည်။ ရှေးခေတ်ဇာတ်သဘင်များ၊ ရုပ်ရှင်များ၊ ရုပ်ပြစာအုပ်များတွင် ‘‘မှန်ပါဘုရား’ ဟုဆိုကာ လက်ဆန့်၍ မှောက်နေသောပုံစံ ဖြစ်သည်။ ပိုမိုခက်ခဲသည်ကား ဒူးတုပ်၍ ပြားပြားဝပ်မှောက်ရသည့် ပုံစံမဟုတ်ဘဲ တင်ပျဉ်ခွေ၍ မှောက်ရသည့်ပုံစံဖြစ်ပေရာ အတော်အတန် ခက်ခဲစွာထိုင်ရသော အနေအထားဖြစ်သည်။

၈၉ ကာလ တိုက်ဝင်းအတွင်း၌ နိုင်ငံရေးအကျဉ်းသားတို့သည် ပုံစံထိုင်ရာတွင် ခေါင်းငုံ့ရန်မလို။ (၁၀-က) (၅-ည)နှင့်

www.burmeseclassic.com

www.burmeseclassic.com



ထောင်သို့ရောက်လာသူ အများစုသည် ထောက်လှမ်းရေးမှတစ်ဆင့် ရောက်လာသူများဖြစ်သည်။ အင်းစိန်ထောင်တွင်ရှိသော ပုံစံခန်းမှ ရက်စက်ယုတ်ညံ့မှုထက် ပိုလွန်သော ကြမ်းတမ်း၊ ရက်စက်၊ ယုတ်မာ၊ ရိုင်းစိုင်းသော ထောက်လှမ်းရေးတို့၏ ညှဉ်းပန်းနှိပ်စက်မှုတို့ကို ဖြတ်သန်းလာခဲ့ရသော သူတို့ဖြစ်သည်။ ခေါက်ထိုးချိတ်ဆွဲ၍ နောက်စေ့ကို နှစ်တစ်လက်မ သစ်သားချောင်းနှင့် ခပ်ဖြည်းဖြည်းအရိုက်ခံရ၍ နောက်စေ့တွင် ဆံပင်မရှိ ပျော့စိစိဖြစ်နေသော ဦးသိန်းစိုး (ငွေသိန်း) ကဲ့သို့သောသူများ၊ လေယာဉ်ပျံမောင်းလိုက်၊ မော်တော်ဆိုင်ကယ်မောင်းလိုက်နှင့် ထောက်လှမ်းရေးတို့၏ ညှဉ်းပန်းမှုကို ဖြတ်သန်းခဲ့ရသည့် ကျောင်းသားခေါင်းဆောင် ရန်မျိုးသိန်း၊ တင့်ဆန်း၊ စစ်ထောက်လှမ်းရေးတွင် ခေါင်းကိုကြွပ်ကြွပ်အိတ်စွပ်၍ ရေလောင်းညှဉ်းပမ်းခံရသော ကျောင်းသားခေါင်းဆောင် ပြုံးချို၊ လျှော်ဘောင်သစ်မှ ယဉ်ထွေး၊ ခန္ဓာကိုယ်ကို မြေမြုပ်ကာ ခေါင်းကိုသာ ဖော်ထားခံရသော ဘိုးတော်ခင်ဝင်း၊ ထိုင်ခုံတွင် လက်ပြန်ကြိုးတုပ်၍ ထိုင်စေကာ မီးမောင်းထိုး၍ မျက်နှာကို ပန်ကာဖြင့်အမှုတ်ခံရသော ဦးရဲထွန်း၊ ခေါင်းစွပ်ရိုက်လိုက်၊ ပြန်ထည့်လိုက်နှင့် သွားကျိုးသူကျိုး၊ သွားနဲ့သူနဲ့၊ နှာခေါင်းကျိုးသူကျိုး၊ ပဲ့သူပဲ့၊ မျက်စိကန်းသူကန်း စသော ထောက်လှမ်းရေးအဆင့်ဆင့်ကို ဖြတ်ကျော်လာရသော ထိုခေတ်က နိုင်ငံရေးအကျဉ်းသားတို့သည် ထောက်လှမ်းရေး အကျဉ်းစခန်းနှင့် နှိုင်းစာလျှင် အင်းစိန်ထောင်သည်ကား နေချင့်စဖွယ်နေရာပင်ဖြစ်သည်။ အကျဉ်းဦးစီးထောင်မှူးများ၊ ထောင်ပိုင်များ ကိုမဆိုထားဘိ ထောက်လှမ်းရေးဆိုင်ရာ ရဲအထူးတပ်ဖွဲ့ (SB) များ၊ စစ်ဘက်



ဆိုင်ရာ ထောက်လှမ်းရေး (MI) တို့၏ အရာရှိ အရာခံ အကြပ်တပ်သားများကိုပင် အံတုကာ ရိုက်နှက်ခံခဲ့ရသူများ ဖြစ်ပေရာ ခေါင်းငုံ့ထိုင်သောပုံစံကို လုံးဝလက်မခံ၊ တစ်ခုသော ကာလတွင် ပုံစံထိုင်က ထိုင်မည်။ ခေါင်းတော့မငုံ့နိုင်ပါဟုဆိုကာ ပုံစံပေးရာတွင် ခေါင်းမငုံ့သော ဗိုလ်မှူးသူရငွေလှိုင် (ငြိမ်း) NLD မျိုးချစ် အင်းစိန်အား ဝါဒါများ ထောင်မှူးများက ဝိုင်းဝန်းရိုက်နှက်သည်ကိုပင် ခေါင်းမငုံ့ခဲ့သော ဖြစ်ရပ်ရှိခဲ့သည်။ (အလျဉ်းသင့်လျှင် အသေးစိတ်ရေးပြပါမည်။) ထောင်တွင်းရှိ အဆောင်များတွင် ထိုင်ရသောပုံစံကြီးသည် အဆုံးစွန်ဆုံး အမြင့်မားဆုံးသော ပုံစံဟူ၍ မှတ်ယူက မှားပေမည်။

## စစ်ခွေးတိုက်က ပုံစံကြီး

ထောင်ကျများကို ပုံစံအခန်းတွင် နှစ်ကြီးထောင်ကျများအနက် နာမည်ကြီးထောင်မင်းသားများကို ထောင်ဝန်ထမ်း၊ ထောင်မှူးတို့က လက်ကိုင်တုတ်တပည့်ထားကာ မြှောက်စား၍ တန်းစီးခန့်သည်။ အခန်းလူကြီးခန့်အပ်သည်။ အကျဉ်းသားများကို အုပ်ချုပ်စေသည်။ လူမိုက်ကို လူမိုက်ဖြင့် အုပ်ချုပ်စေခြင်း ဖြစ်သည်။

ထိုတန်းစီးများ၊ အခန်းလူကြီးများက အပြစ်ရှိလေသော် အပြစ်ပေးပုံစံပြသော နေရာသည်ကား စစ်ခွေးတိုက်ဖြစ်သည်။ ဘာသာရေးမှအစ တေးသီချင်းများတွင်လည်းကောင်း၊ အရပ်ထဲတွင်လည်းကောင်း တွင်တွင်သုံးသည့် ဝဋ်လည်တတ်သည်ဟူသော စကားသည် ထောင်တွင်း၌ အမှန်တကယ်မျက်မြင် ကိုယ်တွေ့ကြုံရသည်။ ဝဋ်လိုက်သောသူများ၊ ဝဋ်လည်သောသူများအတွက် သံခြေ

www.burmeseclassic.com

www.burmeseclassic.com



ချင်း၊ ဒေါက်ခတ်ခြင်းတို့ကို စစ်ခွေးတိုက်မှ ပုံစံပေးသူများက အမြဲစောင့်ကြိုနေလျက်ရှိသည်။

ထောင်ဝန်းအလယ်ရှိ မိန်းဂျေးဘက်မှ

"ကိုကျော်ဦး စစ်ခွေးတိုက်က ဘယ်နားလောက်မှာလဲ"

အလွန်စပ်စုသော ဗကသကျောင်းသားခေါင်းဆောင် ရန်မျိုးသိန်းက ထပ်တလဲလဲ မေးလေသော်

"မိန်းဂျေးသိတယ်မလား‥ထောင်အလယ်က နေရာလေ၊ အဲဒီကနေ အလုပ်ကြီးဘက်ကို ဆက်ထွက်ရတယ်"

ဝါဒါကိုကျော်ဦးက စိတ်ရှည်လက်ရှည် ဖြေလေသော်…

"အလုပ်ကြီးဆိုတာ နတ်ရေကန်အုပ်စုက မိလ္လာသွားစွန့်တဲ့ နေရာမဟုတ်လား…"

ရန်မျိုးသိန်းက ထပ်မေးသည်။ ထောင်တွင် ဆီး၊ မိလ္လာ အစရှိသည်တို့ကို ထမ်းပိုး၍ မိလ္လာသိမ်းသည့်အုပ်စုကို မိလ္လာဘုတ်ဟူ၍ခေါ်သည်။ ချီးပုံးထမ်းရသောအလုပ်၊ ဆီးပုံးထမ်းရသော အလုပ်ကို မည်သည့်ထောင်ကျသူများကမှ မလုပ်လိုကြပါ။ ပေးနိုင်ကမ်းနိုင်ခြင်းမရှိ၊ မိတ်ဆွေလည်းမရှိသော မျက်နှာငယ်ထောင်ကျများ၊ 30-D ဟုခေါ်သော အိုးမဲ့၊ အိမ်မဲ့ မှောင်ရိပ်ခိုသောသူများကို မိလ္လာပုံးများထမ်းစေသည်။ တိုက်ဝန်းအတွင်း အခန်းအသီးသီး၌ ဆီးခွက်နှင့် မိလ္လာခွက်ဟူ၍ နှစ်မျိုးထားသည်။ မျက်နှာဝတစ်ပေခန့်ရှိ အောက်ခြေရှစ်လက်မခန့်ရှိ ဓာက်အနက် တစ်ထွာသာသာခန့်ရှိသော စဥ့်အင်တုံဖြစ်သည်။ ၎င်းစဥ့်အင်တုံ (၂)လုံးကို ရှေ့တွင်(၁)လုံးထား၍ အနောက်တွင် (၁)လုံးကို အခန်းထောင့်တွင်ထားသည်။ ဆီးသွားသည့်ခွက်ကို ရှေ့တွင်ထားကာ၊



ဝမ်းသွားသောမိလ္လာကို နောက်တွင်ထားရသည်။ ဆီးသွားသော အခါ အရှေ့မှာထားသော ခွက်တွင်သုံး၍ ဝမ်းသွားသောအခါ နောက်တွင်ရှိသော ခွက်တွင်သွားရသည်။

အင်တုံအတွင်းဘက် အောက်ခြေတွင် ကြွပ်ကြွပ်အိတ်ကို ဖြတ်ကာ ၎င်းကြွပ်ကြွပ်အိတ်ပေါ်တွင် စပါးခွံဖွဲပြာခင်းထားသည်။ ၎င်းဖွဲပြာပေါ်တွင် ဝမ်းသွားရသည်။ ကိစ္စပြီးသောအခါ ဖွဲပြာနှင့် ဖုံးအုပ်ရသည်။ ဝမ်းသွားသောခွက်တွင် ဆီးမသွားရပါ။ ရောယှက်၍မသွားရပါ။ အရည်သက်သက်၊ အဖတ်သက်သက်ဟူသော စကားသည်လည်း ထောင်တွင် လိုက်နာရမည့် မိလ္လာသွား စည်းကမ်းဖြစ်သည်။ စဥ့်အင်တုံ၏ နှုတ်ခမ်းသားပေါ်တွင် ဟိုဘက် ဒီဘက်ခွ၍ ထိုင်သောပုံစံသည်ကား ထောင်နေရက် ရင့်ကျက်သောသူမှသာ ထိုင်နိုင်သည်။ ထောင်ဝင်စ၊ ရောက်စသူများအဖို့ တထွာသာသာမြင့်သော စဥ့်အိုးအတွင်း သတ်မှတ်သောနေရာ၌ အခွေအလိပ်လိုက်ကျသော ဝမ်းကိုစွန့်ရန် ခဲယဉ်းသည်။ စနစ်တကျချိန်ဆ၍ သွားရသည်ဖြစ်ပေရာ ဝမ်းသွားခြင်းကို 'ဗုံးကြဲ' သည်ဟူ၍ပင် ခေါ်လေ့ရှိသည်။ ငုတ်တုတ်ထိုင်၍ လည်းမရ၊ ဒူးကိုကွေး၍ ခပ်မြောက်မြောက် ထိုင်၍တစ်ဖုံ၊ နေရာလွဲ မည်စိုး၍ ပေါင်ကြားမှအောက်သို့ငုံ့ကာ ခဏခဏငုံ့ကြည့်ရသည်။

ဆီးသွားလိုပါက ခဏအောင့်ထား၊ အနောက်ဘက်မှ ဟာပ်ဖ်တိုင်း ခဏရပ်ဆိုင်းထားပြီးမှသာ ဆီးခွက်ရှိရာဘက်သို့ ဦးတည်ကာ ဆီးကိုသွား၊ ရှေ့ကဆီးသွားနေစဉ် နောက်ကထွက်လိုက ခဏအောင့်ထား၊ ဆီးကိုအောင့်၍ရက ဝမ်းကိုသွား၊ ဝမ်းကိုအောင့်၍ရက ဆီးကိုသွားရန် အတော်အတန် ခဲယဉ်းလှသည်။ နေသားကျသော

www.burmeseclassic.com

www.burmeseclassic.com



အခါတွင်ကား စဥ့်အင်တုံ နှုတ်ခမ်းသားတစ်ဖက်ကို ခြေတင်၊ တစ်ဖက်ကို လက်နှင့်ခပ်မြဲမြဲဖိထား၊ ခန္ဓာကိုယ်ဟန်ချက်ကိုယူ၍ ကိုယ်ဖော့ထားကာ ခြေတစ်ဖက်ကို နှုတ်ခမ်းသားတစ်ဖက်ပေါ်နှင်း လက်ကိုလွှတ်၍ ကျကျနနထိုင်ကာ ဆေးပေါ့လိပ်ကိုဖွာ၍ တစ်ဖုံ၊ တေးသီချင်း ဆို၍တစ်ဖုံ၊ တစ်ဖက်ခန်းနှင့် လှမ်း၍စကားပြောနိုင်သည်။ ဆီးသွားလိုက လှမ်း၍ ခပ်မြှောက်မြှောက်ပြုကာ ပန်းနိုင်သည်။ အနောက်ဘက်ကလည်း သူ့နေရာနှင့်သူကိစ္စပြီးလျှင် ဗန်ဒါရွက်ကို ဘလိုမိုပေပါ (Toilet Paper) အိမ်သာသုံးစက္ကူအဖြစ် အသုံးချကာ သန့်ရှင်းရေးသမှုပြုပြီးနောက် မိလ္လာအင်တုံဇလား အနားတစ်ဖက်ကို လက်ဖြင့်ဖိ၊ ခြေတစ်ချောင်းပြန်ချ၊ ၎င်းခြေပေါ်တွင် ခန္ဓာကိုယ်ဟန်ချက်ထား၍ တစ်ဖက်မှ ခြေတစ်ချောင်းပြန်သိမ်း၊ "သင်၏ အီးတုံး လူတိုင်းမုန်း ပြာဖုံးခဲ့ပါဦး"-ဟူသော ထောင်စကားနှင့်အညီ မိမိကိစ္စပြီးထားသည့်အချေး၊ အတွန့်၊ အဖတ်တို့ကို ဖွဲပြာဖြင့် အုပ်လိုက်လေသော် အနံ့အသက်လည်း ပျောက်သွားသည်။ မျက်စိအောက်မှ အဝါထိန်ထိန် အချေးအလိပ်တို့သည်လည်း ဖွဲပြာပုံအောက် ဇာတ်မြှုပ်ပြီးသားဖြစ်သွားသည်။ မိလ္လာသိမ်းသောဖွဲပြာကို ဖိုကြီးမှရသည်။ ထောင်တွင် ထမင်းချက်၊ ဟင်းချက်ပြုရသောနေရာကို "ဖိုကြီး"ဟူ၍ခေါ်သည်။ ထောင်ရှိ မီးဖိုကို စပါးခွံဖြင့်သုံးသည်။ ထင်းမသုံး၊ လွှအမှုန့်မသုံး၊ မီးသွေးမသုံး၊ စပါးခွံမီးဖြင့်သာ ချက်ပြုတ်သည်။ စပါးခွံမှထွက်သော ဖွဲပြာကို ထောင်ကျတို့ယူငင်ကြသည်။ မိလ္လာခွက်ခင်းရန်၊ ဖုံးရန်သုံးသည်။ ၎င်းဖွဲပြာနှင့်ပင် သွားတိုက်ရန် အတွက်လည်းသုံးသည်။ ၎င်းဖွဲပြာနှင့်ပင် ပန်းကန်ဆေး၏။ ဖွဲပြာကို ကြွပ်ကြွပ်အိတ်ဖြင့် အထုပ်လိုက်



ထား၏။ မိလ္လာသိမ်းသောအခါတွင် ရာဝင်စဥ့်အိုးကြီးအတွင်း ဆီးခွက်ကို သွားသွန်ရသည်။ ၎င်းစဥ့်အိုးကြီးကို ကြိုးဖြင့်သိုင်းကာ ဝါးထမ်းပိုးတပ်၍ အရှေ့တစ်ယောက်၊ နောက်တစ်ယောက် ထမ်းရသည်။ မိလ္လာကိုကား စည်ပိုင်းပြတ်အတွင်း၌ သွန်၏။ ၎င်းနောက် ကိုယ့်ဆီးခွက် မိလ္လာခွက်ကိုဆေးကာ အခန်းအတွင်း သေသပ်စွာထားရ၏။

၎င်းမိလ္လာပုံးကို ကြိုးဆိုင်းကြိုးတပ်၍ ဝါးထမ်းပိုးလျှိုကာ ရှေ့နောက်ထမ်းရသည်။ ဤသို့မိလ္လာကဲ့သို့ လွန်စွာနံစော်သည့် စွန့်ပစ်အော်ဂဲနစ်ပစ္စည်းများကို သယ်ဆောင်သောအဖွဲ့ကို ထိုခေတ်ကာလ အလွန်ခေတ်စားသည့် ရေမွှေးအမည်ဖြစ်သည့် "နတ်ရေကန်ရေမွှေး၏အမည်ကို အသုံးချ၍ မိလ္လာအဖွဲ့ကို နတ်ရေကန်အဖွဲ့ဟူ၍ ခေါ်ဆိုရခြင်းဖြစ်သည်။ ထောင်တွင် လူပေါင်းများစွာရှိသည်။ ထိုလူအပေါင်းတို့၏ အညစ်အကြေးတို့ကို မည်သို့သိမ်းဆည်းသည်ကိုကား သိရှိသူနည်းလှသည်။ တချို့သောသူများသာ သိရှိကြသည်။ မြို့တော်စည်ပင် မိလ္လာရေသန့်အဖွဲ့မှ မိလ္လာစုပ်သည့်ကားဖြင့် လာရောက်စုပ်ယူသည်မဟုတ်၊ ကိုယ့်နည်းကိုယ့်ဟန် ထောင်ကျင့်ထောင်ကြံဖြင့်သာ မိလ္လာတို့ကို သိမ်းဆည်းစွန့်ပစ်သည်။ အလုပ်ကြီးဘက် မြေနေရာလွတ်သောနေရာ၌ ကျင်းကိုတူး၍ မိလ္လာတို့ကို စွန့်၏။ တစ်စတစ်စပြည့်သောအခါ ကျင်းကိုဖုံး၏။ တဖန်နေရာ သစ်တစ်ခုတွင် ကျင်းတူး၍ စွန့်ပစ်၏။ ဤသို့ဖြင့် ဤနေရာဝန်းကျင်တွင် အော်ဂဲနစ်နေရာ ဖြစ်သွားသည်။ ဖွဲပြာများနှင့်လည်း မဲပြာသွား၏။ မြေဩဇာ ကောင်းသည်။ ထိုမြေကိုထယ်၍ စိုက်ခင်းဘက်တွင် အော်ဂဲနက်မြေဩဇာသုံး၏။ ဆီးနှင့် ရေရော၍

www.burmeseclassic.com

www.burmeseclassic.com



အပင်များကို ရေလောင်းသည်။ ဤသို့ဖြင့် ထောင်တွင်းမှအပင်တို့သည် လွန်စွာကြီးထွားရှင်သန်လေတော့သည်။ ထောင်ထဲတွင် သင်္ဘောပင်တို့သည် ပြွတ်နေအောင်သီး၏။ အငယ်ဆုံးသော သင်္ဘောသီးပင်လျှင် လွှတ်လပ်ရေးပွဲတော်တွင် ပြိုင်လေ့ပြိုင်ထရှိသော သစ်သီးဝလံပွဲတွင် ပထမရသော သင်္ဘောသီးထက်ပင် ကြီးမည်။ ခွဲ၍စားသုံးသော် လွန်စွာဝါထိန်၏။ အော်ဂဲနစ်အနံ့ အနည်းငယ် သင်းနေသည်။ ဆီးနံ့သင်းနေသကဲ့သို့ တညင်းသီးဆားရေစိမ်နံ့ ခပ်ပျော့ပျော့နံ့သည်။ ဟင်းနုနယ်ရွက်၏ ပင်စည်ပင်လျှင် လက်မောင်းလောက် တုတ်သည်။ နုသည် အော်ဂဲနစ်နံ့သင်းသည်။ လောင်းသောဆီးနှင့် မိလ္လာနံ့သင်းစမြဲဖြစ်၏။ ထောင်တောင်ယာမှ ထွက်သော ကန်စွန်းရွက်၊ ဟင်းနုနွယ်ရွက်တို့ကို ရော၍ ပြုတ်ကာ ငပိခတ်၍မွှေလေသော် တာလဘောဟင်း မှည်းမည်းဖြစ်၏။ စိမ်းမည်းမည်း အညိုအရောင်ရှိသည်။ မဲသဝေါပဟု ထောင်တွင်ခေါ်သည်။ ထောင်ကျင့်ထောင်ကြံ Recycle ပင်တည်း။

□ □ □

## ခွေးတို့ရဲ့ စစ်ခွေးတိုက်

ရပ်ထဲရွာထဲဗှာင်ရှိသော ခွေးတို့သည် မည်းမည်းမြင်လျှင် ဟောင်လေ့ရှိသည်။ အင်းစိန်ထောင်ရှိ စစ်ခွေးတိုက်မှ ခွေးတို့သည်ကား ပြင်ပလောကမှခွေးတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ မည်းမည်းမြင်လျှင် မော့၍ကြည့်ကာ ပြန်၍အိပ်သည်။ ကာကီရောင်မြင်လျှင် အမြီးနှံ့၍ နှုတ်ဆက်သည်။ ဖြူဖြူမြင်လျှင်ကား တဝုန်းဝုန်း တဝေါင်းဝေါင်းဖြင့် ဒေါသတကြီးကိုက်မည်၊ ခဲမည်။ တွန်းလှဲမည်။ လည်မျိုကိုခဲမည်။ မျက်နှာကို ကိုက်မည်၊ အသားအတုံးလိုက် အတစ်လိုက်ထွက်ကာ အရိုးပေါ်အောင် အစွယ်ဖွေးဖွေးနှင့် ကိုက်ခဲခြင်းပြုမည်။ သေကွင်း၊ သေကွက်တို့ကို မလွှတ်တမ်း ငုံကာခဲမည်။ ဤကားထောင် တွင်းစစ်ခွေးတို့၏ စရိုက်ပင်တည်း။ ထောင်တွင်းစစ်ခွေးတို့ကို လေ့ကျင့်ထားသည်မှာ အဖြူရောင်ဝတ်စုံကိုဝတ်လျက် ခွေးတို့ကို ဒေါသထွက်အောင် စိတ်ဆွ၍ ကိုက်ဆွဲချေမှုန်းရန် သင်ကြားခြင်းဖြစ်သည်။ ထိုကာလတွင် ထောင်ကျသောသူတို့သည် အဖြူရောင်ပုံစံအင်္ကျီ၊ ပုဆိုးဖြင့် နေရသည်။ စစ်ခွေးတို့မှ အဓိကကိုက်ခဲရန် ပစ်မှတ်သားကောင်သည် ပုံစံဖြူဝတ် ထောင်ကျများဖြစ်သည်။ အဖြူရောင်ကို မြင်ရုံမျှနှင့် ဒေါသထွက်ကာ ကိုက်ခဲရန်အလို့ငှာ လေ့ကျင့်သင်ကြားပေးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပုံစံ...ရပ်ထားမယ်" စစ်ခွေးတာဝန်ခံ တပ်ကြပ်ကြီး ကျော်ထွန်းအရှေ့တွင် သွေးသံရဲရဲ ခြေချင်းခတ်၊ ဒေါက်ခတ်၍ ခန္ဓာကိုယ်ဒဏ်ရာ ဗလပွနှင့်ရပ်နေသော အပြစ်ဒဏ်ခံရမည့် အကျဉ်းသားအားကြည့်ရင်း တာဝန်ခံတပ်ကြပ်ကြီးက ခေါင်းကို တရမ်းရမ်းနှင့်...

'မိုက်လှချည့်လား မင်းအောင်ရာ..လွတ်ခါနီးမှ ထွက်ပြေးရတယ်လို့'

ထောင်မှလွတ်ရန်ထွက်ပြေးသော မင်းအောင်သည် (၄၅)ရက် စစ်ခွေးတိုက်၌ အပြစ်ဒဏ်ပေးခံရခြင်းဖြစ်သည်။ ထောင်ကျသည့် အချုပ်သား၊ ထောင်သားတို့သည် အကျဉ်းထောင်မှ ချမှတ်ထားသော ဥပဒေ၊ စည်းမျဉ်းတို့ကို ဖောက်ဖျက်သော် ထောင်တွင်အပြစ်ပေးသည်။ ပြီးမှ သက်ဆိုင်ရာအပြစ်ဒဏ်နှင့်အညီ ရုံးထုတ်ခြင်းပြုမည်။ ထောင်ကျတို့အချင်းချင်း သတ်၍ လူသတ်မှုကျူးလွန်သောသူအား စစ်ခွေးတိုက်၌ (၄၅)ရက် ပြစ်ဒဏ်ချထားခြင်းပြုပြီးမှ တစ်ဖန်သက်ဆိုင်ရာမှ လူသတ်မှုအပြစ်ဒဏ်ကို ရုံးထုတ်၊ အမိန့်ချမှတ်သည်။ စစ်ခွေးတိုက်၌ (၄၅)ရက်ကြာ အပြစ်ပေးသည်ကား ထောင်၏အကြီး မားဆုံးဖြစ်သော အပြစ်ဒဏ်ချမှတ်ခြင်းဖြစ်သည်။

'ကိုးတံခါးအင်းစိန်ထောင်က ဘယ်သူလွတ်အောင် ပြေးနိုင်မှာလဲကွာ...၊ အခုတော့ စစ်ခွေးမှာ (၄၅)ရက်နေရမှာ..ကဲ ဝါဒါတွေနောက် လိုက်သွားလိုက်'

မင်းအောင်ကို ထောင်ရှိထောင်မှူးနှင့်တကွ အရာရှိ အရာခံ အတော်များများမှ သိရှိခင်မင်သည်။ ပန်းစိုက်သမားတစ်ယောက် ဖြစ်၍ ထောင်အတွင်း နေရာအနှံ့ပန်းအလှတို့ကို စိုက်ပျိုးခဲ့သူ



ဖြစ်သည်။ လွတ်ရန် ရက်ပိုင်းအလိုထောင်အပြင် ဘုတ်ထုတ်စဉ် ဝါဒါအပယောင်ဆောင်၍ ထောင်မှပြေးရန်ကြိုးစားစဉ် ပြန်လည်ဖမ်းမိ၍ အပြစ်ဒဏ်ပေးခံရ၏။ စစ်ခွေးတိုက်တာဝန်ခံစားပွဲမှ ကျော်သည်နှင့် ခွေးများထားသော နေရာရှေ့မှ ဖြတ်သန်းလေသော် ခြေချင်းနှင့်သံကြိုးတချွင်ချွင် အဝတ်ပုံစံဖြူကိုမြင်လေသော် ရှိရှိသမျှ စစ်ခွေးအားလုံးသည် ပတတ်ရပ်၍တစ်မျိုး၊ တံခါးတို့ကို လက်ဖြင့် ရိုက်ခါ၍ သားလိုက်ခွေးများသဖွယ် သွေးဆာမာန်ဖီကြကုန်၏။ များမကြာမီသားကောင်ကို ကိုက်ခဲချေမှုန်းရမည်ကို သိရှိသည့်အလား တအီအီ တဝုတ်ဝုတ်ဖြင့်အသံပေးသည်။ စစ်ခွေးတို့၏ မာန်ဖီဟောင်သံသည် အကောင်များစွာ မဆိုထားဘိ တစ်ကောင်တည်း ဟောင်သံကြားလျှင်ပင် ရွံ့ကြောက်စရာကောင်းလှသည်။

များပြားလှသော ခွေးများ ဟိုမှသည်မှ ဟောင်ကြလေသော် ဒေါက်ခတ်ထားသည့် ခြေချင်းနှင့်ပင် ခြေမငြိမ်ခြေလှမ်း လှမ်းရသည်ပင်လျှင် ယိုင်နဲ့နဲ့ဖြစ်လာသည်။ ထောင်ဝန်ထမ်း ဝါဒါတို့အနက် အကြမ်းတမ်းဆုံး၊ အရက်စက်ဆုံးသော ဝါဒါတို့သည်ကား စစ်ခွေးတိုက်မှ ခွေးကိုင်ဆရာများဖြစ်သည်။ ထိုဝါဒါတို့သည် နံနက်တန်းစီချိန်နှင့် သတ်မှတ်ထားသော အချိန်မှတစ်ပါး အခြားအချိန်တို့တွင် အိမ်သို့ပြန်ကာ အနားယူလေ့ရှိသည်။ လွန်စွာသန်စွမ်းသော စစ်ခွေးတို့ကို ကြိုးဖြင့်ဆွဲကာ အသာအယာထိန်းချုပ်နိုင်သည့် ဗလကြီးများ ဖြစ်သည်။ အပြစ်ဒဏ်သမားများ ရောက်ရှိလာက လွန်စွာဝမ်းမြောက်ကြသည်။ အပြစ်ဒဏ်သမားတို့အား ပုံစံပေးရန် တာဝန်ယူရသူများဖြစ်သည်။ တန်းစီးများ၊ အခန်းပူကြီးများမှအစ ထောင်တွင်မိုက်မဲ့၊ ဆိုးမဲ့ဟူသော လူမိုက်များကို အပြစ်ဒဏ်ပေး

www.burmeseclassic.com

www.burmeseclassic.com



သော် စစ်ခွေးတိုက်သို့ပို့၏။ အဆောင်တို့တွင်လည်းကောင်း၊ ထောင်တိုက်ခန်းတို့တွင်လည်းကောင်း၊ ပုံစံပေးအုပ်ချုပ်သော နာမည်ကြီး လူမိုက်တို့ကို တစ်ဖန်ဦးချိုး ပုံစံပေးရသည်ကို လွန်စွာ နှစ်သက်သည်။

'တည့်တည့်လျှောက်' ဟုပြောကာ ဘေးမှကိုင်ထားသော ဝါဒါများနောက်သို့ခွာသွားသည်။ စစ်ခွေးများကို တံခါးဖွင့်၍ လွှတ်နေသံအား ကြားနေရသည်။ လည်ပတ်ချည်ကြိုးဖြင့်ဆွဲကာ အပြင်ထုတ်လေသော ပုံစံဖြူ သံခြေချင်းနှင့် မင်းအောင်ကို တွေ့လေသော် ခွေးကိုင်ဆရာတို့သည် ကြိုးကို ဖြေလျှော့ပစ်လိုက်၏။ နောက်မှတဝုန်းဝုန်းလိုက်လာသော ခွေးတို့ကို ကြောက်ရွံ့စွာဖြင့် ကြည့်၍ပြေး၏။ ခြေချင်းနှင့် ဒေါက်ခတ်ထားည်ဖြစ်ရာ ရုန်းမရ ပြေးမရ ကွတတဖြစ်နေသည်ကို 'ဟား..ဟား' စစ်ခွေးကိုင်ဝါဒါ များက ရိုင်းစိုင်းစွာ ရယ်မောကြသည်။ သန်စွမ်းလှသော စစ်ခွေး ကြီးများသည် ယိုင်ထိုးယိုင်ထိုးဖြင့် ပြေးလွှားနေသော မင်းအောင် အပေါ် ခုန်အုပ်ကာ ကိုက်ဆွဲသည်။

ကျွမ်းကျင်လှသော စစ်ခွေးကိုင်ဆရာများက မထိတထိ ခွေးစွယ် ခွေးသွားများဖြင့် ခြစ်မိရုံသာ ခွေးတို့ကို ထိန်းချုပ်ကာ ရှူးတိုက်၏။ ခွေးများကြားမှ ရုန်းကန်ထ၍ လူကပြေး၏။ ခွေးများ ကဆွဲသော် အင်္ကျီ၊ ပုဆိုးတို့ စုတ်ပြတ်ကုန်၏။ လူခန္ဓာကိုယ်တွင် လည်း ခွေးကုတ်ဆွဲထားသော သွေးအစင်းရာများ အစွယ်ဖြင့် ရှထားသော သွားရာများ ပြည့်နှက်သွား၏။ ခွေးများကို မထိတထိ လိုက်၍ ကိုက်စေ၏။ ဤကား စစ်ခွေးတိုက်၏ ပထမဦးဆုံး ပုံစံပေး ညှဉ်းပမ်းနှိပ်စက်ခြင်းဖြစ်သည်။ စစ်ခွေးတရှုန်းရှုန်းနှင့်



ကြောက်ရွံ့စွာ ရုန်းကန်လှုပ်ရှား ပြေးလွှားသူအား ခွေးများနှင့် ခြိမ်းခြောက်ကိုက်ဆွဲစေ၏။ မင်းအောင်၏ ပေါင်၊ လည်ဂုတ်တို့တွင် ခွေးသွားရာများ ပြည့်နှက်၏။ ပေါင်နှင့် လက်တို့တွင် အသားများ အတစ်လိုက် ပဲ့ထွက်ကုန်၏။ ငရဲပြည်မှ ငရဲခွေးများနှင့် ငရဲသား များတို့ကို စံနမူနာယူထားခြင်း ဖြစ်ပေမည်။ ခွေးလိုက် ငရဲခန်း ကျော်လေသော် ကပ်ငါးပါးကို ဖြတ်ရလေတော့သည်။

## ကပ်ငါးပါး

ကပ်ကြီးသုံးပါးဆိုသည်မှာ လွန်စွာကြောက်ဖွယ်ကောင်း လှပေရာ ဘုရားရှိခိုးတိုင်း ကပ်ကြီးသုံးပါးအန္တရာယ်မှ ကင်းလွတ် အောင် ဆုတောင်းရစမြဲတည်း။ အစာရေစာရှားပါးခြင်း၊ ပြတ်လတ် ခြင်းကြောင့် ဖြစ်ပေါ်သော ဒုဗ္ဘိက္ခန္တရကပ်၊ သတ္တဝါအချင်းချင်း လက်နက်နှင့် ညှင်းပန်း၍ သတ်ဖြတ်ခြင်း သတ္တန္တရကပ်၊ ရောဂါ ဝေဒနာအမျိုးမျိုးနှင့်ဖြစ်ပေါ်သော ကပ်ဆိုး၊ ရောဂန္တရကပ် အစရှိ သည်တို့သည် စစ်ခွေးတိုက်တွင်ရှိပြီးသော မူလကပ်ကြီး (၃)ပါး ဖြစ်သည်။ ကပ် (၃) ပါးထက်ပိုသော ဆိုးဝါးသည့် အန္တရာယ် အညံ့တို့ တည်ရာဖြစ်သည့်အပြင် အခြားသော အသေးစား ကပ်ငါးပါးကို ကျော်ဖြတ်ပြီးမှ အခန်း(၁၀)ခန်းသာရှိသော စစ်ခွေး တိုက် ငရဲခန်းကိုရောက်ပေသည်။ စစ်ခွေးတိုက်ဝန်းကို နံရံတစ်ခုနှင့် ကာရံထားသည်။ အလယ်တွင် အပေါက်ရှိသည်။ စစ်ခွေးတိုက် အစတွင် အလျား (၁၀)ပေခန့်စီရှိသော အကန့်(၅)ကန့်ရှိသည်။ ထိုအကန့် (၅)ကန့်သည်ကား တစ်မျိုးနှင့်တစ်မျိုးမတူအောင်အထူး တလည် စီစဉ်ထားသည့် ဂဝံကျောက်ကြမ်း၊ အ[illegible]သဲ၊ ခဲလုံး

www.burmeseclassic.com

www.burmeseclassic.com



ကြမ်း၊ ကျောက်ခဲများ ထိရှလွယ်သော ကျောက်အဆူးအမျိုးမျိုးနှင့် စီစဉ်ထားခြင်းဖြစ်သည်။ စစ်ဖိနပ်များနှင့် လျှောက်လျှင်ပင် ဖိနပ်ခွာပဲ့ခြင်း၊ သားရေများကွဲသွားခြင်းပင် ဖြစ်နိုင်သည်။ နေပူအောက်မှ သဲတို့သည်လည်း လက်နှင့်ဆုပ်ကိုင်၍မရအောင်ပင် ပူလောင်လှသည်။ (၁၀)ပေ (၁)ခန်းစာ၊ အကန့် (၅)ကန့်ကို အထူးတလည် စီမံထားသည်။ အပြစ်ဒဏ်ပေးခံရသော အကျဉ်းသားတို့ လျှောက်ရန်ဖြစ်သည်။ ဘေးမှ အဖုအထစ်မရှိသော လမ်းသည်ကား ဝါဒါတို့ လျှောက်ရန်လမ်းဖြစ်သည်။ စစ်ခွေးတိုက်ရှေ့သို့ ရောက်လေသော် အင်းစိန်ထောင်၏ နာမည်ကြီးလှသော ကပ်(၅)ပါးကို ဖြတ်ရန်အချိန်သို့ ရောက်လာသည်။

'ဖြောင်း…ဝုန်း မထနဲ့ မှောက်လျက် ရှေ့တိုး'

အသင့်စောင့်နေသော ဝါဒါမှအော်၏။ လူအများ ဆုထောင်းထား၍ ရစရာမရှိအောင် ဖူးရောင်နေသည့် ဒဏ်ရာများ၊ ခွေးနှင့်ရှုးတိုက်၍ ကိုက်ခံရကာ သွေးအလိမ်းလိမ်းနှင့်ဒဏ်ရာများ၊ ကြောက်လန့်တကြား ရုန်းကန်ပြေးလွှား၍ ခြေချင်းသံကွင်းပွတ်စား၍ အရေပြားများလန်နေသော ခြေချင်းဝတ်၊ ပြေးလွှား၍ မောပန်းကာ အသက်ကိုပင်ဝအောင် မရှူနိုင်မီ မျက်နှာပြင်ကိုဖြတ်ရိုက်၍ လက်နှင့်ဆွဲမှောက်ကာ နောက်ကျောမှဖိနပ်နှင့်နင်းကာ ဆောင့်ကန်၍ ဆဲဆိုရေရွတ်သံကို ကြားလိုက်ရ၏။

'အား…'

မင်းအောင်ထံမှ အော်သံထွက်လာ၏။ မှောက်လိုက်ရသော သဲပြင်သည် ဆားကြမ်းအလားဖြစ်ပေရာ အနာအပေါ် ဆားပက်၍ ဖျပ်ဖျပ်လူးသွား၏။ မှောက်လျက်သားရှေ့တိုးသွား၏။ crawling



သွားရသည်ဟုခေါ်သော မိကျောင်းသွား…သွားရသည်။ ခန္ဓာကိုယ်မှ ချွေး၊ သွေး၊ သဲတို့ ရောစပ်ကုန်၏။ ထိရှထားသော ရင်ဘတ်နှင့် ခန္ဓာတစ်ကြောနှင့် ခြေချင်းဝတ်တို့သည် နာကျင်မှုအရှိန်မြင့်ကာ သတိလက်လွတ်သွားမည်အထိပင် ခံစားရ၏။ နောက်ကျောမှ တုတ်နှင့်ရိုက်၏။ မတ်တတ်ရပ်၍ လှည်းသည့်အုန်းတံမြက်စည်းတံနှင့် ဝါးဆစ်ပိတ် ဝါးရိုးကိုအသုံးပြု၍ တဖြောင်းဖြောင်းရိုက်ကာ ရှေ့သို့တိုးစေ၏။ Gun Pipe ဂမ်းပိုက်တို့နှင့် ထပ်ရိုက်၍ ပိုမိုနာကျင်သွား၏။ ဝါးဆစ်ပိတ်နှင့်ရိုက်ခြင်းသည် တခြားသော တုတ်များနှင့် ရိုက်ခြင်းနှင့်မတူဘဲ ပိုမိုနာကျင်သည်ကို မင်းအောင်သိလေ၏။

အားတင်း၍ အကန့်တစ်ကန့်ကို ကျော်လေသော် "အား" ကြိတ်မှိတ်ခံစား၍မရ၊ အသံထွက်၍ အော်ဟစ်ရသော အနေအထားသို့ ရောက်သည်။ ဝါဒါများမှာ တဟား…ဟားနှင့် ဝိုင်းရယ်သည်။ ဝါးဆစ်ပိတ်နှင့် ထပ်ရိုက်ကြပြန်သည်။ အလွန်စူးရှသည့် ခဲလုံးများပေါ်တွင် တွားသွားရသည်ဖြစ်ပေရာ ခန္ဓာကိုယ်တွင် ပွန်းပဲ့ပြတ်ရှ၍ ခန္ဓာကိုယ်တွင် သွေးချင်းချင်းနီလာ၏။ တဖန်…အော်ဟစ်ခြင်းငှာပင် မစွမ်းသာတော့။ နာကျင်မှုကြောင့် နှာခေါင်းအတွင်းမှာ နှာရည်များစီးကျလာသည်။ အာခေါင်အတွင်း ခါးသက်စေးထန်း၍ အာခြောက်သွားသည်။ ခန္ဓာနာကျင်မှုဒဏ်ကြောင့် မျက်စိတွင် ဘာမှမမြင်နိုင်တော့။ ဝေဝါးကုန်၏။ ငိုကြွေးသောအခါ ဆင်းသောမျက်ရည်စက်များထက် ပိုမိုကြီးသော မျက်ရည်စက်များ ယိုစီး၏။ ဆီးနှင့်ဝမ်းများ စိမ့်ထွက်၏။ [illegible] လေများ တဟူးဟူးထွက်နေ၏။ ရယ်မောသံများသာ[illegible]ရ၏။

www.burmeseclassic.com

www.burmeseclassic.com



နာကျင်မှုအလုံးစုံမှ ဖြစ်ပေါ်သော ခန္ဓာဝေဒနာအလုံးစုံသည် ဓားနှင့်မွှန်း၍ ဆားနှင့်ပက်ကာ ပြာပူပေါ်ပစ်တင်ခံရသော ငါးရံ့အလား မြေပေါ်တွင် ဖျတ်ဖျတ်လူးရ၏။

လူသားအချင်းချင်း ဤမျှ ညှင်းဆဲသော ငရဲခန်းသည် အင်းစိန်ထောင်ဝန်းကြီး၏ ရွာမဘက် အုတ်ရိုးနံရံအနီး၌ရှိသော ထောင်ဝန်းစစ်ခွေးတိုက်အနီးတွင် ရှိသည်။ လူသားချင်း ဤမျှ ညှင်းဆဲသော စိတ်ဓာတ်သည် ယုတ်ညံ့သော စိတ်ဓာတ်ကြောင့်လား၊ တာဝန်ကြောင့်ပင်လား၊ ပြည်သူ့အခွန်ဘဏ္ဍာနှင့် ဝန်ထမ်းလုပ်ဆောင်သည်ဆိုကလည်း ဤလိုအလုပ်မျိုးလုပ်သည့် လခပေးခန့်ထားသည့် အကျဉ်းဦးစီးဝန်ထမ်းများအား ခန့်ထားနေရာထားမှုအပေါ် ပြန်လည်သုံးသပ်သင့်သည်။ ညှင်းဆဲရက်စက်ခြင်းကို သွေးဆာစွာ ဆောင်ရွက်တတ်သောသူများကို ယဉ်ကျေးသော လူ့ဘောင်ဝန်းကျင်တွင် ထားရန်မသင့်။ အပြစ်ပေးခြင်းဟူသည့် အကြောင်းအရာအပေါ် အပြစ်ပေးခြင်းသည် ညှင်းဆဲရက်စက်ခြင်း ပေလား။ အတွေးများနှင့် (၁၀)ပေစီရှိသော အကန့် (၅)ကန့်ကို ဖြတ်၍ပြီးလေသတည်း။

## စစ်ခွေးတိုက်မှ ပုံစံကြီး

အခန်း(၁၀)ခန်းတည့်တည့်ရှေ့တွင် အမိုးရှိ၏။ အခန်း(၆) ဖြစ်၏။ ဝန်ထမ်းဝါဒါများနေ၏။ ဝန်းနံရံနှင့် တိုက်ရှေ့ကွက်လပ်နေရာသည် ပုံစံပေးသောနေရာဖြစ်၏။ အင်းစိန်ထောင်တွင် '(၁၅) မိနစ်'ကို 'တမောင်း'ဟုခေါ်သည်။ နာရီတစ်ခု၏ (၁၅)မိနစ်



ကြာလျှင် တစ်ခါဒေါင်ဟုအသံထွက်၏။ မိနစ်(၃၀) အသံထွက်သည်ကား ဒေါင် ဒေါင်ဟု အသံထွက်၏။ (၄၅) မိနစ်ကြာလျှင် ဒေါင် ဒေါင် ဒေါင် (၃)ချက် အသံထွက်၏။ မိနစ် (၆၀) ကြာသော် ဒေါင် ဒေါင် ဒေါင်ဟု (၄) ချက်အသံထွက်၏။ ၎င်းနောက်မှ ပြည့်သောအချိန်နာရီ၏ အရေအတွက်တိုင်း ခေါက်၏။ (၇)နာရီထိုးကာ (၇)ချက်၊ (၈) နာရီထိုးကာ (၈)ချက်၊ (၉)နာရီထိုးက (၉)ချက်၊ (၁၀)နာရီထိုးက (၁၀)ချက် စသဖြင့် ခေါက်သည်။ "ပုံစံကြီး·· ဖြောင်း··ပုံစံ···ဖြောင်း···အေးစေ···အနေအထားကို ယူလိုက်သောအသံသည် 'ဖြောင်း' ဟူသော အသံတစ်မျိုးသာ ထွက်၏။ သဏ္ဍာန်တူသည်ကား စစ်ရေးပြပွဲတွင် သေနတ်တင်၊ သေနတ်ချ ပြုရာ၌ အသံတစ်မျိုးတည်းသာ ဖြစ်သည့်အလား ထပ်တူညီ၏။

"ငြိမ်ထားမယ်···သံကြိုးသံ ခြေချင်းသံ တစ်ချက် မကြားချင်ဘူး"

ထိုစဉ် အကျဉ်းသားလူငယ်တစ်ဦးသည် ယိုင်နဲ့ကာ ချွင်းကနဲ အသံထွက်သဖြင့် ပုံစံပြနေသော ဝါဒါအားလုံးတို့သည် ရိုက်ရန် ခွင့်တွေ့ပြီဟူသော အပြုံးနှင့် မှီရသည့်အလား အဆစ်ပိတ် ဝါးရင်းတုတ်များဖြင့်···ဖြောင်း···ဝုန်း···ဖြင့် ဝိုင်းရိုက်သည်။ လူငယ်မှာ ကြိတ်ကာခံ၏။

"အောင်မာ··· ဘာပြန်ကြည့်တာလဲ···မင်းလို နိုင်ငံရေးသမားမျိုး···ဒီနေရာမှာတင် သေသွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူငယ်မှ အံ့ကြိတ်ကာ ဝင်းဝင်းတောက်သော မျက်လုံးနှင့် ဝါဒါတို့ကို သေချာကြည့်လေသော် မျက်နှာဖြတ်ရိုက်၍ မှောက်စေကာ ခွနင်းသူကနင်း၊ စစ်ဖိနပ်နှင့် ကန်သူကန်ပြု၏။ ထိုစဉ် ပုံစံဟုပြောသည်။ ညွှန်မှူးရောက်သည်ဟု ကြားရ၏။ ဝါဒါများ ဝိုင်းရိုက်ခံရသော လူငယ်သည် လုံးဝမေ့မြောသွား၏။

"ဟိုတစ်ယောက် ပုံစံမကျ ဘာဖြစ်နေတာလဲ…'

'ပုံစံပေးထားလို့ မှောက်နေတာပါ'

တပ်ကြပ်ကြီး ကျော်ထွန်းမှ ဖြေ၏။

'အဲဒါ ဘယ်သူလဲ…'

'၁၀(က) မောင်မောင်ဦးပါ။'

'ခြံထဲက အုပ်စု (NLD) က လူငယ်မဟုတ်လား'

'ဟုတ်ပါတယ် ဗိုလ်မှူးကြီးခင်ဗျ'

' အပြစ်ဒဏ် ဘယ်လောက်လဲ'

'အပြစ်ဒဏ်ရက် (၉၀)ပါ'

ထောင်တွင်း ဘုန်းမော်နှစ်ပတ်လည်နေ့ကို ဦးဆောင်ပြုလုပ်၍ အပြစ်ပေးခံရသော နိုင်ငံရေးအကျဉ်းသား မောင်မောင်ဦးဖြစ်သည်။ ရန်ကုန်တိုင်း လူငယ်တာဝန်ခံအဖြစ် ထိုကာလ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တာဝန်ယူနေသူဖြစ်သည်။ ထောင်တွင် လူဆိုးလူမိုက်လူရမ်းကားတို့၏ အပြစ်က (၄၅)ရက်ဖြစ်သည်။ စစ်ခွေးတိုက်တွင် အကြီးဆုံးပြစ်ရက်ဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားများကို လူသတ်မှုထက် (၂)ဆ အပြစ်ပေးခြင်းသည်ကား နိုင်ငံရေးသမားများကို ရက်စက်စွာ ဖိနှိပ်ချုပ်ချယ်မှု၏ အနေအထားပေါ်လွင်လှပေသည်။ ကျောင်းသားလူငယ် မောင်မောင်ဦးကို



အခန်း (၁)သို့ မ၍ပစ်သွင်းသော် မေ့မျောနေသော မောင်မောင်ဦး လူးလဲထလေသော် သံတိုင်တံခါးဝကို Jungle Boot စီးထားသော ခြေတစ်ဝက်တင်၍ (Jungle hat) ဟုခေါ်သော အစိမ်းရောင်တောဆောင်းဦးထုပ်ကို ဆောင်းထားသော စစ်ဝတ်စုံနဲ့ အရာရှိကြီးက ··

"ဒီမှာ မောင်မောင်ဦး 'ထောင်ပြင် တန်းမရှိဘူး' ဆိုတာကြားဖူးမှာပေါ့။ အဲဒါမှားတယ်။ ဒါ 'အင်းစိန်ထောင် စစ်ခွေးတိုက်က တန်းပေါ့"

ခေါင်းကိုမော့ကာ ရယ်မော၍ လှည့်ထွက်သွားသည်။ တစ်ချီတစ်မောင်းဟူသော စာဆိုအတိုင်း (၁၅)မိနစ် တစ်ကြိမ် ပုံစံပေးလိုက်၊ (၁၅)မိနစ်တစ်ခါ ထုတ်ရိုက်လိုက်နှင့် ဤကား စစ်ခွေးတိုက်မှ ပုံစံတည်း။

## ပုံစံအမျိုးမျိုး

စစ်ခွေးတိုက်မှ ပုံစံကြီးထိုင်ဖူးသော နိုင်ငံရေးအကျဉ်းသားအတော်များများ ရှိသည်။ သမားရိုးကျ ပြစ်ဒဏ်ခံရသော သူခိုး၊ သူဝှက်၊ လူလိမ်၊ မုဒိမ်း၊ ဆေးသမားများသည် ကြားဖူးသည်သာ ရှိမည်။ ထိုင်ဖူးမည်မဟုတ်။ ဖနောင့်အောက်တွင် သံချွန်တည့်ထား၏။ ဖနောင့်ကို ခြေဖျားထောက်၍ မထားရသည်။ ဖနောင့်ကျသော် သံစူးနိုင်၏။ ဒူးကို ညွှတ်ရသည်။ ထိုင်ခြင်းလည်းမဟုတ်၊ ထခြင်းလည်းမဟုတ်ဘဲ ဒူးကို ညွှတ်ကွေးရသည့် ပုံသဏ္ဍာန်ဖြစ်သည်။ ခါးကို ကွေးထားရသည်။ ဂုတ်ပိုးပေါ်တွင် လက်နှစ်ဘက်ယှက်၍ တင်ထားရသည်။ မျက်နှာမော့၍ ရှေ့ကို ကြည့်ရသည်။ ဤကား

www.burmeseclassic.com

www.burmeseclassic.com



ပုံစံကြီးဖြစ်သည်။ ခြေဖဝါးညောင်း၍ ခြေဖဝါးကျလျှင် သံစူးမည်။ ကျောကို မြေပြင်နှင့်အညီ ရေချိန်ညီအောင် တစ်ဖြောင့်တည်း ကွေးထားရသည်။

ဝါးဆစ်ပိတ်နှင့် လိုက်ရိုက်၏။ လက်တွေ၊ တံတောင်တွေ ကော့ထားမယ်··လေယာဉ်ပျံတွေလိုပေါ့။ ဤသို့ဖြင့် (၁၅)မိနစ်ခန့် ပြုရသည်ကား ငရဲပင်တည်း။

'ပုံစံ'ဟုခေါ်သော် ထိုင်၍ နဖူးပေါ်လက်တင်ကာ ခါးကိုင်းရသော ပုံစံဖြစ်သည်။ ပုံစံကြီးဟုခေါ်သော် အင်းစိန်ထောင်တွင်း၏ ပုံစံသည် စစ်ခွေးတိုက်မှဖြစ်၏။ 'အေးစေ'ဟုဆိုသောအခါ ခါးကို ဆန့် လက်သီးဆုပ်၍ ဒူးနှစ်ဘက်ပေါ် တင်···ခေါင်းကို ငုံ့ထားရသော အနေအထားသည် 'အေးစေ'ပုံစံတည်း။ ဖားခုန်ခုန်ခြင်း၊ မိကျောင်းတွား သွားရခြင်းသည်ကား (၁၅)မိနစ်တစ်ခါပြုခံရသော အကြောင်းအရာများတည်း။ စစ်ခွေးတိုက်ရောက်ရှိစဉ် ရေမချိုးရ၊ မိလ္လာမချ၊ ဆီးနှံ့တို့သည် တထောင်းထောင်းထနေ၏။ ခြောက်နေသောဆီးနှင့် စိုသောဆီးတို့သည် အလွန်နံ၏။ မစင်စားသော လောက်သည် ကိုက်လျှင် လွန်စွာနာ၏။ လောက်တဖွားဖွားနှင့် အိပ်စက်ရသည်။ ထမင်းသည် 'ကော်' ဖြစ်သည်။ အကျီချုပ်ဆိုင်တို့တွင်သုံးသော ကော်များဖြစ်သည်။ တိုက်သောရေသည် ရွှံ့ရေ၊ ဤစစ်ခွေးတိုက်သည်ကား ၁၉၈၉-၉၀မှသည် တိုက်ပွဲဝင်ကြသော နိုင်ငံရေးသမားတို့၏ အပြစ်ပေးခံရာအရပ် ဖြစ်၏။

□ □ □

## မြောက်ကိုရီးယားနည်းနှင့် ထောင်ပြေးခြင်း

အနက်ရှိုင်းဆုံး ငရဲခန်း၏ ပြယုဂ်ဖြစ်သော စစ်ခွေးတိုက်သည် ကြိုန်စာသင့်သော အရပ်ဖြစ်ဟန်တူသည်။ ကျေး ငှက်သံပင်လျှင် မကြားရ။ တစ်ရံတစ်ခါ ပေါ်ထွက်လာသော ခွေးဟောင်သံတို့မှ တစ်ပါး ငြိမ်သက်၏။ နံရံနှင့်ကပ်လျက်ရှိသော သံလမ်းမှ ရှာမဘူတာ သံလမ်းဝန်းကျင်မှ ဒီဇယ်ရထားတို့ တဝူးဝူးဖြတ်သန်းသွားသောအသံ၊ ရထားဥသြသံတို့ကို သဲ့သဲ့ကြားရသည်။ တစ်ခါတစ်ခါတွင် စီအိုင်ဒီ (CID)ရုံးဘက်မှ တေးဂီတသံအချို့ သဲ့သဲ့ စစ်ခွေးတိုက်တွင် ကြားရ၏။ အခန်းအတွင်း အချင်းချင်း စကားမပြောရ၊ သီချင်းမဆိုရ၊ ဆေးလိပ်မရှိ၊ ပင့်သက်ရှိုက်သံ၊ နာကျင်ညည်းညူသံ၊ သက်ပြင်းရှိုက်သံတို့ တစ်ရံတစ်ခါ ပေါ်ထွက်၏။ ခြေချင်းမှ သံကြိုးတချွင်ချွင်ကြားရသည်။ ခန္ဓာကိုယ် လှုပ်ရှားလိုက်တိုင်း ခြေချင်းမှ မြည်လာသော ခြေချင်းသံကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်နေသော အသံကိုခွင်း၍ ဝါဒါတစ်ဦးက

"ဒီမှာ...မင်းအောင်...မင်းအခုနေတဲ့ အခန်းထဲမှာ မြင့်ဦးနေသွားတယ်။ ၄၅ ရက် အပြစ်ဒဏ်နဲ့ပေါ့။ ရက် ၂၀ အတွင်း ချည့်သွားတယ်။ လမ်းမလျှောက်နိုင်တော့ဘူး။ ဆေးရုံကို ထမ်းထုတ်သွားတယ်။ တစ်သက်လုံး လူစဉ်မမီတော့ဘူး ဟား...ဟား"

စကားပြောနိုင်သော အင်အားလည်းမရှိ၊ ပြောလိုသော ဆန္ဒလည်း စိုးစဉ်းမျှမရှိ။ ပုံစံထိုင်နေသော မင်းအောင်အား ခြေနှင့်လှမ်းကန်ကာ

"ဒီကောင်လည်း မင်းလိုပဲ ထောင်ကလွတ်အောင်ပြေးတာ...လွတ်ပါ့မလားကွာ...ကိုးတံခါးနဲ့ အင်းစိန်ထောင်က...အစချီ၍ ထောင်ပြေးမြင့်ဦးအား ဤစစ်ခွေးတိုက်၌ မည်သို့မည်ပုံနှိပ်စက်သည်၊ ဒုက္ခိတဘဝသို့ရောက်အောင် ကန်ကြောက်နှင်းချေခဲ့သည်ကို နှုတ်အရသာခံ၍ ပြောလေသည်။

"မြင့်ဦးဆိုတဲ့ကောင်က အရူးကွာ...ဟား...ဟား..."

အစချီကာ ၁၉၈၉ မေလနောက်ဆုံးပတ်တွင် ထောင်မှ ထွက်ပြေးရန် ကြိုးစားသော မြင့်ဦး၏အကြောင်းသည်ကား မြင့်ဦးသည် အဆောင် ၃ မှ ထောင်ကျတစ်ဦးဖြစ်သည်။ ဖိုကြီးတွင် တာဝန်ကျသည်။ ဖိုကြီးသည်ကား အင်းစိန်ထောင်တွင် ချက်ပြုတ်သော မီးဖိုခန်းကို ခေါ်ဆိုခြင်းဖြစ်သည်။ ရှေးစကား စာဖိုကြီးဟူသော အခေါ်အဝေါ်မှသည် ဖိုကြီးဟု ပြောင်းလဲခေါ်ဆိုခြင်းဖြစ်သည်။ အဝင်ဝ ဆေးရုံဘေး၌ ရိက္ခာတိုက်ရှိသည်။ ရိက္ခာတိုက်သည်ကား ဆန်၊ ငါးပိ၊ ငါးခြောက် စသည်တို့ သိုလှောင်ရာ အဆောက်အဦး



ဖြစ်သည်။ ထောင်ဝင်းအတွင်း၌ အချုပ်ကျသူများနှင့် ထောင်ကျသူများသည် တစ်နေ့လျှင် နှစ်နပ်စားရသည်။ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် စားရခြင်းဖြစ်သည်။ နံနက်စာတွင် ထမင်းနှင့် ပဲဟင်းကိုကျွေး၏။ ညနေစာအဖြစ် ထမင်းနှင့် ငါးပိနှင့် တာလဘောကျွေး၏။ တစ်ပတ်လျှင် တစ်နပ် အသားကျွေး၏။ ထိုနေ့ကို အသားစားနေ့ဟူ၍ ခေါ်သည်။

၁၉၈၉ ကာလတို့တွင် အသားစားနေ့သည်ကား ကြာသပတေးနေ့ဖြစ်၏။ တစ်ပတ်လျှင် တစ်ရက်သာ အသားကျွေးသည်ဖြစ်ပေရာ ကြာသပတေးနေ့ညနေတွင် အသားကျွေး၏။ အဲသား၊ ဝက်သား၊ ကြက်သား တစ်လှည့်စီကျွေး၏။ ပုံစံတစ်တုံးစီ ပေး၏။ ပဲတစ်လှည့် တာလဘောတစ်လှည့်စားနေရသော အကျဉ်းသားများအဖို့ ကြာသပတေးနေ့ရောက်လေသော် အမဲသား၊ ဝက်သား မစားသောသူများအား ကြက်ဥပြုတ်နှစ်လုံး ပေး၏။ ကြက်ဥတစ်လုံးသည် မကျင်လု နွားတံဆိပ်ဆေးလိပ် ၂ လိပ်နှင့် လဲ၍ရ၏။ အသားစားနေ့သို့ရောက်လေသော် အကျဉ်းသားများ လွန်စွာပျော်၏။

ပုံစံဝေသူအား ဆေးလိပ်ပေးကာ 'လိုင်းဝင်'၊ 'လာဘ်ထိုး'၍ အရိုးမပါ အသားတုံးကြီးကြီးရရန် ကြိုးစားကြကုန်၏။

"မျက်နှာကြီးရာ ဟင်းဖတ်ပါ" ဆိုသောစကားသည် ထောင်တွင်သုံးသောစကားဖြစ်သည်။ ထမင်းဟင်းတို့ကို တာဝန်ယူ ကျွေးမွေးသူတို့အား "ထမင်းဘုတ်" ဟုခေါ်သည်။ ထမင်းဘုတ်တို့သည် ဖိုကြီးမှ ထမင်းဟင်းတို့ကိုယူ၍ ကျွေးမွေးရန် တာဝန်ကျသည်။ အဆောင်တိုက်ခန်းများသို့ ထမင်းပို့ဝေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းဘုတ်ကိုင်များ၊ ထမင်းဝေသောသူများနှင့် အဆင်မပြေပါက ပဲဆိုကလည်း အရည်သာရမည်။ အဖတ်မပါ၊ တာလဘောပေးကလည်း အရွက်မပါ ရိုးတံသာရမည်။

ပုံစံ ငါးပိဖုတ်ကိုပေးလျှင်လည်း တူးခါးနေသောအခြမ်းမှ ပေးခံရသည်။ အသားဝေကလည်း အဆင်မပြေသူတို့ကို အရိုးအရွတ်တို့သာ ပေးလေ့ရှိသည်။ ထောင်တွင် အသားစားနေ့၌ ထောင်တွင်ရှိကုန်သော မကျွတ်မလွတ်သည့် ဝိညာဉ်ဆိုးများပင် လျှင် ပျော်၏။ မြူး၏။ ထောင်တွင် အသားစားနေ့များ၌ "သရဲစီး" လေ့ရှိသည်။ "သရဲစီးခြင်း၊ သရဲခြောက်ခြင်း" သည် ကား ထောင်တွင်းနေသူတို့ ကြုံဖူးကြကုန်၏။ ထောင်တွင်ကျွေးသော အမဲသားတို့သည် လွန်စွာထူးဆန်းသည်။ ထောင်တွင် အသားကျွေးသည်ဆိုရာ၌ စနစ်တကျ ချက်ပြုတ်သည်မဟုတ်၊ အသားတို့ကို ခုတ်ထစ်ကာ ပွက်ပွက်ဆူနေသော ရေနွေးတို့၌ ထည့်ကာပြုတ်၏။ အသားပြုတ်ကိုခတ်၍ ပြုတ်ရည်အနည်းငယ် ဆမ်းကာ ဆီချက်ကို အပေါ်မှတင်လိုက်သည်နှင့် ဟင်းလျာ တစ်ခွက်ပြီး၏။

အသားပြုတ်ရည်သည် ဆားအနည်းငယ်ထည့်ရုံဖြင့် လွန်စွာ ချို၍ အရသာရှိသည်။ ငရုတ်သီး၊ ကြက်သွန်တို့နှင့် ဆီသတ်၍ ရေပေါ်ဆီဆမ်းထားသော အသားတုံးတို့သည်ကား အမြင်၌ အဆီ တဝင်းဝင်း စားသောအခါ ကိုက်ဆွဲ၍မပြတ်၊ ဝါးစား၍ မကြေ၊ မျိုချက လည်တွင်နင်၏။ ရေလုံပြုတ်ထားသော အသားများဖြစ် ပေရာ အသားမှအချိုဓာတ်သည် အရည်သို့ ရောက်ဟန်တူ၏။ အသားတုံး၌ အရသာမရှိ၊ ပြုတ်ထားသော အသားပြုတ်ရည်သည်



လည်း ထပ်မံ၍ ရေနွေးထပ်ရောပေရာ အရည်တွင်လည်း အရသာ မရှိ၊ ဆားခတ်လျှင် ငန်၏။ ဆားခတ်မထားပါက ရေနွေးလို အရသာရှိ၏။

မည်သို့ဆိုစေ ငရုတ်သီးဖတ်၊ ကြက်သွန်နီအနှစ်နှင့် ဆီ အနည်းငယ်စွန်းနေသော အသားတုံးသည်ကား အကျဉ်းသားတို့ အတွက် တစ်ပတ်တစ်ခါ ဆုံတွေ့ရသော နတ်သုဓာတည်း။ ထောင် တွင်ကျွေးသော အမဲသားသည် ကျိန်စာသင့်သောအလား နွားနံ့ပိန့် မှ အသားမရှိ နံရိုးအပြိုင်းပြိုင်းနှင့် နွားဖြစ်ဟန်တူ၏။ စားသုံးမည့် အသားတုံးကား ဆီမပြင်ရ၊ ပန်းကန်ဆေးသောအခါ ပုံစံ ဒန်ပန်း ကန်ပြားပေါ်ရှိ အမဲပြုတ်ရည်မှ အဆီသည်ကား အတော်နဲ့ချွတ်၍ မရ။ အသားစားနေ့၌ကျွေးသော ဝက်သားသည်ကား ဟင်းခွက် အတွင်း၌ အမွေးတဖွားဖွားနှင့် ဝက်မွေးကတစ်ထပ်၊ အခေါက် တစ်ထပ်၊ အခေါက်ကထူထူ၊ အဆီတတွဲတွဲနှင့်စားလျှင် သွားကြား တွင် ဝက်မွေးညှပ်၏။ ထောင်မှ စားဖိုမှူးတို့ချက်သော ဝက်သား ဟင်းသည် ကမ္ဘာ့အဝန်းမှ ဝက်သားချက်ပြုတ်နည်းမျိုးစုံအနက် တစ်မူသီးသန့်ရှိသော ဝက်မွေးထူ ဝက်ခေါက်ရေလုံပြုတ် ဟင်းလျာ ဖြစ်သည်။ ထမင်းစားခါနီးမှ ခပ်ရှည်ရှည်ချှိုင်းမွေးတို့ကို တပြုတ် ပြုတ်နုတ်သည့်အလား ဝက်ခေါက်ပေါ်မှ အမွေးတို့ ဆွဲနုတ်၍ စားရ၏။

အမဲ၊ ဝက်တို့နှင့်စာက ကြက်သည် အတော်အတန် အရသာ ရှိ၏။ အသားမဲ့ ကြက်ပိန်ခြောက်ခြောက်၏ ဦးခေါင်းကို ကိုက်၍ တစ်ဖုံ၊ လည်ချောင်းရိုးကို ကိုက်လျက်တစ်မျိုး၊ အရိုးခြမ်းမှ ခြင်ဆီကိုစုပ်၍တစ်နည်း အရသာယူ၍ရသည်။ အမဲသား၊ ဝက်

www.burmeseclassic.com

www.burmeseclassic.com



သားတို့သည်ကား လှီးချွတ်၍ ထောင်ဝင်စာ သရက်သီးသနပ်နှင့် ချက်ပြုတ်က လွန်စွာအရသာရှိသည်။ ဖိုကြီးမှပေးသော အသား တို့ကိုချက်ကာ ဆေးလိပ်နှင့် လဲလှယ်စားသောက်နိုင်သည်။ မြင့်ဦး သည် ထောင်ကျချဲဒိုင်ချာလီ၏ တပည့်ရင်းဖြစ်သည်။ ထောင်ကျ ချဲဒိုင်ချာလီသည် အရှေ့ကြို့ကုန်းသားဖြစ်သည်။ ဘီပီအိုင်(BPI) ဆေးဝါးစက်ရုံမှ ပင်စင်စားဝန်ထမ်းတစ်ဦးဖြစ်ပေရာ အထူးတိုက် ဝန်းရှိ ဖိုခွဲကို တာဝန်ယူရသူဖြစ်သည်။

အထူးတိုက်နှင့် အထူးလုံးချင်းအိမ်တွင် အရေးကြီးသော အကျဉ်းသားများ ထားရှိ၏။ NLD မှ အငြိမ်းစား ဗိုလ်ချုပ် ဦးတင်ဦးသည် အထူးလုံးချင်းအိမ်တွင်နေ၏။ အထူးတိုက်ခန်း (၁) တွင် ဗိုလ်ကြီးဝင်းထိန်၊ အထူးတိုက်ခန်း (၂) တွင် ဘိုးတော်ခင်ဝင်း၊ အခန်း (၃) တွင် မင်းကိုနိုင်၊ အခန်း (၄) တွင် ဒေါက်တာမော်ဇင် တို့နှင့်အတူ အခြားအခန်းများတွင် ကိုသက်ခိုင်၊ ဇာဂနာ (ကိုသူရ) တို့ အသီးသီး နေထိုင်ကြသည်။ ကိုရီးယားမှ ''ကင်မင်ချူး'' သည် ဦးတင်ဦး အိမ်ဘေးတွင်နေ၏။ လက်ပြတ်နေ၏။ လက် ပြတ်ငုတ်တိုတွင် ပေါက်တူးကိုချည်ကာ စိုက်ပျိုးရေးလုပ်၏။ ခြေ ထောက်တွင် ကြိုးနှင့် ပေါက်တူးချည်ကာ စိုက်ပျိုးရေးလုပ်၏။ ကင်မင်ချူး၏ အိမ်ဘေးတွင် သရက်ပင်ရှိ၏။ မြောက်ကိုရီးယား မှလာ၍ ရန်ကုန်မြို့ အာဇာနည်ကုန်း၌ လုပ်ကြံဗုံးခွဲရာမှ ဒဏ်ရာရ၍ လက်ပြတ်ခြင်း ဖြစ်၏။ ထောင်ကျနှစ်ကြာ၍ မြန်မာစကား ကောင်း စွာအကျွမ်းအကျင် ပြောနိုင်၏။ စိုင်းထီးဆိုင်၏ 'မန္တလေးရောက် ရှမ်းတစ်ယောက်၊' 'စိုင်းပြန်ရဦးမည်' ကိုလည်း ကောင်းစွာဆိုတတ် ၏။ 'မောင့်လပြည့်ဝန်း' ကို ကြိုက်၏။ လွှမ်းမိုး၏ 'မခင်နှင်းဆီ'



ကို လွန်စွာဆို၏။ ချာလီနှင့် ကင်မင်ဂျူ လွန်စွာခင်၏။ သူ၏ သရက်ပင်မှ သရက်သီးတို့ကို မြင့်ဦးအား သွားရောက်ရောင်းချ စေ၏။

အထူးခန်းအတွင်းရှိသော NLD ဦးတင်ဦး၏ နေထိုင်သော နေအိမ် ဝန်းနေရာကို ငှက်လှောင်အိမ်သဖွယ် သံဆန်ခါနှင့်ထား၏။ ရဟတ်ယာဥ်နှင့် လာရောက်ကယ်တင်ရန်ကိုပင် စိုးထင့်ဟန်ထင် ၏။ NLD ဦးတင်ဦးသည် ထောင်ဝန်းအတွင်း၌ ရန်ကုန်တိရစ္ဆာန် ဥယျာဉ်အတွင်း ငှက်ထားထားသော ငှက်လှောင်အိမ်ကဲ့သို့ နေရ သည်။ အထူးတိုက်နှင့် အထူးဝန်းမှသူများသည် ''ဆေးရုံစား''များ ဖြစ်သည်။ ဆေးရုံစားဆိုသည်ကား ထောင်ကျသေဒဏ်ပေးခံရ သော ကြိုးသမားများ၊ နိုင်ငံရေးအကျဉ်းသား ၁၀(က)များနှင့် အခြား ပြစ်ဒဏ်ခံ အကျဉ်းသားများ လိုင်းဝင်၍ စားသောက်ရသော ရိက္ခာပုံစံဖြစ်သည်။

နံနက်လင်းသည်နှင့် ဆန်ပြုတ်ကျွေး၏။ နံနက် ၁၁ နာရီခန့် တွင် ထမင်းနှင့် ပဲဟင်းကိုကျွေး၏။ ထောင်တွင်ကျွေးသော ပဲဟင်း သည် မတ်ပဲ၊ ကုလားပဲတို့ကို ကျွေးမွေးခြင်းဖြစ်၏။ မွန်းလွဲ ၂ နာရီဝန်းကျင်တွင် နွားနို့၊ ပေါင်မုန့်ပေး၏။ နွားနို့သည် ဘိလပ်ရည် ပုလင်း တစ်ပုလင်း၊ ပေါင်မုန့်ရှည်တစ်လုံးပေး၏။ ညနေ ၄ နာရီခွဲခန့်၌ ကြက်သားတစ်တုံးပါသော ကြက်စွပ်တစ်ခွက်၊ အမဲ၊ ဝက်၊ ကြက် အလှည့်ကျအသားတစ်ခွက်နှင့် ထမင်းကျွေး၏။ ထောင်ထုံးစံအတိုင်း အမဲသားမစားက ကြက်ဥပြုတ် ၂ လုံး၊ ဝက်သားမစားက ကြက်ဥပြုတ် ၂ လုံးပေး၏။ ဤကား ညစဉ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးပိုင်း နှစ်လယ်ပိုင်းတို့၌ ထောင်တွင် စားသုံးရသည့် အစားအသောက် ဖြစ်သည်။ နောက်ပိုင်းတွင် တစ်စတစ်စ နွားနို့အပြည့်မှ တစ်ဝက်၊ ထို့နောက် လုံးဝမရတော့၊ ပေါင်မုန့်ရှည်တစ်ခုမှ ပေါင်မုန့်တစ်ဝက်၊ ထို့နောက် ပေါင်မုန့်မကျွေးတော့၊ အသားအစားငါးပြောင်းကျွေး၏။ အထူးဖိုကြီးမှ ချက်ပြုတ်တာဝန်ခံချာလီသည် ဝန်ထမ်းအရာရှိများကို လုပ်ကျွေးနိုင်သည်။ ရိက္ခာတိုက်မှ ဆန်၊ အသားတို့ကိုယူ၍ ချက်ပြုတ်ခြင်း၊ ကျွေးမွေးခြင်းပြုကာ အထူးတိုက်မှသူများကို ကျွေးလေသည်။ ချာလီနှင့် သူ၏တပည့် မြင့်ဦးတို့သည် ထောင်ဆေးရုံ၊ ဖိုကြီး၊ မိန်းဂျေး၊ အဆောင်ဝင်း၊ အထူးတိုက်အတွင်း၌ လွတ်လပ်စွာ သွားလာနိုင်သူဖြစ်သည်။

ထောင်တွင် လောင်စာအဖြစ် ဖွဲမီးကိုသုံး၏။ ထင်းမီးကို မသုံး။ ဆန်၊ ငါးပိ၊ အသား၊ ဖွဲဆန်ကွဲ၊ ထမင်းစသည်တို့ကို အကျဉ်းဦးစီးမှ ယာဉ်ဖြင့် ရိက္ခာထည့်သွင်းဖြည့်ဆည်း၏။ ထောင်တွင်းသို့ မော်တော်ကားနှင့် ပစ္စည်းတင်ကာချ၍ ပြန်ထွက်၏။

ထောင်ကျမြင့်ဦးသည် ထိုကားနှင့်ခိုးထွက်သော် ထောင်ပြင်သို့ရောက်မည်ဟု ကောင်းစွာသိ၏။ ထိုကားတို့သည် ထောင်ရှေ့ အင်းစိန်ကမ်းနားလမ်းမှ ပေါက်တောဘက်သို့ ဦးတည်သွားလေ့ရှိသည်။ ရိက္ခာတိုက်ကိုလည်းကောင်း၊ ဖိုကြီးကိုလည်းကောင်း ဝန်စည်စလည်တို့ကို ပို့၏။ ထို့နောက် ပြန်ထွက်ကာ ထောင်နောက်ဘက် မော်တော်ယာဉ်စခန်း၌ထိုး၏။ ထိုကား၌ လိုက်ပါသွားမှု အင်းစိန်ဈေးရှေ့ရောက် ရထားလမ်းကျော် တည်းကုန်းဘက်သို့ ကွေ့၊ ရွာမဘူတာအနီးမှ အကျဉ်းဦးစီးဘက်သို့ဝင်၊ ထောင်ထဲမှ ထိုကားနှင့်လိုက်သွား၊ အင်းစိန်ဈေးရှေ့၌လည်းကောင်း၊ ရထားသံ



လမ်း၌ ခုန်ဆင်းက အပြင်သို့ရောက်ပေမည်။ အနေအစားချောင်သော မြင့်ဦးသည် ထောင်တွင်မပျော်၊ ထွက်ပြေးလွတ်မြောက်ရန် အမြဲကြိုးစားနေ၏။

"ကိုချာလီ ကျွန်တော် လွတ်ချင်လိုက်တာ"

"မင်း ရိက္ခာကားနဲ့လိုက်မှလွတ်မှာ..."

ဟု ချာလီက ပြောင်ချော်ချော်ပြော၏။ မြန်မာစကားကို လည်ပတ်စွာပြောနိုင်သော မြောက်ကိုရီးယား ကင်မင်ချူးကလည်း

"မင်း..အိမ်ပြန်ချင်တာလား"

ဟု ပီသသော မြန်မာသံနှင့်မေး၏။

"ပြန်ချင်တာပေါ့..ဦးကင်မင်ချူးရာ ဦးရောမပြန်ချင်ဘူးလား.."

ကင်မင်ချူးက တဟားဟားဖြင့် အတောမသတ်ရယ်၍

"ငါက အင်း စိန်ထောင်မှာပဲ ပျော်တယ်...ဒီသရက်ပင်ကို ငါချစ်တယ်...ငါစိုက်ထားတဲ့အပင်တွေလည်း ရှင်သန်လှပတယ်၊ အဆင်ပြေပါတယ် ငါ့အတွက်တော့...ဘာမှမလိုအပ်တော့ဘူး၊ အားလုံးပြည့်စုံတယ်"

လ·ဝ·က ဥပဒေအရ မြောက်ကိုရီးယားနိုင်ငံသား ကင်မင်ချူးသည် မြောက်ကိုရီးယားကိုလည်း ပြန်၍ မရ၊ အင်းစိန်ထောင်၌သာ နေရပေမည်။

ထောင်တွင် လ·ဝ·က လူဝင်မှုကြီးကြပ်ရေး ဥပဒေအရ နိုင်ငံမဲ့လူသားများအား ထောင်တွင်း၌ပင် ဖမ်းဆီးထားရလေ့ရှိသည်။ မြောက်ကိုရီးယား ကွန်မန်ဒိုဟွမ်စစ်သား ကင်မင်ချူးသည် ထောင်ကျမြင့်ဦးအား မေး၏။

www.burmeseclassic.com

www.burmeseclassic.com



"ထောင်ထဲကို ကားတွေ ဘယ်နားထိဝင်လဲ"

"မိန်းဂျေးဖိုကြီးနားအထိ ရောက်တယ်၊ ရိက္ခာရုံဘက်ကို လည်းလာတယ်"

ဟု မြင့်ဦးက ဖြေ၏။

"အဲဒီကားတွေက အပြင်တွေက ကားတွေလား"

ဟု ကင်မင်ချူးကမေး၏။

"အကျဉ်းဦးစီးက ကားတွေပါပဲ" ဟုပြော၏။

"သူတို့ကားပေါ်က ဆန်တွေ၊ ပစ္စည်းတွေပဲစစ်တာ။ ကား အောက်ကို မစစ်ဘူးလား"

ဟုပြော၏။

"ငါသာဆို အဲဒီကားအောက်က လိုက်သွားမှာ"

ဟုပြောကာ တဟားဟား ရယ်မောလေ၏။

အားလုံးက နောက်ပြောင်ပြောလင့်ကစား မြင့်ဦးစိတ်အတွင်း၌ မော်တော်ကားနှင့်လိုက်ပါသွားသော် လွတ်မြောက်မည်ကို လွန်စွာ စိတ်ကူးယဉ်၏။ ထောင်ဝန်းအတွင်းမှ ရိက္ခာကားမထွက်ခွာမီ အမြဲစစ်ရသော အလေ့ရှိ၏။ ရိက္ခာကား လာလေသော် မြင့်ဦးမှ အမြဲကြည့်ကြည့်နေ၏။

ဤသို့နှင့်

"ကိုချာလီ…ခင်ဗျားလူ မြင့်ဦး ထောင်ပြင်အရှေ့ တပ်ရဲ ဂိတ်မှာ ထွက်ပြေးတာမိလို့ သမခံနေရတယ်"

"ဟာ ဒုက္ခပါပဲ…"

ချာလီမျက်လုံးပြူးသွား၏။

ခဏကြာသော် မိန်းဂျေးမှ ထောင်မှူးဦးစံရ၊ ဦးလှမြင့်တို့



ရောက်ရှိလာကာ

"ချာလီ ..မြင့်ဦးက မင်းဘုတ်ရဲ့အောက်က မဟုတ်လား။ ဒီကောင်…ထောင်ဖောက်ပြေးတာ မင်းမသိဘူးလား"

ထောင်မိန်းဂျေးသို့ ချာလီအားခေါ်ယူကာ မေးမြန်းလေတော့ သည်။

"မသိဘူးဆရာ..ကိုခင်မောင်အေးပြောလို့ သိတာပါ"

"အေး…မင်းဘုတ်အောက်က မြင့်ဦးလေ … ရိက္ခာကား အောက် အိတ်ဇောပိုက်ဖက်ပြီး ကပ်လိုက်သွားတာ အိတ်ဇောပိုက် အပူကို မခံနိုင်လို့ ပြုတ်ကျတာ တပ်ရဲဝါဒါသိန်းဝင်းရှေ့ ကားခနဲ ပြုတ်ကျကျန်နေခဲ့တာ လက်ရော၊ ခြေရော 'အိတ်ဇော' လောင်လို့ လမ်းတောင်မလျှောက်နိုင်ဘူး"

ဤသို့ဖြင့် ကားအောက်မှလိုက်သော မြင့်ဦးသည် စစ်ခွေး တိုက်သို့ရောက်ရှိကာ ပုံစံပေးရာမှ ခါးကိုအရိုက်ခံရ၍ တစ်သက် တာ ဒုက္ခိတဖြစ်လေတော့သည်။ ချာလီသည်လည်း စားဖိုမှူး နေရာပြုတ်၍ ရဲဘက်ပေါ်တာအဖြစ်ပါသွားကာ သေသည်လော ရှင်သည်လော မသိနိုင်သော ဘဝနိဂုံးနှင့် အဆုံးသတ်လေတော့ သတည်း။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## ချေးခြောက်ရေနှုန်း

မည်းညစ်မှောင်မှိုင်းသော တိမ်တိုက်တို့နှင့် သရမ်းစော်ကားရမ်းကားမိုက်ရိုင်းသော အနောက်တောင်လေတို့ ပေါင်းစပ်မွေးဖွားပေါ်ပေါက်လာသည့် အစက်အပေါက် မညီသော မိုးရေစက်တို့သည် စည်းချက်မညီ၊ ကစဉ့်ကလျား တစ်ဖွားဖွားတစ်ဖုံ၊ တမှုန်မှုန်တလှည့် သံတိုင်ကြားသို့ တိုးဝင်၏။ ယိမ်းယိုင်နေသော သစ်ပင်များနှင့်အတူ မိုးစက်တို့သည် ကြီးတစ်လှည့်၊ ငယ်တစ်လှည့် ကြမ်း၍တစ်ဖုံ နူး၍တစ်နည်း မြေပြင်ပေါ်သို့ ဖြန်းပက်ဆဲ၊ ကောင်းကင်ထက် အမှောင်တိုက်ကြားမှသည် ဖြန်းခနဲလင်းလက်သော လျှပ်စီးအလင်းနှင့် အချိန်အတော်အတန်ခြားကာ ထောင်နံရံနှင့်ရှေ့ခြေလမ်းအမိုးသွပ်ပြားတို့ ဒိန်းဒလိန်းအသံလှိုင်းပြု၍ တုန်ခါသွားအောင် မိုးကြိုးပစ်သံတို့သည် ကြမ်းချင်တိုင်းကြမ်း ရမ်းချင်တိုင်းရမ်းနေကာ ဇူလိုင်မိုးဆိုး၏ အတွင်းသရုပ်ကို လှစ်ဟာဖော်ထုတ်၏။ စစ်ခွေးတိုက်မှ အကျဉ်းသားအားလုံးတို့သည် ဇူလိုင်မိုးဆိုးအပေါ် ခွင့်လွှတ်နားလည်သလောက် ဝါဒါများသည်ကား…

"ဟား…ဟား…ဒီကောင်တွေ မိုးကြိုးပစ်ခံရမှာကြောက်လို့"

စစ်ခွေးတိုက်အခန်း(၁)မှ မောင်မောင်ဦး၏ ရယ်သံထွက်လာ၏။



"စိတ်ပုပ်စိတ်ယုတ်တွေနဲ့…ထောင်ထဲက ဒုစရိုက်တွေထက်တောင် ယုတ်ညံ့တဲ့ ဒီထောင်ဝါဒါတွေ မိုးကြိုးသံကြားရင်ကို တုန်နေတာ…"

အပြစ်ဒဏ်ခံနေရသော တန်းစီးပြုတ် ဖိုးသားမှ လှမ်း၍ပြော၏။ သဲသဲမဲမဲရွာသွန်းနေသော ဇူလိုင်မိုးဆိုးသည် အကျဉ်းသားများဘက်မှ စစ်ကူဝင်ကာ ထောင်ဝါဒါတို့အား ဖိနှိပ်ထိန်းချုပ်ထား၏။ စစ်ခွေးတိုက်ရှေ့ရှိ ထောင်ပူးမျှော်စင်ပေါ်မှ ဝါဒါတို့သည်လည်း မျက်စိပျက်၊ မျက်နှာပျက်နှင့် အောက်သို့လှမ်းအော် အချက်ပေး၍ တံခါးကိုဖွင့်ကာဆင်း၍ စစ်ခွေးများထားရာ တိုက်ဘက်သို့ မိုးပုန်းခိုကြကုန်၏။ ထောင်နံရံတွင် အမြင့်မျှော်စင်များ ရှိ၏။ ၎င်းတို့ကို "ထောင်ပူး မျှော်စင်" ဟုခေါ်၏။ မည်သည့်ထောင်ဝါဒါများမဆို ပူးအပေါ် မတက်ချင်ကြပေ။ ထောင်စည်းကမ်း၊ ဝန်ထမ်းစည်းကမ်းကို ဖောက်ဖျက်သော ဝါဒါတို့ကို ပူးအပေါ်သို့တင်ကာ အပြစ်ပေးခံရသည်။ အချို့သော ဝန်ထမ်းတို့သည်ကား ထောင်ကြပ်၊ ထောင်မှူး၊ ထောင်ပိုင်တို့အပေါ် ကောင်းစွာရှာဖွေပြုစုပူဇော်ပသနိုင်ခြင်း မရှိသောကြောင့် မျှော်စင်ပူးထက် ရောက်ကြကုန်သည်။ ထောင်မျှော်စင်ပူးများအနက် ထောင်ဝါဒါများ အစိုးရွံ့ဆုံးနေရာသည်ကား စစ်ခွေးပူးဖြစ်သည်။

လေတိုက်လျှင် ဖြန်းခနဲလန့်သွားသော အမိုး…အကာအရံမဲ့ မိုးကြိုးလွှဲမရှိသောအမြင့် မျှော်စင်၊ "ဘောင်ချာ မရှိ၊" "လိုင်းမရှိ၊" "အောက်ဆိုက်မရှိ" "ဝင်ငွေမရှိ" ချွတ်ခွာရန် အကျဉ်းသားလည်းမရှိ၊ လုယက် ယူငင်စားသုံးရန် ထောင်ဝင်စာတွေ့[illegible]မရှိ၊ ဤသို့အကြမ်းပတမ်း ရွာသွန်းနေသော မိုးတို့သည် ၎င်း[illegible]သော

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာလိပ်တို့ကို စိုရွဲစေသည်။ လူကိုလည်း ကြွက်စုတ်သဖွယ် ရွှဲစိုစေသည့်အပြင် မိုးကြိုးလျှပ်စီးတို့သည်လည်း သူတို့ထံ တဖျပ်ဖျပ်ဆင်းသက်လေသော် ကြိုးစင်ထက်မှ ကြိုးမိန့်ပေးခံရသည့် သေဒဏ်အကျဉ်းသားသဖွယ် ဗူးမျှော်စင်ထက်တွင် ဝရမ်မိုးကြိုးလက်နက်နှင့် အပြစ်ပေးခံရသည့်သူများအလား...။

"ဟာ... မျှော်စင်ပေါ်မှာ တစ်ကောင်မှ မရှိတော့ဘူး·· ကိုမင်းအောင် သီချင်းဆိုဗျာ..."

စစ်ခွေးတိုက်မှ တစ်ခန်းနှင့်တစ်ခန်းစကားမပြောရ၊ သီချင်းမဆိုရ၊ ဘုရားရှိခိုးခြင်းမပြုရ၊ တရားမထိုင်ရ၊ တရားထိုင်သည်ကိုတွေ့က ···ဘုရား၊ နတ်ဒေဝတာတွေက အချုပ်မဟုတ်ဘူး။ ခုမှလာပြီး သူတော်ကောင်းယောင် မဆောင်နဲ့။ မ++++စသဖြင့် ကြမ်းတမ်းစွာပြောဆိုကာ ···ပုံစံကြီးကို ထိုင်စေ၏။ ဒီလိုထိုင်မှ တရားရမှာ···ဟုပြော၏။

"မိုးရွာတာပဲ ကျေးဇူးတင်ရမယ်···နို့မဟုတ်ရင် ပုံစံပေးလိုက် ထုတ်ရိုက်လိုက်နဲ့···"

ဟု ဆိုကာ မင်းအောင်သည် "မိုးစက်တင်လေ"သီချင်းကို ဆွေးမြေ့စွာ သီဆိုလေတော့သည်။ မင်းအောင်၏ သီချင်းကိုနားထောင်ရင်း စစ်ခွေးတိုက်မှ အကျဉ်းသားတို့သည် ကျဆင်းလာသော မိုးရေစက်တို့ကို အငမ်းမရသောက်သုံး၏။ မိုးပက်သော အပေါက်ဝတွင်ထိုင်ကာ ခန္ဓာကိုယ်တွင် အကွင်းလိုက် အထပ်လိုက်ဖြစ်နေသော ကြေးညှော်တို့ကို ပွတ်တိုက်ဖယ်ရှား၏။

"ဟာ···မိုးစက်တွေက ချိုလိုက်တာ"

မောင်မောင်ဦး၏ အသံထွက်လာသည်။



မိုးရေစက်၏ ချိုမြိန်သောအရသာကို စစ်ခွေးတိုက်ကို ရောက်ဖူးသူတို့ အသိဆုံးဖြစ်ပေမည်။ ရှေးကာလ အပြင်ထောင်တွင် ထောင်ကျတို့အား "ခဲရေတိုက်သည်"ဟူသော စကားကြားဖူး၏။ စစ်ခွေးတိုက်တွင်ကား "ခဲရေ"မတိုက်၊ ရွံ့နံ့ရေကိုသာတိုက်၏။ ဤနေရာဒေသ၌ အပြစ်ဒဏ်ခံရသူတို့သည် ရေချိုးရခြင်းမရှိလင့်ကစား စစ်ခွေးများကိုကား နေ့စဉ်ရေချိုးပေးသည်။ ဝါဒါများသည်လည်း ထိုနေရာ၌ ရေချိုးကြကုန်၏။ ထောင်မကြီးနှင့် အတော်အတန်ဝေးသော နေရာဖြစ်ပေရာ ရေရှား၏။ ရေပိုက်မှရေသည် တစ်စက်စက် တစ်ပေါက်ပေါက်သာကျ၏။ ရေကို အတော်အတန်ချွေတာရသည်။ ခွေးများကို ရေချိုးပေးသောရေ၊ လူအများချိုးသော ရေဆိုး ရေဟောင်းတို့ကို မြေတွင်ကျင်းတူး၍ ရေကန်သဖွယ်ဖြစ်ကာ ၎င်းရေတို့ကို သိုလှောင်ကာ ရှေ့တွင်ရှိသော တောင်ယာစိုက်ခင်းကို ရေလောင်း၏။ ၎င်းရေကိုခပ်ကာ စစ်ခွေးတိုက်မှ ထောင်ကျအကျဉ်းသားတို့အား တိုက်၏။

"ရေပဲ တစ်ပိဿာရှိရင် သန့်ပြီးသား"

ဤကား ဝါဒါများ ပြောစကားက ယခင်ခေတ်ကာလ ရေသန့်မပေါ်သေးမီ ရေတစ်ပိဿာရှိလျှင် သန့်သည်ဟူသော စကားကို တွင်တွင်ကျယ်ကျယ် ပြောခြင်းအပေါ် စကားယူ၍ ခပ်ထေ့ထေ့ပြောခြင်းဖြစ်သည်။ စစ်ခွေးတိုက်တွင် စည်ပိုင်းပျက်တစ်လုံးရှိ၏။ ၎င်းစည်ပိုင်းပျက်ကို ဆိုင်းကြိုးနှင့် ရှေ့တစ်ယောက်နောက်တစ်ယောက်မကာ ထမင်းဘုတ်အကျဉ်းသားတို့က တာလုံဘောကိုဝေ၏။ ၎င်းပုံးနှင့် ရေခပ်ကာ ပန်းပင်ရေလောင်း၏။ ရုံဖန်ရုံခါ ၎င်းပုံးနှင့် မစင်စွန့်၏။ ကျင်ငယ်ရည်တို့ကို စွန့်၏။

www.burmeseclassic.com

www.burmeseclassic.com



ငှင်းပုံးနှင့်ပင် သောက်ရေကိုခပ်၏။ ငှင်းပုံးနှင့် စွန့်ပစ်ရေကန်မှ ခပ်ယူသောရေတို့ကို သောက်သောအခါ နှာခေါင်းပိတ်၍ သောက်ရသည်။ ရေသည် ရွံ့နွံစော်နံနေ၏။ ထောင်တွင် သင်ကြားပေးသော သင်ခန်းစာများအနက် နှာခေါင်းကို ပိတ်၊ မျက်လုံးကိုပိတ်၍ မျိုချက အနံ့အသက်ဆိုးသည်ဟူသော အစားအသောက်မှန်သမျှ လျှော့ကနဲဝင်နိုင်ကြောင်းကို သိကြကုန်၏။

"တောက်…ဒီလောက်အနံ့ဆိုးတာကိုတောင် သောက်နိုင်တာ… အပြင်ရောက်ရင်တော့…"

နှာခေါင်းကိုပိတ်၍ ရေသောက်နေသော မင်းအောင်ကို…

"ဘာလဲ အပြင်ရောက်ရင် ချေးတုံးကို နှာခေါင်းပိတ်၊ မျက်လုံးပိတ်ပြီး…လောင်းကြေးစားကြေး လုပ်ပြီး စားမလို့လား…"

ဟု မောင်မောင်ဦးက မေးလေသော်…

"ကိုမောင်မောင်ဦးရယ် ချေးကတောင် ဒီလောက်ဆိုးမှာ မဟုတ်ဘူး… အဖတ်ကသာ မျိုချရခက်မယ်…အရည်ဆိုရင်တော့ ခက်မှာမဟုတ်ဘူး။ ခွေးတို့၊ လူတို့ ရေချိုးချထားသော အညစ်ရေကိုကြည့်ကာ လူတွေက ရေချိုးရင် သေးပေါက်ချတယ်၊ ခွေးတွေလည်း သေးပေါက်သလား မသိဘူးနော်"

ဟု မင်းအောင်ကဆိုလေသော်…

"ပေါက်ချင်လဲပေါက်ပေါ့…အရည်ပဲ တစ်ပိသာကျော်ရင် သန့်မှာပေါ့။ ဒီနေ့တော့ ပုန်းကြောင်ပြီထင်တယ်…"

တန်းစီးအဖြစ်မှ ပြုတ်ကာ အပြစ်ပေးခံရသော ဖိုးသားမှပြောလေသော်…



"ခင်ဗျားတို့က ဟုတ်တာပေါ့ ပဲစားရတာ…နိုင်ငံရေးသမားတွေက ကော်နဲ့၊ ဘောနဲ့စားရတာ…"

စစ်ခွေးတိုက်ရှိ အပြစ်ပေးခံရသူ အချင်းချင်းပင်လျှင် ၅ ည ၁၀ (က)မှ အစ နိုင်ငံရေးအကျဉ်းသားတို့ကို ကော်ကျွေးသည်။ အဝတ်အထည်ချုပ်သော ဆိုင်တို့၌ကပ်သည့် ကော်မျိုးဖြစ်သည်။ ထမင်းကို ကော်ခဲကဲ့သို့ ပြဲနေအောင် ချက်ကာ ခဲသောက်သောက်၊ စပါးလုံးဘောက်သောက်နှင့် ကျွေးခြင်းဖြစ်သည်။ တလဘောဟုခေါ်သော အရည်နှင့်တွဲ၍ စားရခြင်းဖြစ်သည်။ အခြားအခြားသော နိုင်ငံရေးပြစ်ဒဏ်နှင့် ထောင်ကျခြင်းမဟုတ်သည့် အပြစ်ဒဏ်ခံရသူတို့သည်ကား မနက်စာပဲ စားရ၏။ ထမင်းစားရ၏။ ညနေစာ တာလဘောစားရ၏။ ငါးပိ စားရ၏။ နိုင်ငံရေးအကျဉ်းသားတို့ကို စွန့်ပစ်ရေကန်မှ ရွံ့ရေကို သောက်စေ၏။ နိုင်ငံရေးသမားမဟုတ်သည့် အခြားစစ်ခွေးတိုက် အကျဉ်းသားတို့သည်ကား စစ်ခွေးတို့ သောက်သုံးသော ရေကန်မှရေကို ခပ်ယူသောက်သုံးစေသည်။ ထောင်အပြင်ရှိသော တန်းဟု ဆိုအပ်သည့် စစ်ခွေးတိုက်ပင်လျှင် နိုင်ငံရေးယုံကြည်ချက် အကျဉ်းသားတို့၏ ဘဝအခြေသည်ကား အကြမ်းတမ်းဆုံးပင် ဖြစ်ပေမည်။

ထမင်းကို နေ့ခင်း ၁၂:၀၀ နာရီတွင်ကျွေးသည်။ ဆာလွန်းသဖြင့် ထမင်းကို စားရလင့်ကစား အဆာလွန်၍ အစာမဝင်၊ ညနေ (၃) နာရီတွင် ညနေစာကျွေး၏။ လွန်ခဲ့သော နာရီပိုင်းမှသာ ထမင်းစားထားရ သည်ဖြစ်ပေရာ ဆာလောင်ခြင်းမရှိ၍ မစားနိုင်၊ တစ်ညလုံး တစ်မနက်လုံး ဗိုက်တွင် တကြုတ်ကြုတ် အူကျက်ကျက်နှင့် ဆာနေ၏။ နောက်နေ့ ၁၂:၀၀ နာရီမှ လာကျွေးသော

www.burmeseclassic.com

www.burmeseclassic.com



နံနက်စာကို ဝမ်းဗိုက်မှ အဆာလွှန်၍ လက်မခံ။ ညနေ (၃) နာရီကျော်သော ညနေစာကို စိတ်ဆန္ဒက ငြင်းပယ်။ ဤကား အကျင့်ဆိုး အကျည်းဦးစီးတို့၏ နိုင်ငံရေးသမားများအပေါ် ပညာသားပါပါနှင့် ညှင်းဆဲခြင်းပေတည်း။

မိုးသည်းလေထဲမှ ပုံစံကြီးဟူသောအသံနှင့် ဖြောင်းခနဲမြည်သံကို ကြားရ၏။ စစ်မိုးကာများနှင့် စစ်ဝတ်စုံနှင့် ဗိုလ်ကြီးတစ်ဦးနှင့် ဝါဒါများကို တွေ့ရ၏။ ထောင်မှူးများက ထီးလိုက်မိုးပေး၏။ ထီးသည် လွန်စွာကြီး၏။ တညင်းကုန်း ဂေါက်ကွင်းမှ ထီးပေလော၊ အင်းစိန်ကျူးကျော်ပုံကျဈေးမှ ထီးများပေလောဟု အောက်မေ့ရသည်။ ပခုံးထက်မှ တစ်ပွင့်နှစ်ပွင့်ရှိသော ထောင်မှူးကြီးများ မိုးရေတွေ စိုရွှဲနေ၏။ နဂိုမျက်နှာ ခပ်ဆိုးဆိုး ထောင်မှူး ဦးစံရ လူပိန်ကပ်ကပ်နှင့် မိုးရေထဲ၌ ကြွက်စုတ်အလားရှိ၏။ ထိုစစ်ဝတ်စုံနှင့် ဗိုလ်ကြီးသည် အကျဉ်းထောင်အတွင်း၌ ပြည်ထဲရေးဝန်ကြီးဌာနအောက် အကျဉ်းထောင်တွင်း၌ ရှေးခေတ်ကာလ မင်းတစ်ပါးအလား စံစားဟန်များနိုင်ခြင်းရှိပေသည်။ ဖြောင်းခနဲတစ်ချက်တည်းသာ မြည်သွားသော သံခြေချင်းသံ ဖနောင့်ကို မြှောက် ခြေဖျားထောက်၍ ခါးကိုမြေပြင်နှင့် တပြေးညီ ကွေးညွှတ်၍ လက်နှစ်ဖက်ကို နောက်စေ့တွင်တင်ကာ လေယာဉ်ပျံသဖွယ် ညီညွတ်စွာ ဖြောင့်တန်းထားသည့် အကျဉ်းသားများကိုကြည့်ကာ အံ့သြနေ၏။

အရပ်ပုပု၊ ဗိုက်ပူပူ၊ အသက် ၃၅ နှစ်ခန့်ရှိသော အသားညိုညို မျက်နှာဝိုင်းနှင့် စစ်ဗိုလ်ကြီးသည် စစ်ခွေးတိုက်ကိုကြည့်ရင်း နှာခေါင်းတရှုပ်ရှုပ် ဖြစ်နေ၏။ ထောင်ခန်းများအတွင်း ဝင်ရောက်



မွှေနှောက်သော မိုးရေစက်တို့သည် ခြောက်နေသော ဆီးဝမ်းတို့နှင့် တွေ့လေသော် ချေးခြောက်ရေရူးနံ့နံ၏။ မစင်၊ ဆီး၊ အီးတို့သည် အလွန်နံ၏။ မစင်၊ ဆီးတို့သည် ထူးခြားသော ဂုဏ်သတ္တိရှိ၏။ သူများပေါက်သော အီးသည် အလွန်နံ၏။ ကိုယ် ပေါက်သောအီး ကိုယ်မနံ၊ အနံ့ခပ်လေးလေးသာရှိသည်။ သိပ်မနံ၍ သူတစ်ပါးလည်းဒုက္ခမပေး။ သေးတို့သည်လည်း ပေါက်လျှင် ပေါက်ချင်း အနံ့မရှိ၊ တစ်မွန်းလွဲကျော်မှ အနံ့ထွက်၏။ ညနေရောက်လေသော် မခံမရပ်နိုင်အောင်ဆိုး၏။ နောက်တစ်နေ့နံနက်တွင် ခပ်ဆိုးဆိုးသာရှိ၏။ မစင်တို့သည် ပါစဉ်ခဏ အလွန်နံ၏။ ခဏကြာသော် ပူနွေးရာမှအေးကာ အနံ့ပျောက်၏။ ကြာသော် အနည်းငယ် ခြောက်ကာ ထူးခြားသောအနံ့ထွက်၏။ သို့သော် ထိုချေးခြောက်သည် ရေနှင့်တွေ့သောအခါ ချေးခြောက်ရေရူးနံ့သည် အလွန်နံ၏။ လောက်စားသောချေးသည် အနံ့မရှိ။ ချေးစားသော လောက်ကို လက်နှင့်ချေကြည့်သောအခါ အနံ့မနံ ခပ်ညှီညှီသာရှိသည်။ မိမိစွန့်သောမစင်ဆီးတို့သည်ကား ကိုယ်နှင့်ယှဉ်ပါးနေသည့်အလား အနံ့မရှိ။

စစ်ခွေးတိုက်ရှိ အခန်း (၁၀)ခန်းစလုံးမှ ချေးခြောက်ရေရူးနံ့သည်ကား ကြွရောက်လာသောသူအားလုံးတို့အား ရင်ဝမှ ဆောင့်တွန်းနေသည့်အလား အရာရှိမင်းတို့သည် ပါးစပ်ဟရန် ကြံလိုက်၊ ပြန်ပိတ်လိုက်နှင့် သောင်ပြင်ထက်မှ ငါးစင်းရိုင်းများသဖွယ် ဟစိဟစိဖြစ်နေ၏။ အလွန်အလိုက်သိသော ထောင်မှူးကြီး ဦးစံရက ဗိုလ်ကြီးခင်ဗျာ …အလွန်ရှိသေလေးစားသော [illegible] နှင့်အိတ်ထဲမှ လက်ကိုင်ပုဝါတစ်ထည် ထုတ်ပေး၏။

www.burmeseclassic.com

www.burmeseclassic.com



စစ်ဗိုလ်ကြီးသည် ရှေးကာလ ချေးကျုံးမိလ္လာကျုံး မြူလုပ်သားသဖွယ်ဖြစ်၏။ ၁၉၇၆ ဝန်းကျင်အထိ ရန်ကုန်မြို့အတွင်း မိလ္လာဇလားနှင့် မိလ္လာကျုံးသောစနစ်ရှိ၏။ ချေးပုံးဆွဲသမားသဖွယ် နှာခေါင်းကို တြိဂံပုံစံ လက်ကိုင်ပုဝါနှင့်စည်းသည်။ ထိုအခါ စစ်ဗိုလ်ကြီးသည် မိမိကိုယ်မိမိ "ဗိုလ်အောင်ဒင်"သဖွယ် ထင်မှတ်ထားပုံရသည်။

"ဦးစံရ ကျွန်တော် သူတို့ကို စကားနည်းနည်းပြောမယ်"

"ဟုတ်ကဲ့ ဗိုလ်ကြီး...ပုံစံ..."

ပြောင်းခနဲအသံနှင့်အတူ တင်ပျဉ်ခွေထိုင်၊ ခါးညွတ် လက်နှစ်ဖက်ရှေ့ကိုချ၍ ပုံစံထိုင်၏။ အေးစေဟု ခေါ်လေသော် အားလုံး ဒူးပေါ် လက်သီးဆုပ်၍ ပုံစံပြောင်းထိုင်ရ၏။

"မင်းတို့ကို အခုစကားပြောမှာက...ထောင်ကိုပြောင်းလာတဲ့ အထူးအရာရှိ ဗိုလ်ကြီးဖြစ်တယ်"

အားလုံးငြိမ်သက်နေ၏။ ပဝါနောက်မှ ခပ်အက်အက်သံ ထွက်လာ၏။

"အားလုံးကောင်းကောင်းနေ..ကျုပ်လက်ထက်မှာ ပြဿနာလုံးဝမလိုချင်ဘူး...ဟို ထောင်ဖောက်ပြေးဖို့ကြံ... ရဲဘက်ပြေးဖို့ကြံစည်လို့မရဘူး။ သပိတ်မှောက်ဖို့လည်း မကြိုးစားနဲ့"

စစ်ခွေးတိုက်မှ အကျဉ်းသားတို့ကို လက်ညှိုးနှင့်ထိုးကာ

"ဒီထောင်ကလွတ်တယ်ဆိုတာ ငါတို့စစ်တပ်က လွှတ်ပေးမှရမယ်ဆိုတာ မှတ်ထား..."

□ □ □

# လူပေါင်းများသောည

အင်းစိန်ထောင်ကြီးသည် နေ့စဉ်နှင့်အမျှ အကျဉ်းသားများ ဝင်ထွက်မစဲ တသဲသဲရှိ၏။ ထောင်သို့ဝင်သော သူများသည်ကား အချုပ်နှင့်ဝင်သောသူနှင့် ထောင်ကျ၍ဝင်သောသူ နှစ်မျိုးရှိသည်။ အမှုရင်ဆိုင်ဆဲထောင်တွင် ဖမ်းဆီးချုပ်နှောင်ထားသောသူတို့ကို အချုပ်သားများဟုခေါ်သည်။ အမျိုးသားတို့သည် အမျိုးသားအချုပ်ဆောင်တွင်နေရသည်။ အမျိုးသမီးအချုပ်ဆောင်များလည်းရှိ၏။ အမျိုးသမီးများသည် မိန်းမထောင် အချုပ်ဆောင်တွင်နေရ၏။ အပြစ်ဒဏ်ကျခံရသော အမျိုးသားများသည် အမျိုးသားအကျဆောင်၊ အကျတိုက်၊ အမျိုးသမီးများသည်လည်း အမျိုးသမီးအကျဆောင်၊ အကျတိုက်တွင်နေ၏။ အချုပ်ကျသော အမျိုးသား၊ အမျိုးသမီးတို့သည် နှစ်သက်သလို အရောင်စုံဝတ်ဆင်ခွင့်ရှိသည်။ ထိုကာလတွင် ထောင်ကျများသည်ကား ပုံစံဝတ်ရသည်။ ပုံစံသည်ကား အထက်ဖြူ၊ အောက်ဖြူဖြစ်သည်။ ဤကား ထောင်တွင်နေထိုင်သော အချုပ်သားနှင့် အကျဉ်းသားဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အင်းစိန်ထောင်တွင် နေ့စဉ်လမ်းကြောင်းကားဟုခေါ်သော အချုပ်ကားရှိသည်။ အပြာရောင်ကားကြီးများဖြစ်သည်။ အလုံကာ၍ သံတိုင်များနှင့်ဖြစ်သည်။ ထောင်ကားအပြာကြီးကို ကြည့်မည်ဆိုက ရှေ့ခေါင်းခန်းတွင် ယာဉ်မောင်းနှင့် လမ်းကြောင်း ရဲတာဝန်ခံ၊ နောက်ဘက်တွင် အချုပ်ကားအတွင်းတွင် နှစ်ပိုင်းရှိသည်။ ရှေ့ခြမ်းက ယောကျ်ားများအတွက်ဖြစ်၍ အတက်အဆင်း နောက်ဘက်အတိုလေးသည်ကား အမျိုးသမီးများအတွက်ဖြစ်၏။ ရန်ကုန်မြို့နယ်အသီးသီးတွင် အမှုချိန်း၊ ရက်ချိန်းရှိက ကိုယ်ရုံးထွက်ရာသို့ လမ်းကြောင်းကားနှင့် လိုက်ပါရသည်။ သတ်မှတ်ထားသော ရုံးများသို့ကားဆိုက်ရောက်သောအခါ မြို့နယ်၊ တရားရုံးအသီးသီးတွင်ထားရှိသော အချုပ်ခန်းများသို့ ပြောင်းလဲချုပ်နှောင်၏။ ရုံးထုတ်ရန်အလှည့်ကျသောအခါ သက်ဆိုင်ရာတရားသူကြီးထိုင်ရာ ရုံးခန်းသို့ဝင်ရောက်ကာ မေးမြန်းစစ်ဆေးစီရင်မှုကို ခံယူရသည်။ ဤသို့ဆောင်ရွက်ခြင်းကို ရုံးထုတ်သည်ဟုခေါ်သည်။ ရုံးထုတ်သောအခါ (၇)ရက်တစ်ကြိမ် ရုံးထုတ်ခြင်းကို ရမန်လေးဟုခေါ်၍ (၁၄)ရက်တစ်ကြိမ် ရုံးထုတ်ခြင်းကို ရမန်ကြီးဟု ခေါ်သည်။ ဤခေတ်ကာလမှ အချုပ်သားများသည် (၁၄)ရက်တစ်ကြိမ် ရမန်ကြီးနှင့်ရုံးထွက်ရသည်က များ၏။ ပုံမှန်ရုံးထွက်သောအခါ လက်ထိပ်နှင့်ထွက်ရ၏။ အဝတ်အစားကို သပ်ရပ်စွာနှစ်သက်သလို ဝတ်ဆင်ခွင့်ရှိသည်။

အပြစ်ဒဏ်တစ်ခုနှင့် ထောင်ကျပြီးသည့်နောက်တွင် နောက်တစ်ခြားအပြစ်တစ်ခုနှင့် အစစ်ဆေးခံရန် ရုံးထွက်ရသူလည်း ရှိ၏။ ထိုသို့ အပြစ်ဒဏ်ကျရှုံးသူ ရုံးထွက်သောအခါ ထောင်ကျဝတ်စုံ



ဝတ်၍ ခြေထောက်တွင် ခြေချင်းခတ်ခံရသည်။ လက်ထိပ်လည်း ပါသည်။ လမ်းကြောင်းကားပေါ်တွင် ရုံးထွက်သည့်အကျဉ်းသားနှင့် အချုပ်သားဟူ၍ နှစ်မျိုးပါ၏။ အရေအတွက် တိကျစွာနှင့် ရုံးထွက် ၏။ အရေအတွက် တိကျစွာနှင့်ပင် ထောင်သို့ပြန်ရ၏။ ထောင်နှင့် ရုံးအကြား သွားလာစဉ် ထွက်ပြေးလွတ်မြောက်ခြင်း မရှိအောင် ထိန်းချုပ်၏။ အချို့သောသူများသည် တရားရုံးမှ အာမခံရသော် ထောင်သို့ပြန်၍ အဝင်ပြပြီးမှ ပြန်ထွက်ရသည်။ ထိုသို့ ပြန်မဝင်လိုက လမ်းကြောင်းကားတွင် လိုင်းဝင်၍ သက်ဆိုင်ရာမြို့နယ် တရားရုံးမှ စခန်းရုံးတို့နှင့် ပူးပေါင်းကာ လမ်းကြောင်းကားပေါ် ပြန်မတက်ဘဲ ကိုယ်နည်းကိုယ့်ဟန်နှင့် ထောင်မှအာမခံအထွက် စာရင်းယူ၏။ လမ်းကြောင်းကားနှင့် ထောင်မှထွက်သည့်အချိန်မှ စ၍ လိုင်းဝင်လာဘ်ပေးကာ ကားပေါ်တွင် အနေချောင်အောင် ပြု၏။

တရားရုံးရောက်သော် နားလည်မှုယူကာ ငွေပေး၍ လက်ထိပ်ဖြုတ်ကာ မိသားစုနှင့်ဆုံကာ ထမင်းစား၊ မုန့်စား၏။ ရုံးမင်းရှေ့ဝင်ရန် အဝတ်လဲ၏။ ရုံးထုတ်၏။ အမှုလိုက်သော ရှေ့နေများက ပိုင်ရင်ပိုင်သလို လျှင်ရင်လျှင်သလို အစားချောင် အနေချောင်၏။ ဤသို့နှင့် ရုံးထုတ်သောသူတို့ စစ်ဆေးရေး ဆောင်ရွက်ပြီးနောက် ထောင်ကားပြာကြီးနှင့် အင်းစိန်ထောင်သို့ ပြန်ရ၏။ ထောင်သို့ ရောက်သော် လူဦးရေကို စနစ်တကျ ရေတွက်ကာ ဗူးဝ၊ မိန်းဂျေးတို့မှ အဆင့်ဆင့်ဖြတ်သန်းကာ အဆောင်များသို့ ပြန်ရ၏။ စစ်ကြောရေးနှင့်ထောင်မှ အပြင်သို့ထုတ်သောသူများလည်း ရှိသည်။ ဤကား နိုင်ငံရေးသမား အများစုဖြစ်သည်။ ထောင်တွင်း၌

www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေးသည်လည်းရှိ၏။ ထောင်ပြင်သို့ စစ်ကြောရေးထုတ်သူများလည်း ရှိ၏။ ထောင်ကျအချို့သည် အပြင်သို့ထွက်ကာ အလုပ်ထွက်လုပ်ရသည်။ ထိုသူတို့အား အပြင်ဘုတ်ဟုခေါ်၏။ နံနက်ထွက်၍ ညနေတွင် ပြန်ဝင်ရ၏။ ထောင်တွင်ရှိသောသူတို့အား စာရင်းထားရှိ၍ ထောင်မှထွက်သော လူဦးရေကို နုတ်၍ ထောင်ထဲသို့ပြန်ဝင်လာသော လူဦးရေကိုပေါင်း၏။ နေ့စဉ် ဈေးဆိုင်တစ်ခု၏ ဝင်ငွေထွက်ငွေအလား စာရင်းဇယား ကျနစွာထား၏။ ထောင်တွင် အဆောင်ပိတ်ချိန်နှင့် ထောင်ပိတ်ချိန် နှစ်ပိုင်းထားသည်။ ညနေ (၅)နာရီတွင် အပြင်တွင်ရှိနေသူများအား အထဲသို့သွင်း၏။ (၆)နာရီအချိန်တွင် အဆောင်ပိတ်၏။ ညနေ (၆)နာရီသည်ကား နေ့ဆိုင်း၊ ညဆိုင်းဝန်ထမ်းများ ဂျူတီချိန်းချိန်လည်းဖြစ်၏။ ""ထိုင်ထားမယ်...ပုံစံ"" ဟူသော အသံများသည် ညနေ (၅)နာရီကျော်မှ (၆)နာရီမတိုင်ခင် ထောင်တွင်းတစ်ခုလုံး ဆူညံနေ၏။ အခန်းတွင်ရှိသောသူများကို ရေတွက်သည်။

""ထိုင်ထားမယ် ...""

ဝါဒါကျော်ဦးပြောသည်ကို မည်သူကမျှ ဂရုမစိုက်၊ နေသာသလိုနေကြ၏။

""ရော့... ကိုကျော်ဦး...ဒါ ကျွန်တော့်မီးခြစ် ဂက်ဖြည့်ခဲ့"

...ဟူသော ကိုမြအေး၏အသံ...

"မနက်ဖြန်လာရင် တပီလာ ဆွဲခဲ့ဦး"

ဘကြီးအောင်၏ အသံဖြစ်သည်။ တပီလာဆိုသည်မှာ ကရင်စကားနှင့် ကွမ်းယာကို ဆိုလိုခြင်းဖြစ်သည်။



ဝါဒါကိုကျော်ဦးသည်ကား စစ်ဖိနပ်တစ်ဖက်ကိုစီး၍ အခြားတစ်ဖက်တွင် ခြေအိတ်စွပ်ကာ ဟိုပြေး၊ ဒီပြေးခေါင်းတောက်နေ၏။ ဖိနပ်တစ်ဖက်သာရှိပြီး အခြားတစ်ဖက်ပျောက်နေ၏။ လူငယ်များဖြစ်သော ရန်မျိုးသိန်း၊ ဝင်းသိန်းနှင့် ရင်ထွေးတို့သည် အခန်းထဲတွင် ပြုံးစိစိနှင့်ထိုင်နေ၏။

"ငါပြန်ချင်ပြီ ရန်ကြီးရာ...ငါ့ဖိနပ်ပေး"

အထာသိသော ကိုကျော်ဦးက ပြော၏။

"ဟာ ဘာဆိုင်လို့လဲ ကိုကျော်ဦးကလည်း ဝင်ရှာလေ...တလာဝင်စီလေ"

"ငါသော့ ပြန်အပ်ရမှာ...ဖိနပ်မရှိလို့ ရုံးခန်းတောင် မသွားနိုင်သေးဘူး""

ဟုပြော၏။

"ဟာ...ကိုကျော်ဦး...ခင်ဗျားဖိနပ်က ဒီရောက်နေတယ်"

ဟု ကိုတင်ဆန်း အော်သံဖြစ်သည်။

"မနက်ဖြန်ဆေးလိပ်ရမယ်ကွာ"

"ရုပ်ကိုကြည့် နွားသောက်မယ့်ရုပ်မဟုတ်ဘူး..."

ရင်ထွေး၏အသံ..။

""အေးပါ နှင်းဆီရင်ထွေးရဲ့...ငါ နှင်းဆီယူလာပါ့မယ်"

ဤသို့နှင့် ဝင်းသိန်းက ကွမ်း၊ ရန်ကြီးက အချဉ်ထုတ်၊ ရင်ထွေးက ဆေးလိပ်နှင့် အပေးအယူဈေးတည့်ကာ ဝှက်ထားသော ဖိနပ်အားပေးနေစဉ် ထောင်မှူးဦးထွန်းထွန်းရောက်လာ၏။

"ဟော့ကောင် ကျော်ဦး လူရေလေ၊ သော့အပ်တော့"

www.burmeseclassic.com

www.burmeseclassic.com



(၁)ခန်းသို့သွားကာ ကိုအောင်ဒင်၊ (၂)ခန်း အီစမန် ဒါ၀တ် ဂျင်း၀ါးလား၊ Dr မောင်မောင်ကျော် (၃)ခန်းက မင်းဇေယျာ···(၄)၊ (၅) အစရှိသဖြင့် (၁)တိုက် တစ်တိုက်လုံးကို လှူရေနေ၏။

'ဘယ်သူက ထွက်ပြေးမှာလဲ၊ အပြင်ထွက်ပြေးမှာကျနေတာပဲ'

ဤကား ညနေတိုင်း လူရေတွက်ခြင်းဖြစ်၏။ ရေတွက်သောအခါ တိုက်တွင်တိုက်အခန်းလိုက် သတ်မှတ်ထားသော အကျဉ်းသားလူဦးရေရှိလေသော် လူပေါင်းမှန်သည်ဟုဆိုသည်။ သတ်မှတ်ထားသော လူဦးရေမရှိ၍ နည်းနေသော်လည်းကောင်း၊ များနေသော်လည်းကောင်း လူဦးရေအရေအတွက် မှားလေသော် လူပေါင်းမှားသည်ဟု ဆို၏။ ထောင်တွင်ရှိသော လူဦးရေပြည့်မှသာ ထောင်ပိတ်ခေါင်းလောင်းထိုးသည်။ ထောင်အစဉ်အလာအရ ထောင်ပိတ်သည့်အချိန်ထိ ပုံစံထိုင် ထိုင်ရသည်။ စကားပြောခြင်း၊ ဆေးလိပ်သောက်ခြင်းမပြုရ။ ထောင်ပိတ်ပြီးကာမှ သက်သာအေးဆေးစွာနေရသည်။ ထောင်ပိတ်လျှင်ပိတ်ချင်း ဦးစွာ၀တ်ပြုကြရသည်။ (၇)နာရီခွဲ အချိန်လောက်တွင် ၀တ်တက်၍ပြီး၏။ အသီးသီးအိပ်ဆောင်တိုက်များတွင် ထောင်၏ညနေခင်းကို သီချင်းဆို၍လည်းကောင်း၊ စကားပြော၍တစ်ဖုံ ကုန်ဆုံး၍ (၉) နာရီညအိပ်ချိန်ပေးသောအခါ လှဲအိပ်ကြရသည်။

'ဟာ···ကိုဖက်တီး'

ညနေဆိုင်းဖြစ်သော ဖက်တီးခင်မောင်အေး ရောက်လာကာ 'ထိုင်ထားမယ်···'



ခါတိုင်းလို ပြုံးပြုံးရွှင်ရွှင်မရှိဘဲ ရှုံ့တွနေ၏။ (၁)ခန်းမှစ၍ (၁)ကိုအောင်ဒင်၊ (၂) အီစမန်ဒါ၀တ်ဂျင်ဝါးလား၊ Dr မောင်မောင်ကျော်၊ (၃)က မင်းဇေယျာ···(၄) နှင့် (၅)ကိုရောက်လေသော်

'ဖက်တီး ဘာဖြစ်နေတာလဲ'

ဟု စံ-ဇာဏီဘိုက မေးလေသော်

'ဟိုဘက်တိုက်မှာ ကွိုင်တက်နေတယ်···အခုထိတောင်ပိတ်လို့မရသေးဘူး···ရော့···မီးခြစ်ယူထားဆေးလိပ်၊ ဆေးလိပ်ဖွာ၊ နောက်ပြန်လာလို့ ရချင်မှရမှာ'

ဟုပြောကာ စံ-ဇာဏီဘိုအားပေး၏။ ···အခန်းများကိုဆက်လက်ရေတွက်ကာ··ထွက်သွား၏။ စံ-ဇာဏီဘိုသည် ရှေ့တံခါးတိုင်ကြားမှ လက်ကို လျှိုထုတ်၍ အပြင်တွင်ရှိသောသောက်ရေအိုးပေါ်မှ ရေခွက်ကိုယူ၍ ကိုင်းကိုကိုင်ကာ အ၀ကိုပါးစပ်နှင့်အပ်ကာ 'ဟယ်လို···ဟယ်လို···တက်စတီ' ဟု အစချီကာ ···'တောက်···တောက်···တောက်နှင့် အော်ဟစ်၏။ ပလစ်စတစ်ခွက်အတွင်း ပါးစပ်တေ့၍အော်သော် မှော်ရုံမှစပီကာသံထွက်၏။ ဤသို့တစ်စုံတစ်ရာ သတင်းပေးလိုသော် ရေခွက်မိုက်နှင့်ပြော၏။ သီချင်းဆိုလျှင်လည်း ဤပလတ်စတစ်မိုက်နှင့်အပ်ကာဆို၏။ (၁) တိုက်နှင့် (၂)တိုက်ကြားမှ သရက်ပင်ပေါ်တွင်ကျီးကန်းများ အိပ်တန်းတက်စဉ် တအာအာနှင့် ထိုကျီးကန်းအသံကိုကျော်၍

"ဟယ် လို···ဟယ်လို···တောက် တောက်··· ဒီနေ့ညနေကျင်းပမယ့် တေးဂီတဖျော်ဖြေရေးပွဲကို အကြောင်းအမျိုးမျိုးနဲ့ ရွှေ့ဆိုင်းရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုမိုက်ခဲ ကိုဗိုက်ခွဲအသံနှင့် ခပ်ညစ်ညစ်ပြောလေသော်

"ဘာကြောင့် နောက်ဆုတ်ရတာလဲ"

ဘကြီးအောင်က ထပြော၏။ ဒီနေ့ည ဖျော်ဖြေရေးပွဲတွင် သူ၏ မနှင်းဆီ သီချင်းကိုလည်းကောင်း၊ မြိုင်ထ သီချင်းကိုလည်းကောင်း အားခဲထားရာ ပွဲစဉ်ပျက်သဖြင့် မာန်မဲတော့၏။

"စိတ်လျှော့ပါ ဘကြီးအောင်၊ လူပေါင်းများလို့ ခုချိန်ထိ ထောင်မပိတ်ရသေးဘူး။ ထောင်မပိတ်ဘဲ သီချင်းဆိုရင် ထုတ်ရိုက်ခံရပါလိမ့်မယ်"

ဤကား ရေခွက်နှင့် ပါးစပ်အပ်ကာ လှမ်းပြောသော ရန်မျိုးသိန်း၏အသံ . . .။

"ဟယ်လို ကိုကျော်ဦး ... ဟိုင်း ကိုကျော်ဦး မပြန်ရသေးဘူးလား . . . ဟား ဟား"

ထောင်ပိတ်၍မရသောကြောင့် ထောင်မှ နေ့တာဝန်ခံတို့ အပြင်သို့ ပြန်ထွက်၍မရ။

"ဟာ . . . လူပေါင်းများလို့ကွာ . . . အပြင်ပြန်ထွက်လို့ရမှာ မဟုတ်ဘူး။ ပုန်းကြောင်တော့မယ် . . . ဗိုက်ဆာလိုက်တာကွာ"

"ဒီလိုမပြောနဲ့ ... လာ ဘော်ဒါကဏ္ဍာရှိတယ်။ ရော့ . . ."

ရန်ကြီးက ရေချိုးခွက်လှမ်းပေး၏။ ဘေးအနားပါသော ရေချိုးခွက်သည် ရေချိုးသောအခါ၌လည်းကောင်း၊ ထမင်းစားသောအခါ၌လည်းကောင်း သုံး၏။ တင်ဆန်းက ညဘက်စားရန် ချန်ထားသော ထမင်းကို ခွက်ထဲထည့်ပေး၏။ တစ်ခန်းမှ ငပိကြော်၊ အခြားအခန်းများမှ ငံပြာရည်ကြော်၊ သရက်သီးသနပ်များကို ခွက်ကိုင်၍ အလှူခံနေသော ကိုကျော်ဦးအား ဝိုင်းပေးလိုက်ကြ၏။



"(၄) ဆောင်မှာကွာ . . . ဘောကြီးလှမြင့်လည်း ခေါင်းမီးတောက်နေပြီ။ ဦးစံရလည်း . . . တအစ်အစ်ဖြစ်နေပြီ။ တိုက်ဝင်းထဲကတော့ အိုကေ၊ (၅)ဆောင်မှာဖြစ်နေတာ။ အခြေအနေ မကောင်းဘူး။ အဆောင်တိုင်း ပုံစံထိုင်နေရတယ်။ (၃) တိုက်နဲ့ (၄) တိုက်မှာလည်း ပုံစံမဖြုတ်သေးဘူး။ (၅) တိုက်နဲ့ (၆) တိုက်မှာလည်း ထိုင်နေရတယ်။ ကြိုးတိုက်လည်း ထိုင်နေရတယ်"

မည်မျှဆာနေမှန်းမသိ ထမင်းကို ပလုတ်ပလောင်းစားကာ လက်ဆေး၍ ဘောင်းဘီနဲ့လက်သုတ်ကာ နံပါတ်တုတ်ကိုင်၍ ဦးထုပ်ဆောင်းကာ ထွက်သွားပြန်၏။ ထိုစဉ် . . .

"အားလုံး ထိုင်ထား ထိုင်ထားမယ် . . ."

ခွေးများတအူအူ တအုံးအုံးဟောင်၏။ ထောင်တာဝန်ခံအရာရှိ ဗိုလ်ကြီးမြဝင်းသည် စစ်ဝတ်စုံအပြည့်နှင့် ထောင်မှူးများ၊ အခုံအရံများနှင့်လှည့်လည်၍ စစ်ဆေးကာ လူရေတွက်၏။ ထိုအချိန်တွင် အားလုံးပုံစံထိုင်နေကြသည်။ နေ့တာဝန်ကျ ဝါဒါများသည်လည်း သူတို့ပြင်ပသို့ ပြန်မထွက်ရ၍ စိတ်တိုနေကြ၏။ ညစောင့်ဝါဒါများသည်လည်း အာဘေး ဆာဘေးနှင့် ထောင်ပိတ်၍ လဲလျောင်းကာ စိမ်ယူရန် ခွင့်မသာ၍ ဒေါသအမျက်ထွက်၏။ တာဝန်ခံနှင့် ထောင်မှူးများသည်လည်း ထောင်ပိတ်ချိန် လူ (၁)ဦး လိုနေ၍ လွန်စွာခက်နေ၏။

"ထိုင်ထားမယ် . . ."

www.burmeseclassic.com

www.burmeseclassic.com



လူများကို ပြန်လည်စစ်ဆေး၏။ (၅) ဆောင်၌ မြင့်အောင် ပျောက်နေတယ်ဟု (၉)နာရီလောက်တွင် သိရသည်။

"ရုံးထွက်စာရင်းပြထားတယ်။ ရုံးဝင်စာရင်းမှာ ပါမလာတော့ဘူး။ မြင့်ဦးဆိုတာ NLD က ပုဇွန်တောင် လူငယ်အဖွဲ့တာဝန်ခံ"

သုံးရောင်ခြယ် ဝင်းသိန်းမှ ပြော၏။

ထိုအခါ တဟုန်းဟုန်းအသံနှင့် စစ်ခွေးများ၊ ဝါဒါများ ရောက်ရှိလာသည်။ ထောင်ချောင်ကြို ချောင်ကြားမကျန်အောင် စစ်ခွေးများနှင့် လိုက်ရှာသည်။ ထောင်မှထွက်ပြေးသူတစ်ဦးရှိပြီး ထောင်အတွင်းတွင် ပုန်းအောင်းနေမည်ဟု ယူဆသည်။ ထောင်အနှံ့လိုက်လံရှာဖွေသည်။ ဤသို့ဖြင့် ထိုင်ထားမည်ဟုပြောလိုက်... လူရေတွက်တိုက်နှင့် ည (၁၂)နာရီကျော်နေသည့်တိုင် အိပ်ချိန်မပေးတော့။ တစ်ထောင်လုံးရှိ ဝန်ထမ်းများ လိုက်ရှာကြ၏။ ဤကား အင်းစိန်ထောင်သမိုင်း၌ ပထမဦးဆုံး လူတစ်ယောက် ပျောက်ဆုံးခြင်းတည်း။

□ □ □

## ထောင်နန်းဘုံမှ ထွက်ပြေးသူ

အင်းစိန်ထောင်မှ ထွက်ပြေး လွတ်မြောက်သွားသောကိုမြင့်အောင်သည် ပုဇွန်တောင်မြို့နယ် NLD လူငယ် ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ အင်းစိန်ထောင်သမိုင်း၌ ကိုးတံခါးနှင့် စီရင်ထားသော ဤထောင်မှ လွတ်မြောက်မည့်သူ မရှိစေရဟု တထစ်ချ မှတ်ယူထားချက်အပေါ် အပြီးတိုင်ချေဖျက်ခဲ့သောသူ ဖြစ်သည်။ ထောင်အမှုထမ်း ဝါဒါဝတ်စုံကို ခိုးယူဝတ်ဆင်၍ ထွက်ပြေးသော ရွှေဒင်္ဂါးမင်းအောင်၊ မော်တော်ကားအိတ်ဇောပိုက်ကိုဖက်၍ မြောက်ကိုရီးယားနည်းနှင့် ထောင်မှပြေးရန် ကြံရွယ်သော မြင့်ဦးကဲ့သို့ မအောင်မြင်သော ထောင်ပြေးစွန့်စားခြင်းလည်းမဟုတ်။ ပွင့်နေသော တံခါးများမှ ပုဆိုးနှင့်တိုက်ပုံကိုဝတ်လျက် အသာအယာ လမ်းလျှောက် ထွက်သွားခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၉ ဇူလိုင်လတွင် စစ်အုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့အစည်းတို့က နိုင်ငံရေးလှုပ်ရှားမှု အမျိုးမျိုးတို့အပေါ် ဖိနှိပ်ဖြိုခွဲကာ ဖမ်းဆီးချုပ်နှောင်ခြင်းတို့ကို သုံးခဲ့ရာ အင်းစိန်ထောင်တွင် နိုင်ငံရေးနှင့်ဆက်နွယ်သော အချုပ်အနှောင်ခံရသူများ လွန်စွာများလာသည်။ ဖမ်းဆီးချုပ်နှောင်ခံထားရသော သူတို့အား လာရောက်စစ်ကြောမေးမြန်းသော MI စစ်ထောက် လှမ်းရေးများ၊ S.B အထူးရဲတပ်ဖွဲ့ဝင်များ၊ အခါအားလျော်စွာ ထောင်တွင်းသို့ ခေါ်ယူကာ ရမန်ထုတ်ပေးသော တရားသူကြီးများနှင့် အယူခံအတွက် ဆောင်ရွက်နေသော ရှေ့နေများ ထောင်တွင် လူဝင်လူထွက်များလာသည်။

ထိုခေတ်ကာလ ထောင်ဝန်ထမ်းတို့သည် ထောက်လှမ်းရေးတို့အား အတော်အလေးပေး၍ ဆက်ဆံသည်။ ထောက်လှမ်းရေးဆိုက မည်သည့်အဆင့်မှန်းမသိ‥ဟုတ်ကဲ့ ဗိုလ်မှူး…ဟုတ်ကဲ့ဗိုလ်မှူးဟူ၍ တလေးတစားပြုသည်။ S.B အထူးရဲတပ်ဖွဲ့မှဆိုကလည်း ဟုတ်ကဲ့ဆရာ‥ဟုတ်ကဲ့ဆရာနှင့် အလေးထားဆက်ဆံသည်။ ထိုခေတ်ကာလက အဘခေတ်မဟုတ်သေး။ ဆရာခေတ်၊ ဗိုလ်မှူးခေတ်ဖြစ်သည်။ စစ်အုပ်ချုပ်ရေးအောက်၌ စစ်ထောက်လှမ်းရေး M.I သည် လွန်စွာတန်ခိုးထက်သည်။ စစ်ထောက်လှမ်းရေးမှသူများ၊ အထူးရဲတပ်ဖွဲ့မှ သူများသည် သက်ဆိုင်ရာဝတ်စုံတို့ကို ဝတ်ဆင်ခြင်းမရှိ (uniform) ယူနီဖောင်းဝတ်က ရာထူးမှန်ကိုသိနိုင်သည်။ လက်မောင်းမှ တစ်ရစ်နှစ်ရစ်လား၊ ကြယ်ပွင့်တစ်ပွင့်၊ နှစ်ပွင့်လား၊ အခွေတွေနဲ့လား၊ ရာထူးကိုသိကာ ဆရာကြီး၊ ဗိုလ်ကြီးဟူ၍ ခေါ်ခံရခြင်းထက် ဗိုလ်မှူးဟုထင်ယောင်ထင်မှား အခေါ်ခံရခြင်းကို လိုလားပုံရသည်။ အထူးရဲတပ်ဖွဲ့ S.B မှ ပုဂ္ဂိုလ်များသည်လည်း ဤသို့ပင်ဖြစ်သည်။



ရဲဝတ်စုံ တစ်ရစ်နှစ်ရစ်နှင့်ဆိုက သက်ဆိုင်ရာ uniform ယူနီဖောင်းဝတ်က မိမိအဆင့်နှင့်ညီသော အမည်ကိုသာ ခေါ်ခံရသည်။ S.B ယူနီဖောင်းသည် အ·က·စ ထောင်ဝန်ထမ်း ဝတ်စုံနှင့်ကွာလှသည်မဟုတ်။ S.B ကလည်း မိမိကို M.I ဟု အထင်ခံရလျှင် မနည်း၊ M.I ကလည်း မိမိကို ဗိုလ်မှူးဟုခေါ်လျှင် အသားယူ၊ ဤအကြောင်းအရာများကို အခြေပြု၍ အကျဉ်းထောင် ဝန်ထမ်းများက အလေးပြု၍ ဗိုလ်မှူးဟုခေါ်ခြင်းကို အသားယူကာ ဌာနဆိုင်ရာ ယူနီဖောင်းတို့ကို မဝတ်ဘဲ ပုဆိုး၊ စပို့ရှပ်အင်္ကျီနှင့်သော်လည်းကောင်း၊ ပုဆိုး လည်ကတုံး တိုက်ပုံနှင့်သော်လည်းကောင်း၊ အင်းစိန်ထောင်ဝန်းအတွင်း စစ်ကြောရေးဆင်းလေသတည်း။

၁၉၈၈ ကာလ ထောင်ဆူပူမှုတွင် အဆောင်အချို့ မီးလောင်ပျက်စီးခဲ့သည်။ ပြန်လည်မွမ်းမံ ပြင်ဆင်၍ အရေးအခင်းအပြီးထောင်တို့ကို ပြန်လည်ဖွင့်ရာ၌ ယခင် နှစ်ထပ်အဆောင်ဖြစ်ခဲ့သော (၅)ဆောင်သည် ယခုတစ်ထပ်ဆောင်အဖြစ်သာရှိသည်။ ၁၉၈၉ ဇူလိုင်လ (၂၀)ရက်နေ့တွင် ထို(၅)ဆောင်ကို စတင်ဖွင့်လှစ်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျဉ်းစံအဖြစ် ဖမ်းဆီးချုပ်နှောင်ကာ တက္ကသိုလ်ရိပ်သာလမ်း ဒေါ်အောင်ဆန်းစုကြည်နေအိမ်ခြံဝင်းအတွင်းရှိ လူ (၄၀) ကို (၅) ဆောင်မှာ စု၍ထားသည်။ အယောက် (၄၀) ကို (၂) ခန်း ခွဲ၍ထားသည်။ (၁) ခန်းကို အယောက် ရာချီအောင်ထားနိုင်ပေရာ အယောက် (၂၀) ခန် နေရခြင်းသည်ကား ချောင်ချိလှသည်။ ခင်းထားသော ဖျာခင်းသည် ပြောင်၍နေသည်။ နံရံတို့သည် သဘော်ဆေးနှင့်သင်းသင်း၊

www.burmeseclassic.com

www.burmeseclassic.com



ပေါလစ်တပြောင်ပြောင်နှင့် ဖျာအသစ်တွေရှိ၍ (၅)ဆောင်သည် နိုင်ငံရေးအကျဉ်းသားများအတွက် နေချင်စရာ ထောင်နန်းဘုံတစ်ခု ဖြစ်လေတော့သည်။

လူတို့သည် တစ်စတစ်စ များလာပေရာ (၅)ဆောင်သည်လည်း လူစည်ကားရာအဆောင်ဖြစ်လာတော့သည်။ ဖမ်းဆီးထားသော လူအချို့ကို ထောင်တွင်း၌ စစ်ကြောရေးထုတ်သည်။ ဂါတ်ကြီးဘက်တွင်လည်း စစ်ကြောရေးထုတ်သည်။ ဆက်လက်ထိန်းသိမ်းသောသူများအား ၁၀(က)နှင့်ပြောင်းကာ ထိန်းသိမ်းသည်။ တချို့ကို ၅(ည)ပုဒ်မနှင့် ရုံးထုတ်သည်။ ဇူလိုင်နောက်ပိုင်းတွင်ကား စစ်ခုံရုံးသို့ပို့သူများ များပြားလာသည်။ (၅)ဆောင်တွင် ပုဇွန်တောင် NLD ခေါင်းဆောင် ကိုမြင့်အောင်သည် ရုံးထုတ်၍ တရားခွင်တွင် စစ်ခံနေရသူဖြစ်သည်။ (၁၄)ရက်တစ်ခါ ရုံးထွက်ရသည်။

"ကိုမော်ကြီး ဘာမှာဦးမလဲ .. ဒီနေ့ရုံးထွက်ရှိတယ်"

ကိုမြင့်အောင်က အခန်းတံခါးဝမှလှမ်းမေးသည်။ ကိုမော်ကြီးသည် ခြံဝင်းအတွင်း လူငယ်များကို ထိန်းသိမ်းအုပ်စီးရသူဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်ကို အနီးကပ်စောင့်ရှောက်သူဖြစ်သည်။ နာမည်ရင်း မော်မင်းလွင်ကို "ကိုမော်ကြီး" ဟု အခေါ်များသည်။ ကိုမော်ကြီးနံဘေးမှ အဘိုးလေး ကိုမြင့်စိုးက

"ကိုမြင့်အောင် .. တယ်ရှိုင်းနေပါလား"

ထကာပြောလေသည်။ အဖိုးလေးမြင့်စိုး ပြောရင်လည်းပြောစရာ ပလေကပ်ပုဆိုး၊ လည်ကတုံးအင်္ကျီနှင့် အတော်ဟန်ကျသည်။ တိုက်ပုံကိုလည်း ရှေးခေတ်ကာလ ဘိုင်စကုတ်မင်းသား ကောလိပ်



ဂျင်နေဝင်း၊ တွံတေးသိန်းတန်တို့နှယ် တိုက်ပုံကိုခေါက်လျက်သား လက်နှင့်ပိုက်ကာ

"အောင်မာ တယ်ဟုတ်ပါလား ဝါးတီးဂျက်ကက်တွေနဲ့"

တစ်ခုသော ၁၉၈၀ ကျော်ကာလများ ရောက်လေသော် တိုက်ပုံအင်္ကျီကို အလှူမင်္ဂလာပွဲနေ့၊ ပွဲထိုင်များတွင် ဝတ်ကြ၍ စားပွဲသောက်ပွဲတွင်ဝတ်သော အဝတ်ဟု သတ်မှတ်ကာ အစားအသောက်ကို ဝါးတီးဟုခေါ်ကာ အပေါ်အင်္ကျီကို ဂျက်ကက်ဟု ခေါ်ရာမှ ဝါးတီးဂျက်ကတ်ဟူ၍ တိုက်ပုံကို ခေါ်ဆိုခြင်း ဖြစ်သည်။

"ချုပ်ခွာလုပ်ထားတာကို ပြန်ပြီးအာရကေလုပ်ပြီး ဝယ်ထားတာ .. မကျောင်လုအလိပ် (၂၀)နဲ့ အာရကေ လုပ်ထားတာ"

ထောင်တွင် အရောင်းအဝယ်ပြုခြင်းကို အာရကေလုပ်သည်ဟု ခေါ်သည်။ ထိုကာလတွင် အလဲအလှယ်ကိစ္စအတွက် ငွေကြေးအဖြစ် အသုံးပြုသည်မှာ သနပ်ပင် "နွားမကျောင်လု" ဆေးပေါ့လိပ်ဖြစ်သည်။ ပြောရင်းဆိုရင်း ကိုမြင့်အောင်သည် တိုက်ပုံကို ပခုံးပေါ်သို့ တင်လိုက်၏။ တိုက်ပုံသည် အနက်ရောင်ဖြစ်၏။ သစ်လွင်ဆဲဖြစ်သည်။

"ကိုယ့်လူ .. ဝါးတီးဂျက်ကက်က M.I လိုလို၊ ရှေ့နေလိုလို၊ S.B လိုလိုနဲ့ တယ်စတိုင်လ်ကျနေပါလား"

"ဩော် .. ရုံးထွက်တယ်ဆိုတော့လည်း ရှိုးထုတ်ရတာပေါ့"

ပြောနေဆဲ ကိုမြင့်အောင် "ရုံးထွက်သွားမယ်" ဟု မိန်းဂျေးမှ ထောင်ဝန်ထမ်းက လာခေါ်လေသော် အဆောင်တာဝန်ခံမှသည် မိန်းဂျေးဝန်ထမ်းကို လက်လွှဲ၏။ ဤသို့နှင့် မိန်းဂျေးမှသည် ဘူးဝ

www.burmeseclassic.com

www.burmeseclassic.com



ရှိ အချုပ်ရုံးသို့ ပို့ရသည်။ အချုပ်ရုံးမှသည် လမ်းကြောင်းကားနှင့် သက်ဆိုင်ရာရုံးသို့ ရုံးထွက်ရန်ဖြစ်သည်။

"တောက် သူတစ်ပါးတွေ ရုံးထွက်နေရတယ် … ငါတို့များ တော့ ဘာမှန်းမသိ စစ်ကြောရေးနဲ့ပဲ ပြီးနေတာ"

ဒေါ်အောင်ဆန်းစုကြည်၏ ခြံဝင်းအတွင်းမှ ဖမ်းသူများအား နေ့စဉ်နှင့်အမျှ စစ်ကြောရေး ထုတ်ခံရ၏။ S.B က လာလိုက်၊ M.I က ခေါ်ယူလိုက်နှင့် (၅)ဆောင်မှသည် ထောင်တွင်းစစ်ကြော ရေးရှိရာ အထူးတိုက်ဝင်း ရုံးခန်းမှတစ်ပါး ထောင်နံရံကြီးပြင်ပသို့ ခြေတစ်လှမ်းမျှပင် ထွက်ရသည်မရှိ။

"မိုက်တယ် ရုံးထွက်ရတာ အတော်မိုက်တယ်… ကားကြီး စီးပြီး အချုပ်ကားထဲ မတ်တပ်ရပ်စီးသွားပြီး ဟိုကြည့်ဒီကြည့်နဲ့ မြို့ထဲရောက်ပြန်တော့လည်း သူငယ်ချင်းတွေကလာ၊ မိသားစုက လာ ဟိုလူကကျွေး၊ ဒီလူကကျွေးနဲ့ လက်ဖက်ရည် သောက်လိုက်၊ စီးကရက်ဖွာလိုက်နဲ့ ယူလာတဲ့ ထမင်းချိုင့်ထဲက ဟင်းတွေစားနဲ့ ကွာ"

ဟု ဆိုကာ အဖိုးလေးမြင့်စိုး စိတ်ကူးယဉ်ကာ ပြောလေတော့ သည်။ နံနက်(၁၀)နာရီခွဲခန့် နံနက်ထမင်းဝေချိန်၌ ကိုမြင့်အောင် ပြန်ရောက်လာသည်။

"ဘယ့်နှယ် ကိုမြင့်အောင် .. ရုံးမထွက်ရဘူးလား .. ရုံးထွက်မယ်ဆို"

"လမ်းကြောင်းကားမရောက်သေးလို့ .. အချုပ်ရုံးက ထမင်း ပြန်စားဖို့ လွှတ်လိုက်တာ"



"ဟာ ဒီမှာ အဖိုးလေးက စိတ်ကူးယဉ်နေတာ လက်ဖက် ရည်သောက် ဆေးလိပ်သောက်နဲ့ ချိုင့်ထဲက ထမင်းတွေစား ..နဲ့"

"ဟာ မိုက်ဆာနေလို့ ပြန်လာစားတာ ဘာပဲဖြစ်ဖြစ် ထောင် က ဒီမနက် ပဲဟင်းလေးကတော့ မက်စရာလေးပါ"

ဟု ပြောကာ ပုံစံပဲဟင်းနှင့် နံနက်စာကို အားရပါးရစားလေ တော့သည်။ အဆောင်အားလုံးတွင် ကျွေးသောပဲထက် (၅)ဆောင် မှပဲသည် ရေရောမှုအနည်းဆုံးဖြစ်သည်။ ထောင်တွင်ကျွေးသော ပုံစံပဲဟင်းသည် နူးပျော့ပြဲနေအောင် ပြုတ်ထားသော ပဲကိုအပေါ်မှ ရေပေါ်ဆီနဲ့ မွှေလိုက်ခြင်းဖြစ်သည်။

"ကိုမြင့်အောင် တယ်ဟုတ်နေပါလား ပဲအနှစ်နဲ့ပါလား"

"ဖိုကြီးနဲ့ လိုင်းဝင်ထားတာ"

ရေမရောရသေးသော ပဲအနှစ်နှင့် ထမင်းကိုနယ်ကာ စားသုံး ခြင်းသည် ထောင်တွင်းနတ်သုဒ္ဓါဖြစ်သည်။

"ထောင်နန်းစံတယ်ဆိုတာ ဒီလိုနေမှာ … နေရတာလည်း အဆောင်သစ်ကြီးမှာ၊ စားရတာကလည်း အဆီနဲ့အနှစ်နဲ့ (၅) ဆောင်ကတော့ ထောင်နန်းဘုံပဲ။ လူတွေသာ နန်းဆန်တယ် ပြောတာ လူမဟုတ်ရင် နတ်ပေါ့"

ဟုပြောကာ ကိုမော်ကြီးက တဟားဟားရယ်ကာ ထောင်နန်း စံတဲ့လူလို့ မပြောဘဲ ထောင်နန်းဘုံကလူဟု ပြောလို့ဆိုကာ ပုံစံပဲနှင့် အားရပါးရ စားနေကြသည်။

"ကဲ … ကျွန်တော်လည်း အချုပ်ရုံးပြန်သွားလိုက်ဦးမယ်။ လမ်းကြောင်းကားစောင့်ပြီး ရုံးထွက်ဖို့"

"ဝါဒါတွေ လိုက်မပို့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



အဖိုးလေး မြင့်စိုးက မေးလေသော်

"ဟာ ဘယ်ဝါဒါမှမပါဘူး။ ထောင်အချုပ်ရုံးက ထမင်းစား ပြန်ဖို့ပြောလိုက်တာ .. အထွက်တုန်းက အဆောင်မှာရော မိန်းဂျေးမှာရော စာရင်းပေးပြီးပြီလေ"

ဟု ပြောဆိုကာ တိုက်ပုံကိုဝတ်ကာ အဆောင်မှ ထွက်သွားလေတော့သည်။ ဤကား ကိုမြင့်အောင်အား နောက်ဆုံးမြင်ရခြင်း ဖြစ်သည်။ ထိုနေ့ညသည် တစ်ထောင်လုံး အိပ်ခွင့်မရသော ညဖြစ်အောင် ကိုမြင့်အောင်က ဖန်တီးသွားသည်။ ထောင်ပိတ်ချိန်၌ ထောင်၌ လူတစ်ယောက် လိုနေသည်။ ငွေစာရင်းကဲ့သို့ လူစာရင်းကို တစ်နေ့တာပိတ်သည်။ ထောင်တွင်းရှိသူ၊ ထောင်မှထွက်သူ၊ ထောင်သို့ အသစ်ရောက်လာသူ၊ ရုံးထွက်သွားသူ၊ ရုံးထွက်မှ ပြန်လာသူ စသဖြင့် ဝင်သောသူနှင့် ထွက်သောသူတို့ကို ထောင်ကျရုံး မိန်းဂျေးနှင့် အဆောင်အသီးသီး၌ ညနေလူရေတွက်သော အခါ ရှိသောစာရင်းသည် ကိုက်ညီနေရမည်။ ထိုသို့ ကိုက်ညီခြင်း မရှိက ထောင်ပိတ်၍မရ။

"တို့တွေ (၅)ဆောင်က လူတစ်ယောက်လျော့နေတယ်"

ဒေါ်အောင်ဆန်းစုကြည် ခြံဝင်းအတွင်းမှ အဖမ်းခံရသော ကိုမော်ကြီးမှ

"ငါတို့အုပ်စုထဲက ဘယ်သူပျောက်နေလဲ။ ငါတို့အုပ်စုထဲက တစ်ယောက်ယောက်များ မှောက်ပြီး တစ်နေရာရာမှာ သတ်ထားခံရလား"

ထောင်သားအချင်းချင်း သတ်ပြီး ဝှက်ထားသလားဆိုပြီး စစ်၏။ အခန်းတွင်း လူစေ့သည်။



"ဟိုဘက်အခန်းက ကိုမြင့်အောင်ပျောက်တာ"

"ဟာ ... မနက်ကပဲ တို့တွေနဲ့ ထမင်းစားသွားတာ .. တစ်ယောက်ယောက်က ချွတ်နဲ့ထိုးသွားတာလား"

ဝါဒါတွေရိုက်တာ ခံရလို့လျှောသွားပြီး တစ်နေရာရာမှာ ထားထားလားမသိဘူး။ ထောင်တွင်း၌ သံချောင်းအချွန်ကို ချွတ်ဟု ခေါ်သည်။ အကျဉ်းသားတို့ကိုင်ဆောင်သော လက်နက်ဖြစ်သည်။ တစ်ယောက်နှင့် တစ်ယောက်ထိုးသော လက်နက်ဖြစ်၏။ တစ်ယောက်နှင့်တစ်ယောက်များ ထိုးကာသတ်သလား··· အတွေးမြောက်များစွာ ဝင်နေ၏။ ထောင်ဝင်းအတွင်း စစ်ခွေးများနှင့် ရှာနေ၏။ ကောက်ရိုးပုံတွင် ကျသွားသော အပ်တစ်ချောင်းကို ရှာသကဲ့သို့ ရှာနေ၏။ လုံးဝမတွေ့···။ လမ်းကြောင်းကားပေါ် ရုံးထွက်စာရင်းထဲသာပါတာ··· ကားပေါ်တက်စီးတဲ့ စာရင်းထဲမှာ မပါဘူး။ ညတစ်နာရီကျော်သောအခါတွင် အားလုံးစစ်ဆေး၍ အဖြေရသည်မှာ ကိုမြင့်အောင် ထောင်ထဲတွင် လုံးဝမရှိတော့။ ထောင်မှလုံးဝလွတ်မြောက်သွားသော သတင်းဖြစ်သည်။

S.B နှင့် MI တို့ကိုလည်း သတင်းပို့၍ ဗိုလ်ကြီးမြဝင်းအား ထောင်ဝင်းအတွင်း ဆက်လက်ရှာဖွေ၏။ ဗိုလ်ကြီးမြဝင်းသည် အထူးအရာရှိအဖြစ် လာရောက်အုပ်ချုပ်သည်မှာ ရက်ပိုင်းသာ ရှိသေး၏။ အဆင့်ဆင့်စစ်ဆေးလေသော် တိုက်ပုံအမည်း၊ ပလေကပ်ပုဆိုး၊ လည်ကတုံးအဖြူနှင့် လူတစ်ယောက်ကို ထောင်ဗူးဝမှ ဝန်ထမ်းများက ထောက်လှမ်းရေးအရာရှိဟု ထင်မှတ်ကာ အလေးပြု၍ လမ်းခေါင်ငင်ကာ ထောင်ဗူးတံခါး အပြင်တစ်ထပ်၊ အတွင်းတစ်ထပ်နှင့် တပ်ရဲဂိတ်အထိ လိုက်လံပို့ဆောင်ခြင်းကို သိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်ရောက်သည်နှင့် အကြောင်းစုံသိရသည်ကား ဝါဒါအဖော် အစောင့်အရှောက်မပါဘဲ (၅)ဆောင်မှအပြန် အချုပ်ရုံးသို့အသွား…ခပ်ထုံထုံခပ်အအ ဝါဒါတပ်ကြပ်အောင်စိုး (အမည်လွှဲ) က တလေးတစားအလေးပြု၍ ဗိုလ်မှူးကြွပါဟူ၍ တလေးတစားခေါ်ယူ၍ မျက်နှာချိုသွေးလေသည်။ ထို့နောက် ကိုမြင့်အောင်အား ခေါ်ယူ၍ တာဝန်ကျတံခါးစောင့်တို့ကို ဖွင့်လှစ်စေ၍ ထောင်ပြင်သို့ထုတ်ပေးလိုက်ကြောင်း သိရသည်။ ကိုမြင့်အောင် ထောင်မှလွတ်မြောက်ခြင်းသည် ထူးခြားလှသည်။ ထောင်မှထွက်ရန် အကြောင်းအရာလည်း မရှိ၊ ရည်ရွယ်ချက်လည်းမရှိဘဲ ထောင်မှဆွဲထုတ်သွားခြင်း ဖြစ်သည်။ နောက်တစ်နေ့ရောက်ခါမှ ထောင်အဖွဲ့အစည်းမှ ထောင်သားတစ်ယောက် အင်းစိန်ထောင်မှ ထွက်ပြေးလွတ်မြောက်ကြောင်း သက်ဆိုင်ရာအား သတင်းပို့၏။

ကိုမြင့်အောင်နေထိုင်ရာ ပုဇွန်တောင်နေအိမ်သို့ သွားကာ M.I နှင့် S.B တို့သွားမေးသော်…ပြန်မလာ၊ မရှိဟု ပြောလိုက်၏။ အကြောင်းတိုက်ဆိုင်၍ ကိုမြင့်အောင် လွတ်မြောက်သွားသောကိစ္စနှင့် ပတ်သက်၍ အဆောင်တာဝန်ခံ မိန်းဂျေးဝန်ထမ်း၊ တံခါးစောင့်များကို ချက်ချင်း ထောင်အကျဉ်းချ၊ စစ်ကြောရေးထုတ်၏။ စုစုပေါင်း (၉)ယောက်ဖြစ်၏။ ထိုအကြောင်းအရာကြောင့် ထောင်ဝန်ထမ်းတို့တွင် အပွင့်ပြုတ်သူပြုတ်၊ အရစ်ကျသူကျ၊ ထောင်ကျသူကျနှင့် ကိုးတံခါးရှိ အင်းစိန်ထောင်ကြီးနှင့် ကိုးယောက်အစားထိုး ထောင်ကျသွားသောကိစ္စသည်ကား ကံဟူသောအကြောင်းအရာ၏ ထူးခြားပုံစွာဆန်လှသောဖြစ်ရပ်…ထောင်နန်းဘုံမှ လွတ်မြောက်သူဟူ၍သာ မှတ်တမ်းတင်ရပေမည်။



## လူ့အခွင့်အရေး ကင်းမဲ့ဇုန်

ထိုခေတ်ကာလ အင်းစိန်အကျဉ်းထောင်၌ အဆောင်နေအကျဉ်းသားများနှင့် တိုက်အတွင်းနေထိုင်ရသော အကျဉ်းသားဟူ၍ ခွဲခြားထားသည်။ အဆောင်တွင် နေထိုင်ရသောသူတို့၏ အခြေအနေသည် တိုက်ဝင်းအတွင်း တိုက်ပိတ်ခံရသူများထက် လွတ်လပ်မှုအခွင့်အလမ်း ပိုမိုရရှိသည်။ လူအများနှင့် အဆောင်ခန်းအတွင်း နေထိုင်ရခြင်းဖြစ်သည်။ တိုက်တွင်နေထိုင်ရသော အကျဉ်းသားတို့သည်ကား အခန်းတွင်း တိရစ္ဆာန်သဖွယ် ပိတ်လှောင်ထား၍ အနေကျပ်သော ကာလများတွင် တစ်နေ့လျှင် (၅) မိနစ်မြေကြီးနှင့် ခြေထိခွင့်ရသည်ကိုပင် ရတောင့်ရခဲ ဆုလာဘ်တစ်ပါးအလား ခံစားလေ့ရှိသည်။ တိုက် (၁) မှ တိုက် (၆) အထိ တိုက်ဝင်းအုပ်စု၊ အထူးတိုက်နှင့် စစ်ခွေးတိုက်ဟူ၍ ဗဟိုအင်းစိန်ထောင်အတွင်း တိုက်နေရာ (၃) ခု ရှိသည်။ တိုက်တွင်းအကျဉ်းခံသူတို့အတွက် အနေချောင် အစားချောင်ရန် ခဲယဉ်းလှသည်။ တိုက်ဝင်းအတွင်းထက် အနေကျပ်သည်မှာ အထူးတိုက်ဖြစ်သည်။ စစ်ခွေးတိုက်သည်ကား လူ့အခွင့်အရေးနှင့် လွတ်လပ်မှုကင်းမဲ့ဇုန်" ဟူ၍ သတ်မှတ်ထားသည်။

တိုက်တွင်းစံ အကျဉ်းသားတို့ကို အခန်းတွင်းပိတ်၊ အခန်းတွင်းထည့်၊ သံအချုပ်တံခါး သော့ခတ်ကာ တင်းကြပ်စွာ ထိန်းချုပ်၍ ရက်စက်စွာ အပြစ်ပေးသော နေ့ရက်များသည် တိမ်လိုလွင့်မျောနိုင်၍လေရူးလို ခုန်ပေါက်ပြေးနိုင်ကာ တသွင်သွင် စီးဆင်းနေသော ရေအလား လှုပ်ရှားနိုင်စွမ်းရှိသည့် လူသားတို့၏ "မနော"

www.burmeseclassic.com

www.burmeseclassic.com



စိတ်သည်ပင်လျှင် နာကျည်းမှုများ၊ ကြေကွဲဝမ်းနည်းမှုများ လူအချင်းချင်း တန်ဖိုးထားမှု အခြေခံနှုန်းထားထက် အဆပေါင်းမြောက်များစွာ အနုတ်သင်္ကေတနှင့် လူစင်စစ်ကို တိရစ္ဆာန်တို့ထက် နိမ့်ကျအောင် ချိုးဖိနှိပ်ကွပ်ခဲ့လေသော် လွတ်လပ်ခွင့် အပြည့်အဝရှိသော စိတ်သည်ပင်လျှင် အကျဉ်းစံခန္ဓာအတွင်း ထာပနာသွင်း၊ မြှုပ်နှံခံရကာ လူအဖြစ်သတ်မှတ်မခံရသော လူသားများအဖြစ် ရောက်ရှိလေတော့သည်။ ''ပုံစံ''ဟု အော်သော အသံများ၊ 'ထိုင်ထားမယ်'ဟုအော်သော အမိန့်ပေးသံ၊ မကြားဝံ့ မနာသာအောင် ဆဲဆိုသံနှင့် ထောင်ကျအချင်းချင်း ညှဉ်းပန်းခြင်းမှအစ ဝန်ထမ်းအဆင့်ဆင့်တို့၏ ရိုင်းပျရက်စက်မှုအပေါင်းကို ၁၉၈၉ ဩဂုတ်လတွင် ထောင်တွင်းနေခဲ့ဖူးသော ထောင်ကျအားလုံးတို့ ကြုံတွေ့ခဲ့ရသည်။

''ကဲ ဒီနေ့ တလာစီလိမ့်မယ်...မီးခြစ်တွေ အကုန်ပေးထား...သိမ်းတဲ့အထဲ ပါသွားလိမ့်မယ်''

ဝန်ထမ်း ထောင်ဝါဒါ ဘုကျော်ဦး၏အသံကို ကြားလေသော်...ဖျာပေါ်မှ လူးလဲထကာ သံတိုင်ကြား၌ ညှပ်ထားသော အစည်ခံနားရောက်နေသော ဆေးလိပ်ကို မီးညှိဖွာရင်း...။

''ရော့ ကိုကျော်ဦး''

မိုးတောင်မလင်းသေးဘူး...ပြင်ပကမ္ဘာတစ်ခုလုံး မှောင်နေ၍ မိုးတဖွဲဖွဲကျနေသည်။ ဝန်ထမ်းကိုကျော်ဦးသည် ၁ တိုက်မှ အကျဉ်းသားများအပေါ် ခင်မင်ကာ အားလုံးသောသူတို့အား ကူညီသူဖြစ်သည်။

''ရော့ ကိုကျော်ဦး ဒါတွေသိမ်းထားလိုက်ဦး...''



''ရန်ကြီး...မင်းစာရွက်တွေက များလှချည်လား...''

ပလတ်စတစ်ပေါ်တွင် သံချွန်နှင့်ရေးကာ လိပ်ထားသော စာများ ဖြစ်သည်။ အခြားသော စာရွက်စာတမ်းများကိုလည်း လိပ်၍ သရေပင်နှင့်ပတ်ကာ ကိုကျော်ဦးအား ပေးခြင်းဖြစ်သည်။

''ထောင်မဖွင့်ခင် ပစ္စည်းလာသိမ်းပေးတာ အမြဲဆင်းတွေက ယုံရတာမဟုတ်ဘူး။ သူတို့တွေ ရှေ့ကျရင် သတိထား...ချွန်တွန်းလုပ်နေတာ...''

''ကိုကျော်ဦးရေ ဒီဘက်လာဦး..ရော့ယူ...''

နံနက် (၅) နာရီပင် ဖြစ်လင့်ကစား အားလုံးနိုးထကြကုန်သည်။ ထောင်တွင် ပုဇွန်တောင် NLD လူငယ်ခေါင်းဆောင် ကိုမြင့်အောင် ထောင်မှလွတ်သွားပြီးနောက် ထောင်စည်းကမ်းများကို တင်းကြပ်စွာ ထိန်းချုပ်ထားသည်။ ဒဏ်ရာပြင်းထန်စွာ ရထားသော 'ကျားနာ' အလား အငြိုးတကြီးဖြစ်နေသော ထောင်ပိုင်၊ ထောင်မှူးများ၏အောက်၌ အကျဉ်းသားများ ပြားပြားဝပ်နေရသည်။ ကိုမြင့်အောင် လွတ်မြောက်သွားသောနေ့မှစ၍ တာဝန်ယူသော မိန်းဂျေးမှအစ ထောင်မှူးဝအထိ ဝန်ထမ်းများကို PE, DE နှင့် ခုံရုံးဖွဲ့စစ်ဆေးခြင်းများ ပြုလေရာ အကျဉ်းဦးစီးဝန်ထမ်းအပေါင်းတို့သည် ထောင်တွင်းနေထိုင်သော အကျဉ်းသားများအပေါ် မုန်းမာန်ဖွဲ့၍ ရက်စက်အားပိုနေခြင်း ဖြစ်သည်။ ထောင်တွင် ထောင်မှူးထောင်ပိုင်တို့က မိုက်ပေဆိုးပေဟူသော လူတို့ကို မျက်နှာသာပေး အခွင့်အရေးပေး၍ အတော်အတန် နေရာပေးကာ ရိုက်နှက်စေခြင်း၊ ဆဲဆိုစေခြင်းတို့ကို ခွင့်ပြုကာ အဆင့်ဆင့် အုပ်ချုပ်စေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှေးအင်္ဂလိပ် ကိုလိုနီခေတ်က "အိမ်ကြက်ချင်း အိုးမဲသုတ်၍ ခွပ်ခိုင်း"သည်ဟူသော မူဝါဒကို ဆုပ်ကိုင်ကာ ဆောင်ရွက်၏။ Devide and Rule ပိုင်းခြား၊ မတူကွဲပြားခြင်းနှင့် အုပ်ချုပ်ခြင်းကို ဆောင်ရွက်စေသည်။ စည်းလုံးမှုကို ရိုက်ချိုးသည်။ ညီညွတ်မှုကို ရိုက်ချိုးသည်။ အပြန်အလှန် တိုက်ခိုက်စေသည်။ တစ်ဖက်နှင့် တစ်ဖက်ကို သွေးထိုးပေးသည်။ အချင်းချင်း ညီညွတ်မှုပျက်ကာ တိုက်ခိုက်မှုကို မသိကျိုးကျွံလုပ်သည်။ တစ်ဖက်လှည့်မှ အားပေးသည်။ ကုန်းတိုက်ကုန်းချောပြုသူတို့အား တပည့်မွေးသည်။ အတင်းအဖျင်း ပြောဆိုတတ်သူများအား ချော့တလည့် ချောက်တစ်ခါနှင့် သတင်းစကား၊ အတင်းအဖျင်း စကားပြောစေကာ အတွင်းစကားတို့ကို လေ့လာသည်။ ကိုယ့်အပေါ် ဖော်လန်ဖား၍ အခြားသူတို့အား ဟိန်းဟောက်ဖိနှိပ်သူတို့ကို လူရင်း၊ တပည့်ရင်း အဖြစ် သတ်မှတ်ကာ အရေးပေးသည်။

'မျက်နှာသာပေးကာ ရွှေရေး၊ ပန်းကန့်တက်' သော လူမိုက်တို့သည် ဘယာ၊ ဘုတ်ကိုင်၊ အမြဲဆင်း၊ အခန်းလူကြီး၊ စာရေး၊ ပြာတာမှသည် စည်းကမ်းထိန်းသိမ်းရေး၊ တန်းစီးတို့ကို အဆင့်ထား သတ်မှတ်ထားသည်။ ထိုသူတို့သည် ထောင်ကျအကျဉ်းသားများ ဖြစ်သည်။ အခွင့်အရေးရသော တန်းစီးအများစုသည် ထောင်ပိုင် ထောင်မှူးများအား ရှာဖွေကျွေးမွေးသောသူများဖြစ်သည်။ ထိုမျက်နှာသာပေး၊ နေရာပေးခံရသော အကျဉ်းသားတို့သည် ဝန်ထမ်းဝါဒါတို့ထက်ပင် ပို၍ ထောင်ကျ အကျဉ်းသားတို့ကို ဒုက္ခပေးတတ်သည်။ ဘဝတူ အကျဉ်းသားချင်း အမုန်းခံ၍ ရက်စက်ကြ



သည်။ မခံမရပ်နိုင်၍ ခိုက်ရန်ဖြစ်ကာ သတ်ဖြတ်ကြလျှင်လည်း လူမိုက်အသစ်ကို ရှာဖွေ၍ ခန့်အပ်နေရာပေး၏။

ထောင်တွင် ထောင်နှင့်တူအောင်နေရခြင်း၊ ခက်ခဲကြမ်းတမ်းခြင်းသည် ထောင်ကျအချင်းချင်း ညီညွတ်မှုကင်း၍ ဇာတ်တူသားစားခြင်းမှဖြစ်ပေါ်သည်။ နိုင်ငံရေးသမား၊ နိုင်ငံရေးအခွင့်အာဏာ လက်နက်ကိုင် အုပ်ချုပ်ရန် အခွင့်အာဏာ ရရှိသူမဆိုထားဘိ ထောင်တွင်းမာန်မဲဆဲဆို ဟိတ်ဟန်ပြသော အခွင့်အရေးရလျှင်ပင် အသေခံမိုက်မဲ၊ ဘဝတူအချင်းချင်းအပေါ် ရိုင်းပျစွာ ဆက်ဆံသောသူများ ဒုနှင့်ဒေး။ သြဇာအာဏာဟူသည် အတော်အတန် ချိုမြိန်စွဲလန်းဖွယ် အနှစ်သာရရှိသည်ထင့်။

'ဟုတ်တယ်...အမြဲဆင်း informer တွေ...ဟိုနေ့ကလည်း အခန်းထဲ ချောင်းကြည့်သွားတယ်။ ဟိုပြော ဒီပြောနဲ့ စကား လာနှိုက်နေတယ်'

လှုငယ်ဗကသခေါင်းဆောင် ဖော်ဖော်အောင်ကဝင်၍ပြော၏။ တိုက်တွင်နေသောသူတို့အား ထမင်းဝေရန် ထမင်းဘုတ်၊ မိလ္လာချရန်နှင့် သန့်ရှင်းရေးလုပ်သော ဘောက်ဆင်းများကို အုပ်ချုပ်သည့် အမြဲဆင်းများ ရှိ၏။ အမြဲတစေ တိုက်တစ်ခု၌ တာဝန်ယူကာ အလုပ်လုပ်သောသူကို 'အမြဲဆင်း' ဟု ခေါ်သည်။ 'အမြဲဆင်း' ဖြစ်ရန် မလွယ်။ လိုင်းဝင်ရသည်။ ထောင်မှူး ထောင်ပိုင် ဆရာသမားများ၏ ဘောင်ချာများဖြစ်ရမည်။ ဘောက်ဆင်းဆိုသည်မှာ လုပ်ငန်းနေရာ အတည်တကျမရှိ၊ ခိုင်းသော နေရာ၌ သွား၍လုပ်ရသည်။ ဘုတ်ထုတ်ရာသို့ သွားရောက် လုပ်ကိုင်ရ၏။ ဘုတ်ကိုင်တို့အား လိုင်းဝင်ကာ အဆင်ပြေအောင်

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံက အလုပ်နေရာကောင်းကို ဆင်းရသည်။ တိုက်တစ်ခုစီတွင် အမြဲဆင်းနှစ်ဦး အနည်းဆုံးထားသည်။ ဘောက်ဆင်းတို့ကိုမူ အလျဉ်းသင့်သလို ဆင်းစေ၏။ ယေဘုယျအားဖြင့် အမြဲဆင်းတို့သည် 'နှစ်ဖက်ချွန်' များဖြစ်ကြသည်။ ထောင်စကား၊ လူမိုက်စကား၌ နှစ်ဖက်ချွန်သည် သစ္စာမရှိသောသူများ ဟိုဘက်ပါသယောင် ဒီဘက်ပါသယောင်နှင့် ဒုက္ခပေးသူများကို ဆိုသည်။ ထောင်ကျအကျဉ်းသားများကို မိတ်ဆွေသဖွယ် ဆက်ဆံ၍ ထောင်မှူးဝါဒါတို့အကြောင်း သတင်းပေးကာ 'ကိုယ့်လူ သူ့ဘက်သား' ပြုကာ သတင်းပေး၏။ 'သူ့လူ ကိုယ့်ဘက်သား' ယောင်ဆောင်၏။ ထောင်မှူးများကိုကား အကျဉ်းသားတို့၏ သတင်းစကားများကို တလုံးတစ်ပါဒ မကျန်အောင်ပြော၏။ အကျဉ်းသားအချင်းချင်း ရန်တိုက်ပေးကာ သတင်းယူ၏။ စင်စစ် (informer) 'အင်ဖော်မာ' ဟုခေါ်သော သတင်းပေးများဖြစ်သည်။

များသောအားဖြင့် တိုက်ဝန်းအတွင်း တာဝန်ယူကြသော အမြဲဆင်းများသည် 'ဘ·စ' များဖြစ်သည်။ မူးယစ်ဆေးဝါးသုံးစွဲမှု၊ လက်ဝယ်တွေ့ရှိမှု စသည့် ပြစ်မှုကျူးလွန်သူကို ထောင်တွင် ဘိန်းစားဟုခေါ်သည်။ ထောင်စကား 'ဘ·စ' ဟုခေါ်သည်။ အတော်အတန်မိုက်သည့် တန်းစီးအီဆပ်က ဆိုခဲ့သည်မှာ ငါတို့က ရုပ်ကီအုပ်စု၊ ဘ·စမဟုတ်ဘူး။ ထိုခေတ်ကာလ ထောင်စကားအရ အရက်ကို 'ရုပ်' ဟုခေါ်သည်။ အရက်သောက်သည်ကို ရုပ်ပင့်သည်၊ ရုပ်ထုသည်၊ ရုပ်တော့သည်၊ ရုပ်စွဲသည်ဟူ၍ အမျိုးမျိုးခေါ်သည်။ အရက်သမားကို ရုပ်ကီဘဲ၊ ရုပ်ကီဟူ၍ ခေါ်သည်။ အရက်ဆိုင်ကို 'ရုပ်ဘိ' ဟူ၍ခေါ်သည်။ လူမိုက်တန်းစီး အီဆပ်၏



ဆိုစကားအရ အရက်သမားသည် သစ္စာရှိသည်။ ယောက်ျားဆန်သည်။ အရက် ကို ကြိုက်၍သောက်ခြင်း၊ စိတ်ပျော်၍သောက်ခြင်း၊ စိတ်ညစ်၍ သောက်ခြင်း၊ အပေါင်းအဖော်ကောင်း၍ သောက်ခြင်းဖြစ်သည်။ အရက်သမားအချင်းချင်း ကူညီသည်။ ရိုင်းပင်းသည်၊ ဘော်ဒါ ကဏ္ဍထားသည်။ အထာထားသည်။ ခိုးကြောင်ခိုးဝှက် လုပ်နေသည်မဟုတ်၊ တသင်းသင်း တမြမြနှင့် 'ဆက်ရက်မင်းစည်းစိမ်' အပြည့်ဖြစ်သည်။ ဘိန်းစားများသည် အပါးခိုသည်။ အကျင့်မကောင်း။ မခုတ်တတ်သည့်ကြောင်သဖွယ် ခိုးကြောင်ခိုးဝှက် ယစ်မူးထုံထိုင်း၏။ အချင်းချင်းလည်း စည်းမထား၊ လိမ်ညာတတ်သည်။ ခိုးဝှက်တတ်သည်။ ပြဿနာကို ရှောင်တတ်သည်။ ကောက်ကျစ်သည်၊ စဉ်းလဲသည်။ ဘိန်းစားကျင့် ဘိန်းစားကြံကြံသည်။

'ဒီကောင်တွေက ဘိန်းစားတွေ ··· ထဘီစုတ်၊ ဖိနပ်စုတ် တောင်မကျန် ခိုးရောင်းပြီး ဆေးဖြုတ်နေတဲ့ ကောင်တွေ''

ဟု ဆိုသည်။ ဘိန်းစားတို့အား လူမိုက်အဆင့်အတန်းမထား၊ ထောင်တွင်း 'ဘ·စ' အများစုသည် အစားချောင်၊ အနေချောင်အောင် သတင်းပေး၊ သတင်းယူ၊ ဝန်ထမ်းများအပေါ် ဖော်လန်ဖားကြသူများဖြစ်သည်။ အမြီးကျက်အမြီးစား၊ ခေါင်းကျက်ခေါင်းစား၊ အထာမထား လိမ်လည်ခွေနှောက်တို့ထောင် ညှောင့်သောနံ့သော စရိုက်နှင့် ထောင်တွင်းရှင်သန်နေသူများ ဖြစ်သည်။

''ဟုတ်တယ် အမြဲဆင်း စိန်လှိုင်က (၁) တိုက်မှာ ပစ္စည်းတွေရှိတယ်ဆိုပြီး သတင်းပေးလို့ ဒီနေ့ တလာစီမှာ''

www.burmeseclassic.com

www.burmeseclassic.com



ထောင်တွင် သတ်မှတ်ထားသော ပစ္စည်းမှအပ အခြားပစ္စည်း ကိုင်ခွင့်မရှိ။ အထူးသဖြင့် ပုဆိုးတောင် NLD လူငယ်ခေါင်းဆောင်ကိုမြင့်အောင် လွှတ်သည့်အချိန်မှစ၍ ထောင်တွင်းဖိနပ်မစီးရ၊ ပုံစံဖြူဝတ်စုံမှအပ အခြားမဝတ်ရ၊ အချုပ်ကျသူများသည်လည်း ဝတ်ကောင်းစားလှမဝတ်ရ။ တိုက်ပုံအပေါ်အင်္ကျီကဲ့သို့ အဝတ်များ မဝတ်ရ၊ ကိုင်ဆောင်ထားသည်ကိုပင်တွေ့က အပြစ်ဒဏ်ပေးသည်။

"ဘကြီးအောင်ဆီမှာ စာအုပ်ရှိတယ်လို့ သတင်းပေးထားတယ်။ ကျွန်တော့်ကို စာအုပ်ပေးထား..."

"ဟာ ဒီကောင်တော့ သေတော့မှာပဲ..."

ဟု တဖြစ်တောက်တောက်ပြောကာ စာအုပ်ကို လှမ်းပေး၏။

"..ဟာ ထူလှချည်လား...ဘယ်လိုသွင်းထားတာလဲ..."

ဘကြီးအောင်သည် ထောင်အတွင်းရောက်မှ ဂျပန်စာသင်၏။ IFL မှ ဆရာဦးအေးချို ရေးသားထားသော ဂျပန်စာကို သင်၏။ ဂျပန်စကားပြောနည်း စာအုပ်ကို အပြင်မှထောင်တွင်း ရအောင်သွင်းကာ စံ-ဇာဏီဘိုနှင့် "ကိုနီရှိဝ" လုပ်လိုက်.."အိုဂိုင်းဂိဒက်စကား" လုပ်လိုက်နှင့် တဂိဂိ၊ တဂါးဂါး ဂျပန်စကားပြော လေ့ကျင့်နေသူဖြစ်၏။

"ရွှေဒဂါးမင်းအောင်ကို သတိရတယ်။ ငါတို့အပေါ် အတော်သစ္စာရှိတာ...ဒီကောင်အသုံးမကျတာ..တိုက်ပုံလေးဝတ်ပြီး ကိုမြင့်အောင်လို ထွက်သွားရင်ပြီးနေတာပဲ ..ဝါဒါလိုဝတ်ပြီး စက်ဘီးစီးပြီး ထွက်တာကိုး..."

ဟု တဖျစ်တောက်တောက် ပြော၏။



"ဒါနဲ့ ကိုကျော်ဦး...ဒီကောင် ဘယ်မှာလဲ...နေရောကောင်းရဲ့လား..."

"စစ်ခွေးတိုက်မှာလေ...ပုံစံပေးခံနေရတာပေါ့"

"ခွေးတိုက်မှာ တန်းစီးသားသားပါ ခွေးတိုက်ထဲ ထည့်ခံထားရလို့ အနေချောင် အစားချောင်ဖြစ်နေတာ၊ အခုတော့ ပြန်ကျပ်ရောပေါ့"

"ဟာ...တန်းစီးသားသားက ဘယ်သူလဲ..."

"ဟာ တကယ့်ဆရာကြီးပေါ့။ ရဲဘက်ထွက်နေတာ... ဆရာကြီးလေ...ထောင်မှူးတွေကို လုပ်ကျွေးနေတာ... သိတာများပြီးတော့ 'အာ'ကထက်လာတော့ ထောင်မှူးတစ်ပွင့်၊ ထောင်မှူးနှစ်ပွင့်လောက်ကို ဂရုမစိုက်ဘူး။ ဝါဒါတွေဆို သူ့အောက်မှာ ပြားပြားဝပ်နေကာ...၃ ပွင့် ထောင်ပိုင်လောက်မှ တန်းထားပြီးပေါင်းတာ၊ အခုတော့ ထောင်မှူးတွေ ဝိုင်းဖိုက်လို့ စစ်ခွေးဘက်ရောက်နေတာ။ အခု မင်းအောင်ကို သူကခေါ်ထားတယ်။ စစ်ခွေးတိုက်မှာ...မင်းအောင်ကို ရွှေဒင်္ဂါးမင်းအောင်လို့ မခေါ်တော့ဘူး 'လွတ်ကြောင် မင်းအောင်' လို့ခေါ်တယ်"

ထောင်တွင်းအကျဉ်းသားတို့သည် ခံစားနေရသော အပြစ်ဒဏ်ပေးဆပ်နေရခြင်းမှ အမြန်ဆုံးကင်းလွတ်၍ လွတ်လပ်သော ပြင်ပကမ္ဘာတွင် ပျော်ရွှင်စွာနေခဲ့ရသော ဘဝကို တသသ အောက်မေ့ကြ၏။ ဘုရားထီးတင်သောအခါ လွတ်နိုးနိုး၊ နေ့ကြီး ရက်ကြီးများတွင် လွတ်နိုးနိုး၊ တစ်စုံတစ်ရာသော ဥပဒေအပြောင်းအလဲနှင့် လွတ်နိုးနိုး၊ နိုင်ငံရေးရာ အချိုးအကွေ့ကြောင့် လွတ်နိုးနိုးတွေးမျှော်

www.burmeseclassic.com

www.burmeseclassic.com



ကာ လွတ်မြောက်ရေးစိတ်ကူးနှင့် မှန်းဆတွေးမျှော်ကာ တစိမ့်စိမ့် ကြည်နူးခြင်းမှသည် တစ်စစ ထောင်မှလွတ်လိုစိတ်များ ပြင်းထန်လာကာ အရူးအမူး ထောင်မှလွတ်မြောက်လိုသော သူများကို 'လွတ်ကြောင်' ကြောင်သူဟူ၍ သတ်မှတ်သည်။

"ကိုးတံခါးနဲ့ စီရင်ထားတဲ့ အင်းစိန်ထောင်က 'လွတ်ကြောင်' ကြောင်တဲ့သူဆို ပိုပြီး လွတ်ဖို့ခဲယဉ်းတယ်…ထောင်ထဲမှာပဲ ကြာချင်သလောက်ကြာ၊ သေရင်လည်း သေသွားပါစေဆိုတဲ့သူတွေ ကျပြန်တော့လည်း လွတ်ရက်ထက်စောပြီး လွတ်ကြတယ်…"

ဝါဒါကျော်ဦးကပြောရင်း …

"တချို့ဆို သေဒဏ်ပေးခံရပြီးမှ လွတ်တဲ့သူတွေရှိတယ်"

ဟု ပြောရင်း

"ဖထီးတုန်းကရော သေဒဏ်ပေးပြီးမှ လွတ်တာမဟုတ်လား"

ဟူ၍ တိုက်အခန်းအတွင်း ရေကူးဘောင်းဘီအနက်နှင့် အင်္ကျီမပါ ကိုယ်ဗလာ ရေချိုးချ၍ ဆင်းခါနီး ချွေးထွက်အောင် လေ့ကျင့်ခန်းလုပ်နေသည့် ဦးမန်းဒါဝိတ်အား မေးလေသော် …

'အေး ငါ ကံကောင်းလို့ပါကွာ…'

ဟူ၍ဖြေသည်။ ဖထီးမန်းဒါဝိတ်သည် ရသည့်အချိန်၌ တရားမှတ်သည်။ တရားထိုင်သည်။ ယခင်က စာဖြူခရစ်ယာန် ဖြစ်သည်။ အရွယ်ရောက်လေသော် ရုပ်ဝါဒဘက်သို့ တဖြည်းဖြည်းနွယ်ယှက်ကာ ဘာသာရေးဘက်ကို ဦးစားမပေး။ နိုင်ငံရေးလှုပ်ရှားမှုများနှင့် နိုင်ငံတော်လုပ်ကြံမှုနှင့် သေဒဏ်ပေးခံခဲ့ရသည်။ အယူခံ



အကြိမ်ကြိမ်အပယ်ခံရ၍ နောက်ဆုံး စာနီထွက်သည်။ ထောင်တွင် စာနီထွက်သည်ဆိုသည်ကား သေဒဏ်ပေးရန် ရက်သတ်မှတ်ထားသော စာထွက်ခြင်းဖြစ်သည်။ (၂)တိုက် ကြိုးတိုက်အတွင်း သီးသန့်ခွဲထား၍ နေ့စဉ်ပေါင်ချိန်သည်။ ဆရာဝန်နှင့်ဆေးစစ်သည်။ ထောင်တွင်ကြိုးပေး၍ အပြစ်ပေးခံရသောသူသည် အခြားနည်းနှင့် သေခွင့်မရှိ။ မိမိကိုယ်မိမိ သတ်သေခြင်းမပြုရန်လည်း ထိန်းသိမ်းသည်။ ကြိုးစင်၌ သေခြင်းကိုသာခွင့်ပြု၏။ အလေးချိန်နှင့် ညီမျှသောကြိုးကို သီးသန့်ကျစ်သည်။ ကိုယ်အလေးချိန်နှင့် ညီညွတ်သော သဲအိတ်ကို ကြိုးတွင်ချိတ်ဆွဲကာ ကြိုးစင်ဟုခေါ်သော စက်တိုက်၏ စက်ခလုတ် မောင်းတံတို့ကိုဆွဲ၍ အောက်ခင်းနင်းကြမ်း အံဖုံးကျနသေချာစွာ ပွင့်အောင်စစ်ဆေးသည်။ အရပ်အမောင်း အလေးချိန်နှင့် ညီညွတ်သော ကြိုးကွင်းကို လည်တွင်စွပ်ကာ ကြိုးပေးမည်ဖြစ်သည်။

သေဆုံးမည့်ရက်နှင့်နီးလေ ဖထီးမန်းဒါဝိတ်သည် ပို၍စိတ်လှုပ်ရှားလာလေ ဖြစ်သည်။ နောက်ဆုံး ဆောက်တည်ရာမဲ့ဖြစ်သော အနေအထား၌ 'သတ်ရင်လည်း အခုသတ်တော့၊ ဘာတွေစောင့်နေတာလဲ' ဟူ၍ ဟစ်အော်နေ၏။ စင်စစ်သေမည့် အရေးကိုကြောက်နေသည် မဟုတ်၊ မသေခင် ဖြတ်သန်းနေရသည့်အချိန်တွေ ရက်တွေကို ဖြတ်သန်းရသည်မှာ အခက်အခဲ ဖြစ်နေသည်။ ဦးမန်းဒါဝိတ်ကို စောင့်ကြပ်သူမှာ တပ်ကြပ်ဝါဒါ ညွှန့်ရွှေဖြစ်သည်။

'ဒီမှာ…ဦးမန်းဒါဝိတ် ကျွန်တော်ကြားဖူးတာပြောမယ်… လုပ်တော့ မလုပ်ဖူးဘူး…ခါးမတ်မတ်ထား တင်ပျဉ်ခွေထိုင်

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးမှိတ်ပြီး လေဝင်လိုက် ထွက်လိုက်ဖြစ်နေတာကို မှတ်ကြည့်ပါလား'

ဝါဒါတပ်ကြပ်ကြီးညွန့်ရွှေကပြောသော်..

'မှန်တယ် ဝါဒါဆာ ဂျင်ကြီး...အဲဒီအတိုင်း စမ်းကြည့်ဦးမယ်''

ဟု ဆိုကာ ထိုင်ကာ အသက်ရှူထုတ် ရှူသွင်းကိုပြုလေသည်။ ဖထီးမန်းဒါဝိတ်သည် ထိုင်လျက်သား ငြိမ်သက်သွားသည်။ ထောင်မှူးတို့က ဦးမန်းဒါဝိတ် အော်ဟစ်သံကိုမကြား၍ စိုးရိမ်တကြီးလာ ရောက်ကြည့်လေသော်..မျက်လုံးမှိတ်၍ ကမ္ဘဋ္ဌာန်းထိုင်နေသော ဦးမန်းဒါဝိတ်ကိုတွေ့၏။ ဦးမန်းဒါဝိတ်သည် နေ့ရောညရော မအိပ်တော့။ ကြိုးကျသူတို့စားသုံးသော ပေါင်မုန့်၊ နွားနို့၊ ကြက်ဥ၊ ကြက်ပေါင်၊ စွပ်ပြုတ်၊ ပဲဟင်းကိုလည်း ဟက်ဟက်ပက်ပက်မစားတော့။ တို့ကနန်း ဆိတ်ကနန်းသာစား၏။

'ဆာဂျင်ကြီးညွန့်ရွှေ ကျေးဇူးတင်တယ်။ ဒါဟာ ဗုဒ္ဓဘာသာတို့ရဲ့ ဝင်သက်ထွက်သက် နည်းပညာပဲဖြစ်မယ်။ ငါသေလို့ နောင်ဘဝလူ့ပြန်ဖြစ်ရင် တရားထိုင်တဲ့ ဗုဒ္ဓဘာသာတစ်ယောက်ဖြစ်လာလိမ့်မယ်'

ဟု ပြောကာ ပြုံးရွှင်ရယ်မောလေ၏။ ဤကား ကြိုးပေးရန် (၃)ရက်အလို...။ အချိန်တို့သည် တစ်စတစ်စနှင့် ကုန်ဆုံး၏။ ကြိုးစင်ရှေ့တွင် တရားသူကြီး သက်ဆိုင်ရာ ဆရာဝန်ကြီးများ၊ ရဲတပ်ဖွဲ့ဝင်များ နေရာချထား အသင့်ပြင်ပြီးဖြစ်သည်။ ဦးမန်းဒါဝိတ်အား ကြိုးပေးရန် တစ်ရက်အလို..။ ဟေး ဟား တအုန်း



အုန်း တဘုန်းဘုန်းနှင့် အခန်းအသီးသီးမှ ထွက်လာ၏။ ဝါဒါတပ်ကြပ်ကြီး ညွန့်ရွှေသည် အဘမန်းဒါဝိတ်ထံ ပြေးလာကာ...

'အခုပဲ(၈) နာရီသတင်းမှာ နိုင်ငံတော်က လွတ်ငြိမ်းချမ်းသာခွင့်ပေးတယ်...'

'ဟာ ဆာဂျင်ကြီး လာမနောက်နဲ့..'

'နောက်စရာလား...ဦးမန်းဒါဝိတ်ရယ်..ဒီလောက်တစ်ထောင်လုံးဆူနေတာ...'

လွတ်ငြိမ်းချမ်းသာခွင့်တွင် နိုင်ငံရေးအကျဉ်းသားတို့ကို ကွင်းလုံးကျွတ်လွှတ်သည်။ ကျန်အကျဉ်းသားများအား လျှော့ရက်ပေးသည်၊ ဦးမန်းဒါဝိတ်သည် ကြိုးပေးရန် တစ်ရက်အလိုတွင် လွတ်ငြိမ်းချမ်းသာခွင့် ရ၍ကြိုးပေးမည့်ရက်တွင် အိမ်သို့ပြန်ခဲ့ရဖူးသည်။ ဖထီးမန်းဒါဝိတ်သည် ထောင်တွင် သေဒဏ်မှ လက်တစ်လုံးခြား လွတ်မြောက်သောသူတို့၏ သမိုင်းတွင် နာမည်စာရင်းဝင်ခဲ့သူဖြစ်သည်။ (၈၈)အရေးအခင်းအပြီး ဦးမန်းဒါဝိတ် ထောင်သို့ ရောက်ရှိခဲ့သည်။ မဆလခေတ် ဗိုလ်ချုပ်နေဝင်းလက်ထက်၌ နိုင်ငံရေးအပြစ်ဒဏ်နှင့် ကြိုးပေးခံရဆဲတွင် လွတ်မြောက်ခဲ့သော ဖထီးဦးမန်းဒါဝိတ်သည် နဝတလက်ထက်တွင် ထောင်တွင် လွတ်မြောက်ခြင်းမရှိတော့ဘဲ ထောင်တွင်း၌ သေဆုံးခဲ့သည်။ ဤအကြောင်းအရာအား အလျဉ်းသင့်လျှင် ထပ်မံတင်ပြပါမည်။

www.burmeseclassic.com

www.burmeseclassic.com



## တန်းစီး

'ကိုယ်မွေးသောမျောက် ကိုယ့်ပြန်ခြောက်' ဟူသောစကားသည် ထောင်ပိုင်၊ ထောင်မှူး၊ ထောင်ဝန်ထမ်းတို့က တန်းစီးများအပေါ် ဆိုရစမြဲဖြစ်သည်။ အကျဉ်းထောင်၊ အကျဉ်းစခန်းအသီးသီးတွင် အပြစ်ဒဏ်ကျထောင်ကျတို့အား အောက်ခြေသိမ်း စီမံခန့်ခွဲမှုတို့ကို လူမိုက်အချင်းချင်း အုပ်ချုပ်စေသည်။ ဘောက်ဆင်း၊ အမြဲဆင်း၊ ဘာယာ၊ ဘုတ်ကိုင်၊ အခန်းလူကြီး တန်းစီးတို့သည် အုပ်ချုပ်အမိန့်ပေးခွင့်၊ ငေါက်ငမ်း၊ ဆဲဆို၊ ရိုက်ပုတ်၊ ထုထောင်း၊ ကန်ကြောက်၊ နင်းခြေခြင်းမှအစ ရေချိုးပိတ်ခြင်း၊ ဖားခုန်ခုန်စေခြင်း၊ ဆိုင်ကယ်စီးခြင်း၊ ဒိုက်ထိုးခြင်း၊ လေယာဉ်ပျံစီးခြင်း စသည့် အပြစ်ဒဏ်တို့ကို ပေးနိုင်သည့် အနေအထားရှိသည်။

'ဟိတ်ဆို·· ဟိတ်၊ တိတ်ဆို···တိတ်' ဆိုသော အရှိန်အဝါသြဇာကို ပိုင်ဆိုင်သည်။ တန်းစီးနေရာကို ရဖို့မလွယ်၊ မိုက်ဂုဏ်မောက်နိုင်ရုံသာမက လူမိုက်အချင်းချင်းက လေးစားရသော အခြေအနေအဆင့်ဆင့်ကို ရသည့်အပြင် ထောင်ဝန်ထမ်းများ၊ ထောင်မှူးလေးမှသည် ထောင်ပိုင်ကြီးအထိ ပလဲန်ပသင့်သူ ဖြစ်ရမည်။ ဆရာသမားများကို ကျေးဇူးသိတတ်၍ ကျွေးမွေးတတ်ရမည်။ ထောင်ကျတို့အား ချွတ်ခြုံလုပ်၍လည်းကောင်း၊ ဘောက်ချာတွဲ၍လည်းကောင်း၊ ဆရာသမားများကို ရှာဖွေကျွေးမွေးသည်။ လမ်းကြောင်းဖန်တီးပေးသည်။ ဆရာရင်း တပည့်ရင်းများအဖြစ် ရောက်ရှိကာ အပြန်အလှန် အကျိုးပြုကြကုန်သည်။ တန်းစီးနှင့် ထောင်မှူးထောင်ပိုင် 'ပလူးပလဲ' လုပ်လေ အောက်ခြေအကျဉ်းသားတို့ဒုက္ခရောက်လေ ဖြစ်သည်။



ထောင်ရှိ ရုံးလုပ်ငန်းများတွင်လည်း ထောင်ကျများကို စာရေး၊ စာချီခန့်၏။ လက်နှိပ်စက်စာရေး၊ သမဝါယမဆိုင်တာဝန်ခံ၊ လာဘ်စား၍ ထောင်ကျသော ရုံးအုပ်၊ စာရင်းလိမ်၍ ထောင်ကျသော ငွေစာရင်းလိမ်အရာရှိ စသဖြင့် ကျွမ်းကျင်သူစာရေးများကို ရုံးပိုင်းဆိုင်ရာလုပ်ငန်းများ လုပ်စေ၏။ ထောင်စာရေးများဟူ၍ ခေါ်၏။ ထိုထောင်စာရေးတို့သည်ကား စာရင်း၊ ဇယားနှင့် စာရွက်စာတမ်းတို့ကို လွှန့်စွာနိုင်နင်းသူများ ဖြစ်သည်။ ထောင်ကျရုံးအချုပ်ရုံး၊ တိုက်ရုံးမှအစ ရုံးအသီးသီးတို့မှ ထောင်မှူး၊ ထောင်ပိုင်တို့သည် အနင်းအနှိပ်ခံ၍ အာလာပ သလ္လာပပြောကာ သက်ဆိုင်ရာအကြီးအကဲလာမှ ဟိန်းလိုက် ဟောက်လိုက်၊ မာန်လိုက်၊ မောင်းလိုက်လုပ်ကာ ထောင်ကျရုံးစာရေးများ ပြင်ဆင်ထားသည့် အကြောင်းအရာအားလုံးအား ဘောပင်တံတွေးစွပ်၍ အသာအယာ လက်မှတ်ရေးထိုးရန်သာ ရှိသည်။

ထောင်မှူးအများစုသည် ဝဲစွဲနေသည်။ အကြောင်းရင်းသည်ကား ပြင်ပလောကတွင် 'မာဆပ်' ဟုခေါ်သော အနှိပ်ခန်းများ မပေါ်မီ ၁၉၈၉ ဝန်းကျင်တွင် ထောင်မှနှိပ်သော နှိပ်ကွက်တို့ကို နှိပ်နိုင်သူ ပြင်ပလောကတွင် ရှိဟန်မတူ။ ဆံပင်ဖျားမှသည် ခြေဖျားအထိ၊ အကြောအဆစ်မှန်သမျှကို ပိုင်ပိုင်နိုင်နိုင် နှိပ်နယ်နင်းချေပေးတတ်သော ထောင်ကျများရှိသည်။ ပြင်ပလောကတွင် မတွေ့နိုင်သော အဆွဲအခေါက်၊ အချိုးအလိမ်၊ အရိုက်အပင်း၊ အဖိအလျော့၊ ကြိတ်ဆွဲ၊ ပွတ်ဆွဲ၊ လှည့်ချေ၊ ဖိချေ၊ လက်မမှသည် လက်ချောင်းအသီးသီးတို့ကို ထိပ်ဖျားမှသည် လက်ဖနောင့်ထိက် ခေါက်စသည်တို့ကိုသုံးကာ အနှိပ်ခံရသူအပေါင်း တ[illegible]င်းဟင်း

www.burmeseclassic.com

www.burmeseclassic.com



…တဟဲဟဲနှင့် လွန်စွာဖိမ်ကျစေသော နှိပ်ကွက်များနှင့် နှိပ်နယ် ကျွမ်းကျင်သော ထောင်ကျများရှိသည်။ ကျွမ်းကျင်အနှိပ်သမား အများစုသည်ကား ဘ·စ များဖြစ်သည်။ ထောင်တွင် ဘိန်းစား၊ ဆေးသမား၊ မူးယစ်ဆေးဝါးနှင့် ထောင်ကျလာသူများကို ဘိန်းစား (ဘ·စ) ဟု ခေါ်သည်။ ဘိန်းစားများသည် ဘိန်းရှူပြီးသကာလ ဘိန်းစားတစ်ဦးနှင့်တစ်ဦး အပြန်အလှန်နှိပ်ကာ ဖိမ်ယစ်တတ်သည်။ ဘိန်းစားအနှိပ်သမားတို့ကို မီအောင်နှိပ်နိုင်သူ အတော့်ကိုရှားသည်။

ကွပ်ပျစ်ပေါ်တွင် အိပ်ရာလိပ်ကိုခင်း၍ တစ်နေ့လျှင် (၃)၊ (၄)နာရီ အနှိပ်ခံသော ထောင်မှူးတို့သည်ကား အနှိပ်သမားမရှိလျှင် စားမဝင် အိပ်မပျော်ဖြစ်၍ အနှင်းအနှိပ်ကို စွဲနေသူများရှိ၏။ အနှိပ် ဆရာများသည် ဘ·စ (ဘိန်းစား) များ ဖြစ်သည့်အားလျော်စွာ ခြေကြား၊ လက်ကြားမှအစ ဝဲများရှိ၏။ နှင်းခူများရှိ၏။ ထောင်မှူး များ ဝါဒါများကဲ့သို့ တစ်ကိုယ်ရေသန့်ရှင်းရေး နည်းပါးသော၊ ညစ်ပတ်သော ဝါဒါများကို ချွေးတရွှဲရွှဲနှင့်နှိပ်ရာမှ ဝဲ၊ ယားနာတို့ သည် ပွားလာဟန်ရှိ၏။ အနှိပ်ခံသော ထောင်မှူးတို့သည် ဝဲ၊ ယားနာတို့ စွဲကုန်၏။ ထောင်တွင်း၌ ဝဲ၊ ဒက်၊ ဂျွတ်၊ ပွေး၊ ယားနာ၊ နှင်းခူအစိုအခြောက် အစရှိသည့် အရေပြားရောဂါတို့သည် အဆန်းမဟုတ်၊ မြွေနှစ်ကောင်ဝဲဆေးမှသည် သံဘူးပြာ တရုတ် ဝဲဆေးအဆုံး အခန်းတိုင်း၌ရှိ၏။ ပွေးကိုင်းပင်များကိုလည်း စိုက်၍ ပွေးကိုင်းရွက်တို့ကို ခြေ၍ ခန္ဓာကိုယ်တွင် ပွတ်ခြေကြကုန်၏။ ဝဲစားထောင်မှူး၊ အကျင့်ပျက် ထောင်ကျ၊ ထောင်ကျစာရေး၊ လူလည်လူမိုက်၊ တန်းစီးဘုတ်ကိုင် အားလုံးတို့သည် ဆင်၊ မျောက်၊ ခါ သုံးဦးမိတ်ဖွဲ့နေသကဲ့သို့ ထောင်တွင် နေကြကုန်၏။



တန်းစီးနှင့် ထောင်ကျစာရေးတို့သည် တစ်ဦးနှင့်တစ်ဦး မတည့် လှ။ အုပ်ချုပ်မှုပိုင်းနှင့် စီမံခန့်ခွဲသော အမှုဆောင်အကြား ဖြစ်လေ့ ဖြစ်ထရှိသော ပြဿနာများ။

"ငါ ထိန်းထားလို့ ဒီကောင်တွေငြိမ်နေတာ… ဆရာတွေကို လည်း ခွင်ထိန်းထားတာ…"

ဤကား စိုးမြတ်ကဲ့သို့တန်းစီးများ ပြောလေ့ရှိသောစကား။ ကြိုက်တဲ့စာရင်းစစ်လာ၊ ငါတို့က audit တွေလောက်ကတော့ အသေးအမွှားပဲ။ စာရင်းဇယားတို့ကို ပိုင်နိုင်စွာကိုင်၍ ဆရာသမား တို့အား လုပ်ကျွေးသူကား သူတို့သာစင်စစ်ဖြစ်သည်ဟု ကြွေးကြော် သော မာမီဘွဲ့ခံ ကိုအောင်လှိုင်ကဲ့သို့သော ထောင်စာရင်းစစ် ဆရာသမားများကလည်း သူတို့သည်သာ မူလအရင်းအမြစ် ရှာဖွေ ကျွေးမွေးသည်ဟူသော ကြွေးကြော်သံနှင့် ထောင်ကျထောင်စာရေး နှင့် ပေါင်းမိက ထောင်မှူးတို့ သူဌေးဖြစ်သလို ထောင်ကျများ ဒုက္ခရောက်လေ့ရှိသည်။ ထောင်စာရေးတို့သည် စာရင်းဇယား၊ စာရေးကိရိယာတို့ကိုသာ ကိုင်တွယ်နိုင်သည်။ လူမိုက်ကို အုပ်ချုပ် နိုင်စွမ်းမရှိ၊ ထောင်တန်းစီးတို့သည်သာ လက်သီး၊ လက်ဝါးစောင်း၊ ဒူး၊ ခြေတို့ကို အသုံးပြု၍ ကာယကြမ်းတမ်းမှု၊ ရုန့်ရင်းကြမ်းတမ်းမှု ကိုသာ အသုံးပြုနိုင်သည်။ ရုံးလုပ်ငန်း၌ ကျွမ်းကျင်ခြင်းမရှိ။ ထောင်စာရေးတို့၏ စာရင်းကိုင်ကျွမ်းကျင်မှုနှင့် တန်းစီးတို့၏ လက်ဝါးစောင်းထက်မှုတို့ကို တပြိုင်နက်တည်း ရရှိထားသူသည် ကား တန်းစီးသားသား ဖြစ်သည်။

အရပ် (၆) ပေခန့် ထောင်ထောင်မောင်းမောင်း ဗလကောင်း ကောင်း၊ အသားဖြူ၍ ရုပ်ရည်သန့်ပြန့်သည်။ ဘွဲ့ရ[illegible]တ်ပညာ

www.burmeseclassic.com

www.burmeseclassic.com



တတ် တစ်ယောက်ဖြစ်သည်။ ကိုယ်ခံအတတ်ပညာကို လွန်စွာကျွမ်းကျင်တတ်မြောက်သည်။ ရန်ကုန်မြေနီကုန်း ကရာတေးကလပ်တစ်ခုမှ ခါးပတ်နက်ရထားသော ကရာတေးနည်းပြတစ်ဦးဖြစ်သည်။ အားကစားကို စနစ်တကျလိုက်စားထား၍ အုပ်ခဲအထပ်လိုက်ကို ထိုးခွဲနိုင်ခြင်း၊ လေတွင် အဆင့်ဆင့်ခုန်၍ ကန်ကြောက်ခြင်း၊ နောက်ပြန်ဘေးတိုက် ကန်ကြောက်ခြင်း၊ လက်သီး၊ လက်ဝါးစောင်းနှင့် ရိုက်ခုတ်ခြင်း၊ ခြေခွင်ဖြင့် ကန်ကြောက်ခြင်းနှင့် လက်ပြန်တစ်ချက်ရိုက်က ပေါင် (၁၈၀) ကျော် လူကြီးတစ်ဦးပင် ခွေခနဲကျနိုင်သည်။ ဆက်ဆံရေးသိမ်မွေ့သည်။

ထိုခေတ်ကာလက တက်သစ်စမင်းသား ရန်အောင်ကဲ့သို့တင့်တယ်ချောမောဏ်။ စီးပွားရေးတက္ကသိုလ်မှ B.Com ဘွဲ့ရထားရုံသာမက CPA ကိုလည်း ရထားသည်။ ရုံးပိုင်းဆိုင်ရာ၌ လွန်စွာကျွမ်းကျင်သည်။ အလွန်သွေးအေးသည်။ သွေးဆာသည်။ နှုတ်မှဆဲဆိုနေသူမဟုတ်။ ခန္ဓာကိုယ်ကို အပေါ်မြှောက်၍ နံရိုးတစ်ချောင်းချင်း ချိုးပစ်သူ ဖြစ်သည်။ ပြင်ပ၌ ကရာတေးကလပ်အချင်းချင်း ဂျေရူးဆွဲခြင်း၊ ပြိုင်ပွဲများတွင် တစ်ဖက်လူအား အကျိုးအကန်းဒုက္ခိတဖြစ်အောင် တိုက်ခိုက်၍ ထောင်သို့ မကြာခဏရောက်တတ်သည်။ လက်သီး၊ လက်ဝါးစောင်းတို့နှင့် ထုချေသတ်ဖြတ်ခြင်းအပေါ် လွန်စွာနှစ်သက်သည်။ လူသတ်မှုနှင့် ထောင်သို့ မကြာခဏရောက်ကာ ထောင်မင်းသားအဖြစ် ရရှိခဲ့သည်။ ဤကား ရွှေဒင်္ဂါးမင်းအောင်နှင့် အခန်းတူတူနေသော တန်းစီးသားသား၏ အကြောင်း ဖြစ်သည်။

□ □ □

## ရွှေဒင်္ဂါးနိဂုံး

ကောင်းကင်တစ်ခုလုံး မဲမှောင်နေသည်။ ခပ်ကြမ်းကြမ်းလေတို့ တိုက်ခတ်လာသည်။ စစ်ခွေးတိုက်ရောက် ထောင်ပြေးမင်းအောင်ကို အကြောင်းပြု၍ တန်းစီးများအကြောင်း ဝါဒါကျော်ဦးမှ ပြောနေစဉ် မိုးသည်းကြီးမဲကြီး ရွာလာ၏။ လေပြင်းနှင့်အတူ ထစ်ချုန်းသော မိုးကြိုးသံများသည် ကောင်းကင်ယံထက် လျှက်တပြက် လင်းလက်သော လျှပ်စီးအလင်းများ နောက်ကွယ်မှ ပေါ်ထွန်းလာ၏။

"ဟာ .. မိုးကလည်း ဂျူတီထွက်ကာနီးမှ သည်းနေပြန်ပြီ"

တိုက်ရှေ့နံရံနှင့်ကပ်လျက် သွပ်ပြားမိုးထားသည့် နေရာအောက်တွင် မိုးခိုရင်း တဖျစ်တောက်တောက် ပြောနေစဉ် တကျောင်းကျောင်းနှင့် သံချောင်းရိုက်အချက်ပေးသံများ ရုတ်တရက် ထိတ်လန့်စဖွယ် ထွက်ပေါ်လာ၏။ ထောင်ဗူးအထက်ရှိ ကင်းစောင့်မျှော်စင်တစ်ခုမှ တစ်ခုသို့ အချက်ပေးဟစ်အော်သံများ မိုးသံကြားမှ ထွင်းဖောက်ကြားရ၏။ မိန်းဂျေးမှ အရေးပေါ်အချက်ပေးသံများ ထွက်ပေါ်လာ၏။ ဂတ်ကြီးအထက်မှ ဥသြဆွဲ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ထောင်လှန့်တယ်၊ တလာစီ ရှာဖွေတဲ့ အချက်ပေးသံ မဟုတ်ဘူး"

ထောင်ပါး၀နေသော ဖထီးမန်းဒါဝိတ်မှ ပြော၏။

"ဟာ … ထောင်ထဲမှာတော့ တစ်ခုခု ပြဿနာဖြစ်နေပြီ"

ဟု ဝါဒါကိုကျော်ဦး၏ မှတ်ချက်မဆုံးမီပင် …

"ပုံစံ"

ဟု အော်သော အသံနှင့် အားလုံးငြိမ်ကျသွားသည်။ ထောင်လှန့်၍ ထုံးစံအတိုင်း လူရေတွက်ခြင်းဖြစ်သည်။ ထောင်တံခါးမဖွင့်ဘဲ 'အေးစေ' ဟု အော်ထား၏။

"ကိုကျော်ဦး တလာမစီတော့ဘူးလား"

"တလာမစီတော့ဘူး ရန်ကြီးရေ … တလာစီတာထက် ပိုဆိုးနေတယ်၊ ထောင်ထဲမှာ လူသတ်မှု ဖြစ်နေတယ်၊ ငါတောင် ဂျူတီမထွက်ရသေးဘူး"

"ဟာ ဘယ်မှာသတ်လို့လဲ"

"မသိပါဘူးကွာ … အကျဉ်းသားအချင်းချင်း ရိုက်သတ်လို့တဲ့ … သတင်းအတိအကျတော့ မသိသေးဘူး … တောက် … ဒီဗိုလ်ကြီးမြဝင်းရောက်လာမှ ထောင်မှာ ပြဿနာတစ်ခုပြီး တစ်ခု ဖြစ်နေတာ … သူနဲ့ ထောင်နဲ့ ဓာတ်မတည့်ဘူးထင်တယ်"

'တိုးတိုးပြောကိုယ့်ဆရာ‥ကြားသွားလို့ လက်မောင်းက အရစ်လေး ပြုတ်သွားဦးမယ်‥'

ရှေ့နေ ဦးနေမင်းမှ ဝင်ပြော၏။

ဗိုလ်ကြီးမြဝင်းသည် စစ်တပ်မှပြောင်းရွှေ့လာသူဖြစ်သည်။ ထောင်တွင် အထူးအရာရှိအဖြစ် အုပ်ချုပ်သည်။ ထောင်ပိုင်



ဦးဘိုကြည်မှအစ သူ့ကိုဦးစားပေး၍ နေရာပေးရသည်။ ဗိုလ်ကြီးမြဝင်းရောက်ရှိ၍ မိန့်ခွန်းခြွေဆဲ

'(၁)တိုက်တွင် ထောင်မှာအေးဆေးနေပါ…ထောင်ဆိုတာ အစိုးရက လွှတ်ပေးမှ လွှတ်မယ့်နေရာ ကိုယ့်ဘာသာ လွတ်လမ်းရှာရမယ့်နေရာမဟုတ်ဘူး…'

စသဖြင့် မိန့်ခွန်းခြွေပြီး နောက်တစ်နေ့ ပုဇွန်တောင် ကိုမြင့်အောင် လွတ်သွားသည်။ ထောင်တွင်း စည်းကမ်းကြပ်မတ်ရာတွင်လည်း အခန်းတွင်း အချင်းချင်းသတ်ဖြတ်မှုပေါ်ပြန်သည်။ ထိုသို့ဖြစ်ရပ်များသည် ထူးခြားဖြစ်ရပ်ပေတည်း။ ဝါဒါ ဘုကျော်ဦး စကားလုံးဝမပြောတော့ ရှေ့ကွပ်ပစ်ပေါ်တွင် တင်ပျဉ်ခွေထိုင်ကာ တရှူးရှူး တရှဲရှဲအသက်ရှူ၏။

"အောင်မာ အဲဒါဘာလုပ်နေတာလဲ…"

'ရန်ကြီး' ဟု အများတကာကခေါ်သော ဗကသခေါင်းဆောင် ရန်မျိုးသိမ်းက မေးလေသော် …

"အဘ မန်းဒါဝိတ်လို တရားထိုင်နေတာ … သူက ဒီလိုတရားထိုင်လို့ သေဒဏ်ကလွတ်တာ … ငါ ဒီလိုထိုင်ရင် ဂျူတီကနေ အိမ်ပြန်ရမလားလို့ ထိုင်နေတာ"

မန်းဒါဝိတ်သည် သေဒဏ်မှ လွတ်မြောက်ပြီးနောက်ပိုင်း ဘဝသစ်စကာ သူ့နှုတ်စကားအတိုင်း ဗုဒ္ဓဘာသာကမ္မဋ္ဌာန်းထိုင်သည်။ လက်လှမ်းမီသလောက် အပေါင်းအသင်း မိတ်ဆွေများကို တရားထိုင်နည်း သင်ပေး၏။

"အဘမန်းက တရားထိုင်တာ မင်းအောင်ကို သင်ပေးရမှာ … ဒါမှ ဒီကောင် လွတ်ကြောင်ကြောင်တာ ပျောက်သွားမှာ"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေသော် အားလုံးက ရယ်မောကြကုန်၏။

သည်းကြီးမဲကြီးရွာသွန်းနေသော မိုးသည် ရုတ်ချည်းရပ်တန့်သွားသည်။ အရေးပေါ်အချက်ပေး သံချောင်းခေါက်သံများလည်း မကြားရတော့။

'ပုံစံ' ထိုင်ထားမယ်'

ဟူသော အသံတို့ကိုလည်း ဟိုမှဒီမှ ခပ်သဲ့သဲ့ကြားနေရ၏။ သုတ်တီးသုတ်ပြာနှင့် ဝါဒါခင်မောင်အေး (၁) တိုက်အတွင်းသို့ ဝင်လာကာ

"ဘုကျော်ဦး ... လာဦး ... စစ်ခွေးတိုက်မှာ ပြဿနာ တက်နေတယ် ... ရွှေဒင်္ဂါးမင်းအောင်ကို ရိုက်သတ်လို့ သွေးအိုင်ထဲမှာ သေနေလို့တဲ့"

ဟူသော အသံသဲ့သဲ့ကို ကြားလေသော် ...

"ဘာ ... မင်းအောင် ဘာဖြစ်တာလဲ"

"မင်းအောင် အသတ်ခံရတယ် ဟုတ်လား"

ရွှေဒင်္ဂါး လျော့ခံရတယ်ဟူသော အာမေဍိတ်အသံများ (၁) တိုက် အခန်းအသီးသီးမှ ထွက်ပေါ်လာ၏။

"ဖက်တီး ... မင်းအောင် အသတ်ခံရတယ်ဟုတ်လား"

ဟူ၍ စံ-ဇာဏီဘိုက မေးလေသော် ...

"ဟုတ်တယ် ကိုဇာကြီး ... ဒီကောင် အသတ်ခံရလို့ ထောင်လှုန့်တာ"

"ဟာ ... စိတ်မကောင်းစရာပဲကွာ ... ဘယ်လိုဖြစ်တာလဲ"

BURMESE CLASSIC .com



ဟူ၍ စိတ်မကောင်းခြင်းနှင့် အံ့သြခြင်းတို့ပေါင်းစပ်၍ (၁) အခန်းမှ ကိုအောင်ဒင်က မေး၏။

"ရွှေဒင်္ဂါမင်းအောင် သေတဲ့ကိစ္စ စိတ်မကောင်းစရာဘဲ"

အဘမန်းဒါဝိတ်မှ ကရင်သံဝဲဝဲနှင့် တစ်လုံးချင်း ယူကြုံးမရစွာ ပြော၏။

"တောက် ..."

ဟူသော တောက်ခေါက်သံသည် ရန်မျိုးသိမ်းထံမှ ထွက်လာသည်။

"မင်းအောင်ကို ဘယ်သူက သတ်တာလဲ"

ဟူ၍တစ်ဆက်တည်း မေးလေ၏။

"တန်းစီး သားသားက ရိုက်သတ်တာ"

ဝါဒါခင်မောင်အေး၏ အဖြေကို ကြားလေသော် ...

"အေးကွာ ... စိတ်မကောင်းစရာဘဲ လွတ်ခါနီးမှ ..."

ဤကား ဘကြီးအောင်ဟု အများကခေါ်သော ဦးအောင်လွင်၏ မှတ်ချက်။ အဆိုတော် လွမ်းမိုး၏ 'မိုးစက်တင်လေ' ဟူသော သီချင်းအား ညင်းပြောင်းသာယာစွာနှင့် နားထောင်သူအပေါင်း၏ ရင်ကို လှိုက်မောရှိုက်ငင်ရန်အထိ အဆိုကောင်းသော ရွှေဒင်္ဂါး မင်းအောင်သည် စက်တင်ဘာလ မိုးစက်များအကြား သေဆုံးရလေပြီတည်း ...။

"ဒီကောင်လွတ်ဖို့ ရက်ပိုင်းပဲ လိုတော့တာ ... အေးအေး နေလိုက်ရင်ပြီးရော မိုက်လိုက်တာ ..."

ငိုသံပါပါနှင့် ရန်ကြီးက ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



ဆေးကျောင်းသား ဗကသ ခေါင်းဆောင် ရန်မျိုးသိန်းသည် ပန်းစိုက်သူ မင်းအောင်နှင့် လွန်စွာ ခင်သည်။ မင်းအောင်ပေါင်၌ သက်တန့်အနာပေါက်ဖြစ်သည်ကို ရန်မျိုးသိန်းက ကုသပေးခဲ့သည်။ မင်းအောင်က ကိုရန်ကြီးဟု တရိုတသေခေါ်သည်။ ကြိုးစင်ရှိရာဝင်းနှင့်တကွ တိုက်ဝင်းအတွင်း၌ လှပစွာ ပွင့်ဖူးနေသောပန်းတို့သည် ဥယျာဉ်မှူး ရွှေဒင်္ဂါးမင်းအောင်မှ စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးနှင့် ထောင်ကျလာသော မင်းအောင်အား ရွှေဒင်္ဂါးမင်းအောင်ဟုခေါ်သည်။ ပျိုးပင်များရောင်းချခြင်းနှင့် အသက်မွေးသူဖြစ်သည်။ ထောင်မှ လွတ်ရက်နီး၍ ထောင်နံရံပြင်ဘက်သို့ အလုပ်ဆင်းရန်သွားစဉ် လွတ်ရက်ကိုပင် မစောင့်နိုင်တော့ဘဲ ထောင်မှထွက်ပြေးရာ ကျားရှေ့မှောက်လျက်လဲဆိုသလို ဖမ်းမိကာ ထောင်ဖောက်ပြေးသူတို့အား အပြစ်ဒဏ်ပေးမှုနှင့်အညီ ရိုက်နှက်ထုထောင်း ခြေချင်းတပ် ဒေါက်ခတ်၍ စစ်ခွေးတိုက်တွင် တိုက်ပိတ်အပြစ်ပေးသည်။ စစ်ခွေးတိုက်တွင် (၄၅) ရက်နေပြီးက ထောင်မှလွတ်ပေးမည့်ရက်သို့ ရောက်ခါနီးမှ ဤသို့အသတ်ခံရခြင်း ဖြစ်သည်။

ရုပ်ရှင်မင်းသားကြီး ဦးအောင်လွင်က

"ဟေ့ကောင် ဖက်တီး … မင်း စစ်ခွေးတိုက်က ပြန်လာတာလား … ဘယ်လိုဖြစ်တာလဲ သေချာပြောပြစမ်းပါဦး…"

"သနားစရာပါဗျာ‥ခေါင်းကကြေတယ်‥ မျက်နှာကဖော်လို့မရဘူး‥ဦးနှောက်တွေလဲထွက်ကျလို့…သွေးတွေက (၂)ခန်း၊ (၃)ခန်းဘက်တောင် စီးနေတာ…သူက (၁) ခန်းမှ သတ်ခံရတာ



အလောင်းကိုထုတ်တော့ လက်ထဲမှာ ပလပ်စတစ် ပုတီးတစ်ကုံးကိုင်ထားတယ်…'

'ပုတီးလုံး (၂၇)လုံးနဲ့မဟုတ်လား…'

'ဟေး ရန်ကြီး…မင်းဘယ်လိုသိလဲ…(၉)လုံးပုတီး (၁၀၈) လုံး ပုတီးပဲရှိတာ…(၂၇)လုံး ပုတီးတဲ့"

'ဟာ သိတာပေါ့…အဲဒါ ကျွန်တော်သူ့ကိုပေးထားတာ…'

'ဟာ မင်းအောင်ရာ ငါစိတ်မကောင်းလိုက်တာ…'

'ပုတီးစိပ်တုန်း ထုသတ်တယ် ပြောတယ်‥'

'ဟာ…မိုက်ရိုင်းတယ်…ဘယ်သူလဲ‥'

(၁) ခန်းမှ ကိုအောင်ဒင်က မေး၏။

'တန်းစီး သားသားပေါ့…ရိုက်သတ်တာ…တစ်ခန်းတည်း (၂)ယောက်ထားတာ…'

'ရန်ဖြစ်လို့ ရိုက်သတ်တာလား'

'မဟုတ်ဘူး… ထောင်ပိုင်နဲ့တွေ့ဖို့ခွင့်တောင်းတာ… ထောင်ပိုင်က မတွေ့တော့… ထောင်ပိုင်တွေ့ချင်ရင် တစ်ခုတော့ရင်းရမှာပေါ့လို့…ဆိုပြီး‥မင်းအောင်ကို ရိုက်သတ်ပြီး ထောင်ပိုင်နဲ့တွေ့တာ…ဗန္ဓုလမောင်ရစ် တံတောင်နဲ့ထောင်းပြီး လူသိအောင်လုပ်သလို…လူသတ်ပြီး ထောင်မှူးနဲ့တွေ့တာ‥'

'ဒီကောင် တော်တော်မိုက်ရိုင်းတာပဲ‥'

ထောင်ကျသူတို့သည် မိုက်သည်က မဆန်း၊ ရိုင်းသည်က မဆန်း…မိုက်ရိုင်းသည်ကား အော့နှလုံးနာဖွယ်တည်း။

'ပြောစမ်းပါဦး ကိုခင်မောင်အေးရာ‥'

www.burmeseclassic.com

www.burmeseclassic.com



ရန်ကြီးကမေးလေသော် ဖက်တီးခင်မောင်အေးက… ပြောသည်မှာ…။

“သားသားရဲ့ နာမည်ရင်းကို ဘယ်သူမှမခေါ်ဘူး။ ကိုသားသားပဲခေါ်တာ၊ မီဘတွေက တတ်နိုင်တော့ ရဲဘက်နဲ့အပြင်ဘက်မှာ သွားနေတာ၊ ရဲဘက်မှာသူပဲစာရေး၊ သူပဲတန်းစီး၊ ထောင်မှူးတွေကို သူပဲ လုပ်ကျွေးနေတာ။

“ဒါဆိုသူက ဘာလို့စစ်ခွေးတိုက်ရောက်တာလဲ…”

“အဲဒါပေါ့ ထောင်ပိုင်ကိုကျော်ပြီး ထောင်မှူးကို လက်သီးနဲ့ ထိုးလို့ ထောင်ထဲရောက်တယ်”

“ဟာ…ကြမ်းလှချည်လား..”

ဤကား စပ်စုလှသော ဘကြီးအောင်၏ အသံ…။

ဖက်တီးခင်မောင်အေးမှ စိတ်ရှည်လက်ရှည် ရှင်းပြလေ၏။

“ရဲဘက်မှာ သူ့ခြေသူ့လက်ချည်းပဲ..ဝါဒါမပြောနဲ့.. တစ်ပွင့်လောက်ရှိရင်တောင် သူခိုင်းတာလုပ်ပေးနေရတာ..

“ဘယ်နှယ့်လုပ်ပြီး ဒီလူမိုက်နဲ့ မင်းအောင်နဲ့ တူတူထားရတာလဲ..”

“ရောက်ရောက်ချင်းတော့ ဒေါက်ခြေချင်းနဲ့အခန်းထဲမှာ.. သက်သက်ပို့ထားတာ..စစ်ခွေးက ဆရာတွေကလည်း သူနဲ့မကင်းဘူးလေ။ သူ့ကိုဖြုတ်တာပေါ့။ နောက်ဆုံးသူ့ကြောင့် စည်းကမ်းတွေ ပျက်ပြီး ဖရိုဖရဲတွေ ဖြစ်ကုန်ရတာပဲ။ ဒါနဲ့မင်းအောင်ကို သူ့အခန်းထဲရွှေ့တာ (၂)ရက်ပဲရှိသေးတယ်…”

‘ကိုးတံခါးနှင့် ဒီအင်းစိန်ထောင်က အဝင်လွယ်တယ်… အထွက်ခက်တယ်…ထောင်ထဲက ထွက်ရမယ့်သူဆိုလည်း ပုဇွန်



တောင် ကိုမြင့်အောင်တို့လို လမ်းပြပြီး ခေါ်ထုတ်မယ့်သူကအသင့်။ သေမယ့်သူကျပြန်တော့လည်း ထောင်ကလွတ်ခါနီးမှ သေရတယ်။ ထွက်ပြေးလိုက် အဖမ်းခံရလိုက်နဲ့…လွတ်ခါနီးရက်စေ့ခါနီးမှ အခုလိုသေလိုက်ပေါ့ကွာ…’

ဤကား ဖထီးမန်းဒါဝိတ်မှပြောသော စကားဖြစ်သည်။

“မင်းအောင်က ထောင်ထဲမှာ သေဖို့ရောက်လာတာပဲ”

ဟူ၍ ရှေ့နေဦးနေမင်းက မှတ်ချက်ချ၏။

‘ကိုဇာကြီး မင်းအောင်ရဲ့ဇာတာက ထောင်ထဲမှာ သေဖို့ ဇာတာပါတာလား…’

ဆေးကျောင်းသား ရန်မျိုးသိန်း၏အမေးအား စံ-ဇာဏီဘို မဖြေနိုင်။ လူတစ်ဦးတစ်ယောက် မည်သူတစ်ဦးတစ်ယောက် မည်သည့်နေရာတွင် သေမည်ကို ဟောဆိုနိုင်စွမ်း သူ့ထံတွင် မရှိ။

“ကိုယ် ထောင်ထဲဝင်တာ (၃)ခါရှိပြီ…ဒီတစ်ခါပဲ ဒီလို အတွေ့အကြုံကို တွေ့ဖူးတာ … အေးကွာ…သူ့ရဲ့အကြောင်းကို မှတ်ထားပြီး.. ဒီကိန်း ဒီလက္ခဏာပါရင်…ထောင်ထဲမှာ သေမယ် လို့ပဲ ဟောရမှာပေါ့ ရန်ကြီးရာ…”


ချမ်းမြေ့မေတ္တာ တုန့်ပြန်ပါသည်။

စံ-ဇာဏီဘို

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




# ထောင်ပြေး မင်းအောင်
နှင့်
# ကိုးတံခါးလူရှင်သင်္ချိုင်း

စံ-ဇာဏီဘို

www.burmeseclassic.com